www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၁၄၉၂၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၆၄၀၁၁၂

● ထုတ်ဝေသူ ♦ ဦးမောင်မောင်မြင့်အေး(လာဘ်မိုးဈေးစာပေ)
၂၀၅(က)၊ ပိတောက် (၅)လမ်း၊
မြို့သစ် (၈)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ မတ်လ။
အုပ်ရေ ♦ ၅၀၀ အုပ်
တန်ဖိုး ♦ ၁၀၀ ကျပ်
ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764, 095089894

'ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း' (CIP)

၈၉၅.၈၃
သင်မြတ်နိုး
ပန်းရိုင်းတို့ရဲ့ အလင်္ကာသစ်/ သင်မြတ်နိုး ။- ရန်ကုန် ။
လာဘ်မိုးဈေးစာပေ၊ ၂၀၁၂။
(၂၅၆) စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ပန်းရိုင်းတို့ရဲ့ အလင်္ကာသစ်


BURMESE CLASSIC

## အခန်း(၁)

အရပ်အမောင်း - ၅ ပေ၊ ၆ လက်မ

ရင် - ၃၂ လက်မ

ခါး - ၂၄ လက်မ

တင် - ၃၆ လက်မ ရှိမည်ထင်သည်။

အားပါး...ဖွင့်သော၊ ကျဉ်းသော၊ တင်းရင်းလုံးဝန်းသော ...းကလေးတစ်ယောက်၊ ဖြူဝင်းအိမ့်ညို့ နုနုထွတ်ထွတ်၊ နှုတ်ခမ်းထူထူ ...်းအမ်း ပန်းသွေးရောင်ကသဘာဝအတိုင်း၊ မျက်တောင်ကော့တွေကို ...တ်ဖျတ်ခါ ပုတ်ခတ်ရင်း ဖန်နေဝန်းလိရဲ့ ရှေ့မှာ ရပ်နေသည်။ ...ူမရဲ့ကိုယ်လုံးအတိုင်းအတွာကို သိလိုက်ဘာ သူမကိုယ်ရေးရာဇဝင် ...ာ ဖြည့်ထားလို့။ သူမက သူ့ရဲ့အတွင်းရေးမှူးမလေးအဖြစ် အလုပ် ...ာရောက်လျှောက်ထားခြင်း ဖြစ်၏။ အလုပ်အင်တာဗျူးမေးနေစရာ ...လိုဘဲ ခန့်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းနာမည်'

'နုနုထွဋ်'

'ငယ်နာမည်က ထွဋ်ထွဋ်လား'

'ဟုတ်'

'ထိုင်'

'ဟုတ်'

'ကိုယ့်နာမည် ဖန်နေဝန်းလ်ပါ'

'ဟုတ်'

ဟုတ်ဟုဖြေလိုက်တဲ့ အသံလေးက ဖန်နေဝန်းလ်ရဲ့ ရင်ထဲသို့ အေးစိမ့်နေတဲ့စမ်းချောင်းလေးတစ်ခု စီးဆင်းတိုးသွားသလိုပင် ပညာအရည်အချင်းက အတွင်းရေးမှူးမလေးဖြစ်ထိုက်တဲ့ E Maijon နောက်ထပ် Chinese ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်သည်။

ဘာလိုသေးလဲ။

တန်းပြီးတော့င် ခန့်နိုင်ပေမယ့်လည်း ဖန်နေဝန်းလ်က အိုက်တင်ခံပစ်၏။ ကောင်မလေးအား စိတ်မဝင်စားသလိုလို၊ သူ့အတွက်ကတော့ အလိုအပ်ဆုံးအစွမ်းအစရှိသူပါပဲ။ ကောင်မလေးကို အသေအချာကြည့်သည်။

'ကိုယ်ဘယ်သူလဲဆိုတာ မင်းသိလား နုနုထွဋ်'





'ဟုတ်၊ သိပါတယ်။ Tun Thit Sa Company ရဲ့ MD ဦးဖန်နေဝန်းလ်ပါ'

ဒီကောင်မလေး Speaking ကောင်းသားပဲ။ လေယူလေသိမ်းကအစ။ အဆင့်မြင့်မြင့်မိန်းမချောလေးတွေ မြောက်မြားစွာနဲ့ တွေ့ဆုံပတ်သက်လာခဲ့ဖူးတဲ့ ဖန်နေဝန်းလ်တောင် မျက်တောင်မခတ် ငေးမော မကြည့်မိအောင် ထိန်းချုပ်ထားရသည်။

'နုနုထွဋ်'

'အမိန့်ရှိပါရှင်'

ချိုအိအိအသံလေး၊ ခါးလေးကို ကိုင်းညွတ်ရင်း သူ့ကို အရိုအသေပေးသည်။

'ကိုယ်က အတွင်းရေးမှူး အရေးတကြီးလိုအပ်နေတာဆိုတော့ မင်းကို အလုပ်ခန့်အပ်လိုက်ပြီ။ မင်းက နယ်ကနေလာတာဆိုတော့ မင်းအတွက် တိုက်ခန်းတစ်ခန်း သီးသန့်စီစဉ်ပေးမယ်။ ကားတစ်စီးပေးမယ်။ Hand Phone တစ်လုံးပေးမယ်။ မင်း ကားမောင်းတတ်တယ်နော်'

'ဟုတ်၊ ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါတယ် MD'

'အိုကေ'

ပြုံးယောင်သန်းနေသော ပန်းသွေးရောင်နှုတ်ခမ်းလေးကို ဝန်းလ် အမှတ်မထင်ကြည့်မိသွားပြီး လည်ချောင်းအဝမှာပင် တံတွေး



www.burmeseclassic.com

www.burmeseclassic.com



သီးသွား၍ ကလုဟုပင် ပြန်မျိုချရသည်။ မင်းအရမ်းချောတယ် နုနုထွဋ်။

နာမည်နှင့်လည်း လိုက်တယ်။ မျက်တောင်ကော့ညွှတ်ညွှတ်တွေ ဝိုင်းရံထားတဲ့ မျက်ဝန်းတွေကတော့ မာနတွေက အပြည့်နှင့်မို့ မာတင်းသယောင်ယောင်။ ဖန်နေဝန်းလ်ရဲ့ အတွင်းရေးမှူးမလေး အဖြစ် ထိုက်ဆုံးပဲ။

'ဖန်နေဝန်းလ် မောင်ရင့်အခန်းထဲမှာ မိုးပေါ်ကနေ ပြုတ်ကျလာတဲ့ နတ်မိမယ်လေးတစ်ယောက် ရှိနေတယ်ဆိုတာနဲ့ ကိုယ် ခွင့်မတောင်းဘဲ ဝင်လာမိတယ်ကွာ'

ဒီကောင် ထက်ရှိုင်း မိန်းမချောလေးဆိုရင် အငမ်းမရ။ သူ့ Body Guard ဂျိမ်းစ်ဘွန်းလည်း မတားနိုင်။ သူ့အခန်းထဲ တားဆီးလို့မရအောင် ယဉ်ကျေးမှုမရှိ ဝင်ထွက်ပြောဆိုနေတတ်တဲ့ကောင်ပဲ။ နုနုထွဋ် အနား တိုးကပ်သွားသဖြင့် ဝန်းလ်ပင် အထိတ်တလန့် တားဆီးပိတ်ပင်ဖို့ အချိန်မရလိုက်။ နုနုထွဋ်ပခုံးလေးကို ထိကိုင်လိုက်တာ တွေ့လိုက်ရသည်။

'ဝုန်း'

'အား…ကျွတ်…ကျွတ်…အား…၊ မင်း…မင်း၊ ဘယ်လိုလုပ်လိုက်တာလဲ ကောင်မလေး၊ အား…'

မထင်မှတ်ဘဲ နုနုထွဋ်က မတ်တတ်ရပ်လိုက်ပြီး ထက်ရှိုင်း





လက်နှစ်ဖက်အား ဆွဲယူကိုင်ပေါက်ပစ်လိုက်သည်။ တော်တော်လေး အထိနာသွားသလို ထက်ရှိုင်း ရုတ်တရက်ပြန်မထနိုင်။ မျက်နှာကြီး ရှုံ့မဲ့ကာ တကျွတ်ကျွတ်၊ နုနုထွဋ်ကတော့ ဟန်မပျက်ပြန်ထိုင်၏။

ဝန်းလ်တောင် ဘာဆက်လုပ်ရမှန်း မသိ။ အေးစက်ဝင်းလက်တဲ့ မျက်ဝန်းအစုံက နည်းနည်းကလေးမှ အားနာရမှန်း၊ ချောင်တရကောင်းမှန်း မရှိ။ နှုတ်ခမ်းလေးက တင်းတင်းစေ့စေ့၊ ဝန်းက ထက်ရှိုင်းကို ထူမပေးရသည်။

'မင်း…မင်း၊ ဘာလုပ်တာလဲ၊ အား…ကျွတ်…ကျွတ်'

'ဆောရီးပဲ၊ ထွဋ်ခွင့်မပြုဘဲ ထွဋ်ပခုံးကိုလာထိရင် အသည်းယားပြီး ကိုင်ပေါက်ပစ်တတ်တယ်၊ ထွဋ်ကို Gentleman ဆန်ဆန်ပြုမူဆက်ဆံပေးပါ'

'ဟုတ်သားပဲ၊ မင်းကလည်း။ ဘယ်လိုလဲ၊ အီစလန်ဝေသွားပြီမဟုတ်လား။ လေးစားမိပါတယ် နုနုထွဋ်။ မင်းက ကိုယ့်အန္တရာယ်အတွက်လည်း ကာကွယ်နိုင်တာပဲ'

Jeans Pan အဖြူရောင်ဆွတ်ဆွတ်ကြောင့် ပေါင်တံအလှကို ဆင်းနေသော နုနုထွဋ်၊ အသားကပ်နေသည့် စပို့ရှပ်က အနက်ရောင်။ နုနုဖတ်ဖတ် မဟုတ်။ ကြမ်းကြမ်းတမ်းတမ်း။ ထက်ရှိုင်းခါးနာလွန်း၍ ရှုံ့တွတွ၊ တပည့်ကျော် တွမ်တီးကို လှမ်းခေါ်ပြီး ထက်ရှိုင်းအား တွဲထုတ်ခိုင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



'နုနုထွဋ်၊ ကောင်းတယ်၊ မင်းအရမ်းတော်တယ်။ ကိုယ့်အတွင်းရေးမှူးမလေးတော့ နာမည်ကြီးပြီ။ ဒီကောင်က ပိုက်ဆံချမ်းသာတယ်ဆိုပြီး ရမ်းချင်တယ်။ ပြောလို့မရဘူး'

'ထွဋ်က ယောင်တတ်တာပါ၊ ကိုယ့်အသားကို လာထိရင်လေ'

'အမလေး… နုနုထွဋ်ရယ်၊ ဒုက္ခပါပဲကွာ။ ကိုယ်နဲ့က အမြဲတမ်း တွဲသွားတွဲလာရမှာလေ။ မင်းအသားကိုထိမိရင် ကိုင်ပေါက်ခံရတော့မှာပဲ'

'စောစောကလူမျိုးမှပါ'

ဘယ်လိုလူလဲ၊ မိန်းကလေးတွေကို သူလုပ်ချင်သလို လုပ်လို့ရမလား။ နုနုထွဋ်ကိုတော့ လာမထိနဲ့နော်၊ မီးပွင့်သွားမယ်။

အမြင်ကတ်လိုက်တာ။ ကိုဖန်နေဝန်းလ်ရဲ့သူငယ်ချင်းတဲ့။ အလုပ်မခန့်ရင်လည်း နေတော့။

MD ကိုဖန်နေဝန်းလ်ကတော့ တည်ကြည်သူပါ။ မိန်းမချောလေးတစ်ယောက်ကို ငမ်းချင်တာတောင် ဣန္ဒြေသိက္ခာနှင့်။ ထွဋ်က မြင်သူငေးယူရလောက်အောင် ချောသူ။

ထွဋ်ချဉ်းကပ်လိုတာက ကိုဖန် နေဝန်းလ်မဟုတ်။ MD ရဲ့မိသားစုဝင်တွေထဲကိုပါ။ လောလောဆယ် MD ကိုဖန်နေဝန်းရဲ့ အတွင်းရေးမှူးမလေးနေရာ လစ်လပ်နေ၍ ဝင်လျှောက်မြင်းပါ။





'MD ကို တစ်ခုလောက် တောင်းဆိုပါရစေ'

'တောင်းဆိုပါ'

'ထွဋ်လေ၊ တိုက်ခန်းနဲ့ မနေချင်ပါဘူး။ MD တစ်ယောက်တည်းလည်း ဖြစ်နေပါတယ်။ MD တို့ခြံထဲက အစေခံတန်းလျားမှာပဲ ဖြစ်ဖြစ် နေထိုင်ခွင့်ပြုပါ။ ထွဋ်က နယ်ဘက်ကဆိုတော့ လုံခြုံစိတ်ချမှုအတွက် လိုအပ်ပါတယ်'

'ဘာလဲ နုနုထွဋ်၊ မင်းက ကိုယ့်ကို မယုံတာလား။ တိုက်ခန်းရော၊ ကားရော ပေးလို့'

'မဟုတ်ပါဘူး MD၊ ထွဋ်နေချင်တာပါ'

နုနုထွဋ်၊ မလွယ်တဲ့ကောင်မလေး။ ကိုယ်ခံပညာတွေ တတ်မြောက်ထားပေမယ့်လည်း ချောမောနုထွတ်နေတဲ့ ကောင်မလေးမို့ တိုက်ခန်းတစ်ခန်းမှာ တစ်ယောက်တည်းနေဖို့ မသင့်တော်။

ဝန်းလ်ကလည်း နုနုထွဋ်များ လွတ်လွတ်လပ်လပ် နေထိုင်ချင်မလားလို့ပါ။ သူ့ကို ဒီကောင်မလေး တစ်မျိုးတစ်မည် ထင်သွားပြီလားပဲ။

မဖွယ်မရာ ကြံစည်ချင်လို့ တိုက်ခန်းတစ်ခန်း စီစဉ်ပေးနေတာဟု အထင်မခံနိုင်။

သူ ရှင်းလင်းပြဖို့ကလည်း ဒီကောင်မလေးက သူ့အတွင်းရေးမှူးမလေး။ မင်း ထင်ချင်သလိုထင်။ မင်းအခက်အခဲဖြစ်မှာနော်။

www.burmeseclassic.com



သူမက သိပ်လွတ်လွတ်လပ်လပ်ကြီး မနေချင်ပါဘူးတဲ့။ မလွယ်တဲ့ နုနုထွဋ်။

'ကောင်းပြီလေ၊ မင်းဆန္ဒပဲ နုနုထွဋ်။ မနက်ဖြန် မင်းပြောင်းလာခဲ့လို့ရပြီ။ မင်းအသုံးပြုဖို့ လိုအပ်တဲ့ Hand Phone ကိုတော့ ကိုယ့်လက်ထောက် ဂျိမ်းစ်ဘွန်းက စီစဉ်ပေးလိမ့်မယ်'

ဦးဖန်နေဝန်းရဲ့လက်ထောက်က ဂျိမ်းစ်ဘွန်းဆိုပါလား။ အဆင့်က မြင့်တယ်။ ဂျိမ်းစ်ဘွန်းရဲ့ဆရာဆိုတော့လည်း ကျော်စိမ့်စရာ။ ဒါကြောင့်လည်း နုနုထွဋ်က ကိုယ်ခံပညာသင်ခဲ့တာ။

ဦးဖန်နေဝန်းလ်ရဲ့ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရဖို့ နုနုထွဋ် ကြိုတင်ကြံစည်ခဲ့ရတာပါ။

သူမ ထိုင်ရာမှ ထသည်။

'ကျွန်မကို ခွင့်ပြုပါဦး MD။ ပစ္စည်းတွေ သူငယ်ချင်းအိမ်ကနေ သိမ်းရမယ်။ မနက်ဖြန်ပဲ ပြောင်းခဲ့ချင်ပါတယ်'

'နုနုထွဋ်'

'အမိန့်ရှိပါ MD'

'မင်းလိုအပ်တာတွေဝယ်ဖို့ ပိုက်ဆံထုတ်နိုင်တယ်'

'မလိုပါဘူး MD'

'ပြီးရော'

နုနုထွဋ် ထသွားသည်။ ဖန်နေဝန်းလ်ပင် ငေးမောကြည့်ပြီး





မှင်တက်မိသွားရတဲ့ နုနုထွဋ်ရဲ့ ခန္ဓာကိုယ်နောက်ပိုင်း၊ ရင်တုန်လှိုက်ဖိုအလှတွေ၊ ကားစွင့်တဲ့တင်က ဒေါက်မြင့်ဖိနပ်ကြောင့် ပင့်တင်ထားသလိုပင်။

ဖန်နေဝန်းလ်က လူပျိုကြီး၊ အသက်သုံးဆယ်၊ ချစ်သူရည်းစားမရှိ။ စိတ်လည်းမဝင်စား။ သူ့စီးပွားရေးလုပ်ငန်းတွေကိုပဲ ခေါင်းထဲထည့်ထားတတ်တဲ့ အမဆိုလို ယင်မတောင်မသမ်းဖူးသေး။ မင်းယုံပါ့မလား နုနုထွဋ်။

ဖန်နေဝန်းလ်တို့တိုက်မှာပဲ လာရောက်နေထိုင်မယ်ဆိုတော့လည်း အမေပြောပါတယ်။ မင်းအတွက်လည်း လုံခြုံမယ်။ တကယ်ပဲကွာ ကိုယ် နုနုထွဋ်အတွက် စိတ်ပူချင်လာတယ်။ ဟိုကောင်ထက်ရှိုင်း ခါးကိုင်းကိုင်းကို လက်နှင့်နှိပ်ပြီး ပြန်ဝင်လာသည်။

'ဝန်းလ်'

'ဟင်'

'ငါဝင်လာတာတောင် မမြင်ဘူး။ ငါ့ကိုကျော်ပြီး အခန်းအဝကို လှည့်ကြည့်နေလိုက်တာ ကောင်မလေးက အခုလောက်ဆိုရင် အိမ်တောင် ပြန်ရောက်နေပြီ'

'အား...အဲဒီလောက်တောင်လား၊ မင်းရော'

'အီစလန့်ဝေသွားတယ်။ လက်မြန်ခြေမြန်နဲ့ကွာ၊ ကြောက်စရာကြီး'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကလည်း လက်မြန်တာပဲလေ'

'ကြီးကျယ်ခမ်းနားလိုက်တာ'

'ကောင်းပါတယ်၊ ကိုယ့်အတွက် ကာကွယ်ပေးနိုင်တယ်လေ'

'ကောင်မလေးကို မင်း ဘယ်မှာစီစဉ်ပေးထားလဲ'

'ကိုယ့်တိုက်မှာ'

'ဘာ'

'ကောင့်မလေးရဲ့ တောင်းဆိုမှုပဲ၊ ကိုယ်က တိုက်ခန်းတစ်ခန်း စီစဉ်ပေးတယ်။ လွတ်လွတ်လပ်လပ်ကြီး မနေချင်ဘူးတဲ့'

'တန်ဖိုးတွေ မြှင့်တင်နေတာလားကွ၊ အရမ်းတော့လုတယ်၊ နာမည်နဲ့လိုက်ဖက်တယ်။ နုနုထွေး…နုနုထွေး၊ မိုးပေါ်ကနေ ပြုတ်ကျလာတဲ့နတ်သမီးလား'

ထက်ရှိုင်းက နုနုထွေးက သူ့အတွက်ပဲတဲ့။ မင်းလက်ရှောင်နေတဲ့။ မင်းက လူပျိုကြီးလုပ်တဲ့။ မိန်းမတွေကို ဘယ်တော့မှ စိတ်မဝင်စားတဲ့ကောင်တဲ့။

ဒီတစ်ခါတော့ ဖန်နေဝန်းလ်စိတ်တွေ တုံ့ဆိုင်းတွေ ဝေသွားသည်။ မင်းပဲယူပါ။ ကိုယ်ကတော့ လုံးဝပဲ၊ မိန်းမတွေကို စိတ်မဝင်စားဘူးဆိုတဲ့စကား မပြောနိုင်။ သူ့နှုတ်ခမ်းသားတွေပဲ တွန့်ကွေးပြုံးပြလိုက်သည်။





'ဝန်းလ်'

'ဘာလဲကွ'

'ဒီကောင်မလေးကိုတော့ အတည်ပါ၊ လက်ထပ်မယ်'

'ထက်ရှိုင်း'

'ပြော'

'မင်းရူးနေလား၊ မင်းမှာက မိန်းမရှိတယ်လေ။ မင်းအခြေအနေမှန်ကို သတိလက်လွတ်တော့ မဖြစ်သင့်ဘူး'

'ဟုတ်သားပဲ၊ ကိုယ့်ကိုယ်ကိုယ်တောင် လူပျိုလို့ ထင်သွားတယ်။ နုနုထွေးကြောင့် ကိုယ့်ဘဝအမှန်ကိုတောင် မေ့သွားတယ်။ အိမ်ကမိန်းမကို ကွာပစ်မယ်ကွာ'

ထက်ရှိုင်းက မိန်းကလေးတွေနှင့် ရှုပ်ပွေချင်သူ။ အိမ်မှာရှိနေတဲ့မိန်းမကတော့ ပွဲတက်ဖို့သက်သက်ထားတာတဲ့။ တကယ်ပဲ သူ့ဇနီးက ထက်ရှိုင်းကို မနိုင်။

နုနုထွေးနှင့်မှ ကွဲတာ။ ခါးရိုးများ ကျိုးသွားပြီလားတဲ့။ ဝန်းလ် ရယ်မောပစ်သည်။

'နုနုထွေးကို ခဏမေ့ပြီး မင်းခါးကို ဆေးခန်းသွားပြပါဦး ထက်ရှိုင်း၊ အဟွန်း…ဟွန်း…အဲဟွန်း'

ဝန်းလ် ရယ်ပစ်သည်။ ထက်ရှိုင်းကို သူ့ကားဒရိုင်ဘာလာတွဲခေါ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းသွားပြဖို့ပင်။ နုနုထွဋ်က စိတ်ဝင်စားစရာကောင်း
လွန်းတဲ့ကောင်မလေးပဲ။ တောင့်ဖြောင့်ငွားစွင့်တင်းရင်းနေသည်၊
ဝန်းလ်တောင် စိတ်လှုပ်ရှားသွားရသတဲ့။

သူ ဘဲလ်တီးလိုက်တော့ တပည့်ကျော် ဂျိမ်းစ်ဘွန်း ဝင်လာ
၏။

မျက်နှာက မသိမသာလေး ရှုံ့တွနေသည်။

'ဘာလဲ၊ မင်းလည်း ကိုင်ပေါက်ခံရလို့လား'

'လက်လိမ်ချိုးခံရတာ'

'ဘာပြောတယ်'

'ဘွန်းက Hand Phone ပေးတာ နုနုထွဋ်ရဲ့လက်ကို ကိုင်
သွားလို့'

'မင်း တမင်လုပ်တာမဟုတ်လား၊ သေရောကွာ၊ MD
အသိုင်းအဝိုင်းကလူတွေ ဘာတွေလဲဆိုပြီး ကောင်မလေး အထင်သေ
ပေါ့ကွာ'

'MD'

'ပြော'

'နုနုထွဋ်က အခုမှ အလုပ်ခန့်လိုက်တဲ့ အတွင်းရေးမှူးမလေ
ဒီကောင်မလေးက MD အထင်သေးမှာ ကြောက်ရမှာလေ။ ပြောင်းပြ

'မဟုတ်ဘူးကွ၊ တကယ်ဆို မလုပ်သင့်ဘူး'





ဂျိမ်းစ်ဘွန်းက ပိုဆိုးသေးသည်။ ကောင်မချော‌ချောလေးတွေ
ကို တို့ကနန်း ဆိတ်ကနန်း လုပ်တတ်လို့ နာမည်တောင် ဂျိမ်းစ်ဘွန်း
ဖြစ်နေတာ။

ဂျိမ်းစ်ဘွန်းနာမည်ရင်းက မြင့်မောင်မောင်။ သူ့အားဘာကိုး
ရဆုံး လက်ထောက်တစ်ယောက်။ နုနုထွဋ်ယူသွားတဲ့ လက်ကိုင်ဖုန်း
နံပါတ်ကို သူ့ဖုန်းမှာ သွင်းထားလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

'ဝန်းလိရဲ့ အတွင်းရေးမှူးမလေးက မာမီတို့နဲ့ အတူနေမယ် ဆိုတာ ဘာသဘောလဲ။ သား၊ မင်းစိတ်ဝင်စားတဲ့ ကောင်မလေး ဖြစ်သွားလို့လား'

'အဟွန်း…ဟွန်း…အဟွန်း'

'မင်းမငြင်းဆန်ဘဲ ရယ်နေပုံထောက်ရင် မာမီမှန်းထားတာ မှန်နေပြီပဲ၊ ခတ်ပုံထဲမှာတောင် မြင်သူငေးကြည့်လောက်အောင် ချော နေတာ'

'ဟုတ်တယ် မာမီ၊ ဥမ္မာဒန္တီကို မြင်လိုက်ရတော့ သိဝိမင်း ကြီး ရူးသွပ်သွားသလိုပဲ'

'တယ်ဆိုတဲ့စာပါလား ဖန်နေဝန်းရဲ့၊ မာမီကတော့ သားအိမ် ထောင်ရေးမှာ လွတ်လပ်ခွင့်အပြည့်ပေးထားတယ်။ သားနှစ်သက်မြတ် နိုးတဲ့ကောင်မလေးကိုပဲ ယူပါ'





'နုနုထွဋ်က ဝန်းလိကောင်မလေး မဟုတ်သေးပါဘူး မာမီ ရာ၊ ကုမ္ပဏီမှာ အတွင်းရေးမှူးနေရာ လစ်လပ်နေလို့ လာလျှောက် တာပါ။ နုနုထွဋ်က အရည်အချင်းတော့ အပြည့်ပဲ မာမီ။ ကိုယ်ခံ ပညာတွေလည်း တတ်တယ်။ ထက်ရှိုင်းရော ဂျိမ်းစ်ဘွန်းပါ အီစလန် သွားတယ်'

'ဟုတ်လား၊ ကောင်မလေးက အရမ်းချောတယ်။ သူ့ကိုယ် ရေးရာဇဝင်ကရော၊ မိဘ…'

'အမေပဲရှိပါတယ် မာမီ၊ အဖေက နုနုထွဋ်ငယ်ငယ်လေး ကတည်းက ဆုံးသွားတယ်။ အမေက မြစ်ကြီးနားမှာ ကျန်ရစ်ခဲ့ပါ တယ်'

'တိုင်းရင်းသူလား သား'

'မဟုတ်ပါဘူး၊ ဗမာစစ်စစ်ပါ။ နုနုထွဋ်အကြောင်း သိပ်စပ်စု လို့ မကောင်းဘူးထင်တယ် မာမီ။ သားက တိုက်ခန်းတစ်ခန်းပေးတာ လက်မခံဘူး။ သူမလုံခြုံရေးအတွက် MD တို့မိသားစုနေတဲ့ ခြံကြီးထဲမှာ ဘယ်နေရာမဆို ကျောတစ်ခင်းစာပဲရရ နေပါရစေတဲ့'

'အင်း…သူးဆန်းတယ်၊ တခြားအတွင်းရေးမှူးမလေးတွေ ဆိုရင် တိုက်ခန်းနဲ့ ကားတစ်စီးပေးလိုက်ရင် အရမ်းပျော်သွားကြတယ်။ အတွင်းရေးမှူးမလေးကတော့ တစ်မျိုးပါလား'

သားဖန်နေဝန်းလိကို မိမိက အိမ်ထောင်ရေးမှာတော့ လွတ်



www.burmeseclassic.com

www.burmeseclassic.com



လစ်ခွင့်ပေးထားသည်။ ဝန်းလ်ကိုယ်တိုင်က ဇီဇာကြောင်ပြီး တန်ဖိုး အကြီးမားဆုံးတွေပဲ နှစ်သက်ခဲ့တာ။ တော်ရုံတန်ရုံမိန်းကလေးတစ် ယောက်ကို သားဖန်နေဝန်းလ်က စိတ်မဝင်စားတတ်။

နုနုထွဋ်ကတော့။ ပညာအရည်အချင်းရော အရာရာပြည့်စုံနေ သည်။ ဒေါ်ထိပ်တင်ရတနာ သဘောမတူစရာ မရှိပါဘူး။ မိဘမျိုးရိုး ပဲ။ သားက ဒီလောက်ပဲ တော်ပါတော့၊ မာမီထပ်မစပ်စုပါနှင့်ပြောရှ် စိတ်ငြဲမှာ နည်းနည်းလေးတော့ ကသိကအောက် ဖြစ်ရသည်။

'သားနဲ့လည်း ကုမ္ပဏီပိုင်ရှင်နဲ့ ဝန်ထမ်းအဆင့်ပဲရှိတာ၊ စပ် စပ်စုစုတွေ သိပ်မလုပ်ပါနဲ့ဦး'

'အေးပါကွယ်'

ဒေါ်ထိပ်တင်ရတနာကတော့ သားကို လူပျိုကြီးအဖြစ် အထီး ကျန်မနေစေလိုပေ။ သားကို စီးပွားရေးလုပ်ငန်းမှာလည်း ဝင်ရောက် တာဝန်ယူနိုင်ပြီး မိမိလုပ်ငန်းတွေမှာလည်း ဦးစီးစေလိုခဲ့သည်။ နုနုထွဋ် မဆိုးပါဘူး။ ဒီနေ့မနက်ဘဲ ပြောင်းလာမယ်ဆိုရင် အခန်းတောင် စီစဉ် ထားပြီးပြီဖြစ်၏။

သားဖန်နေဝန်းလ်ကလည်း ပျော်ယာခတ်အောင် နုနုထွဋ် အတွက် လိုအပ်တာတွေ စီစဉ်ညွှန်ကြားနေသည်။

'တီ...တီ'

'တီ'





'ဟော...မာမီ၊ လာပြီ၊ နုနုထွဋ်ကို သွားကြိုတဲ့ကား ရောက် လာပြီ'

'ထိုင်နေပါ သားဝန်းလ်ရယ်။ လာမှာပါ၊ မင်းဘက်က အရမ်းပျော်ယာခတ်ပြနေရင် ကောင်မလေးက ရောင့်တက်လိမ့်မယ်။ နုနုထွဋ်က မင်းလက်အောက်ငယ်သားလေ'

ဒေါ်ထိပ်တင်ရတနာလည်း သားရဲ့အတွင်းရေးမှူးမလေးကို မြင်တွေ့ချင်နေပြီ ဖြစ်သည်။ ကြိုဆိုလာသူက ဂျိမ်းစ်ဘွန်း၊ သားရဲ့ သက်တော်။ သူမဝင်လာတော့ ဒေါ်ထိပ်တင်ရတနာပင် မှင်တက် သွား၏။ နုနုထွဋ်ဆိုတဲ့ကောင်မလေး ချောလိုက်တာ။ Miss Uni- verse လား။ မယ်မြန်မာလား။ ဒါပေမဲ့ ဒေါ်ထိပ်တင်ရတနာ တစ်ခု သတိထားမိနေတာက တစ်စုံတစ်ယောက်နှင့် ဆင်တူနေသလိုပင်။ သချာကြည့်သည်။

'မာမီလေ နုနုထွဋ်၊ ဒေါ်ထိပ်တင်ရတနာတဲ့'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် အန်တီ၊ စောင့်ရှောက် ပေးပါနော်'

ဒေါ်ထိပ်တင်ရတနာတဲ့။ တော်တော်လေး ခန့်ညားချောမော သည်။ အရွယ်နှင့်မလိုက် နုဖတ်နေသေးသည်။ နုနုထွဋ် တွေ့ချင်နေ သော ဒေါ်ထိပ်ရတနာပါ။ အဟွန်း...တွေ့ဆုံရတာ အရမ်းဝမ်းသာ ပါတယ် ဒေါ်ရတနာ။ နုနုထွဋ်ရဲ့ နှုတ်ခမ်းလေးကလည်း ပြုံးယောင်



www.burmeseclassic.com

www.burmeseclassic.com



သမ်းနေပေမယ့် စိတ်ထဲမှာတော့ သရဲမကြီးကို တွေ့မြင်နေရသလို ရှံ့ရှာနေသည်။

'မှန်းလိုက်တာ၊ ကျွန်မ ရှင်ကြီးနဲ့တွေ့ဖို့ ဘယ်လောက်အထိ ကြိုးစားခဲ့ရလဲ ဒေါ်ထိပ်တင်ရတနာ'

ချမ်းသာနေလိုက်တာ။ နုနုထွင့်ရှုအမေကို ဆင်းရဲတွင်းထဲ တွန်းပို့ထားခဲ့တဲ့မိန်းမကြီးတစ်ယောက်ပဲ။ ခန္ဓာကိုယ်ပေါ်မှာ ဝတ်လို့ရတဲ့ နေရာမှန်သမျှ စိန်တွေ လက်လက်ထနေအောင် ဝတ်ဆင်ထားသည်။ မြင်တာနှင့် တန်ဖိုးကြီးတွေဆိုတာ သိသာနေ၏။ နုနုထွင့်ရှုရဲ့မေမေကတော့ ဆက်မတွေးချင်။ နာကြည်းမုန်းတီး ရှံ့ရှာဖွယ်အတိတ်ကို ခဏဖယ်ထုတ်ပစ်လိုက်သည်။

'သမီးလေးထွင့်၊ မင်းမေမေ အခုလိုဘဝမျိုးဖြစ်သွားရတာ ဒေါ်ထိပ်တင်ရတနာဆိုတဲ့ မိန်းမတစ်ယောက်ကြောင့်ပဲ။ ချောမောလှပသလောက် အရမ်းကြောက်စရာကောင်းတယ်။ ယောကျ်ားဆိုရင် ငမ်းငမ်းတက်လေ'

မေမေ့ညီမ ဒေါ်လေးမာလာတင်ရဲ့ ပြောစကားတွေကို သူမသိလာရသောအချိန်တွင် ဒေါ်ထိပ်တင်ရတနာဆိုတဲ့ မိန်းမကြီးအား ရှံ့ရှာမုန်းတီးသွားကာ တစ်နေ့နေ့ လက်တုံ့ပြန်ဖို့အတွက် ကြံစည်နေမိသည်။

အခွင့်အရေးက ရလာခဲ့၏။ ဒေါ်ထိပ်တင်ရတနာရဲ့သား ဖန်





နေဝန်းလ်ရဲ့ကုမ္ပဏီမှာ အတွင်းရေးမှူးတစ်ယောက် လိုအပ်နေကြောင်း ကြော်ငြာအရ လာရောက်လျှောက်ထားခြင်း ဖြစ်သည်။

'ထွင့်ရှုလေး၊ သတိထားနော်။ ဒီမိန်းမကြီးက ကောက်ကျစ်တယ်၊ ယုတ်မာတယ်။ အပြင်ပန်းကနေကြည့်ရင် ကျက်သရေမင်္ဂလာအပြည့် တင့်တယ်နေသလောက် အတွင်းစိတ်က ပုပ်လွန်းတယ်'

'နုနုထွင့်ရှုပါ အန်တီတင်၊ စိန်ခေါ်မလား တိမ်ပေါ်အထိလိုက်မယ်။ မေမေခံစားခဲ့ရတာထက် အဆများစွာ ခံစားသွားစေရမယ်'

'အန်တီတင်တော့ စိတ်မချဘူး၊ ထွင့်ရှုလေးသိအောင် ပြောပြမိတာတောင် မှားသွားပြီထင်တယ်'

'မမှားပါဘူး၊ ထွင့်ရှုလေးလည်း သိသင့်တာပဲ။ ဖေဖေရော အဲဒီမိန်းမကြီးနဲ့ အတူတူရှိနေတုန်းပဲလား'

'ထင်တာပဲ၊ ဝေးကွာသွားကြတာက အနှစ်နှစ်ဆယ်ကျော်သွားပြီလေ။ သမီးထွင့်ရှု ကိုယ်ဝန်အရင့်အမာကြီးနဲ့ပဲ။ ဒေါ်ထိပ်တင်ရတနာမှာ သားတစ်ယောက်ရှိတယ်။ အရင်ယောကျ်ားနဲ့လေ'

အန်တီတင်ပြောတဲ့စကားတွေကြောင့် ဖေဖေ့အကြောင်းလည်း သွင်သိထားရသည်။ ထွင့်ရှုဖေဖေရော ဒီမှာရှိနေလား။ ဧည့်ခန်းမှာတော့ ဒေါ်ထိပ်တင်ရတနာနှင့်တွဲ၍ ယောကျ်ားတစ်ယောက် ဓာတ်ပုံကြီးတစ်ပုံ ချိတ်ဆွဲထားသည်။

'ထွင့်ရှုလေးက ဖေဖေ့ကို မမြင်ဖူးဘူး မဟုတ်လား။ သမီး

www.burmeseclassic.com



ဖေဖေရဲ့မေးစေ့မှာ မှဲ့တစ်လုံး ထင်ထင်ရှားရှားရှိတယ်။ အရမ်းချော တယ်'

ဟုတ်ပါပြီ၊ ဓာတ်ပုံထဲမှ ယောကျ်ားကြီးမှာလည်း မှဲ့ရှိတယ်။ ချောလိုက်တာ။ သေသေချာချာကြည့်လျှင် ထွဋ်နှင့် ဆင်တူနေသလို ပင်။

ထွဋ်ရဲ့ဖေဖေလားပဲ။ သွေးဆူချင်သည်။

'ထွဋ်က ကိုယ်ဖေဖေပုံကို စိတ်ဝင်စားနေသလိုပဲ။ ဒါက ကိုယ့်ဖေဖေလေ။ ဦးကိုဟိလွင်တဲ့၊ ဆုံးသွားပါပြီ။ မကြာသေးဘူးလေ။ နှစ်လလောက်ကပဲ'

'ဩော်…ဟုတ်လား၊ စိတ်မကောင်းပါဘူး MD ရယ်။ ချောမောခန့်ညားလိုက်တာ'

'ဟုတ်တယ် နုနုထွဋ်၊ ကိုယ်က ဖေဖေနဲ့တူတာလေ။ အရမ်း ခန့်ညားတယ်'

'ဆောရီးပဲနော် အန်တီရတနာ၊ ထွဋ်နေရမယ့်အခန်းက'

'ချောချော လိုက်ပို့ပေးလိမ့်မယ်၊ နုနုထွဋ် လိုက်သွားပါ။ လိုအပ်တာတွေရှိနေရင်လည်း ချောချောကို ပြောလိုက်လေ'

'ဟုတ်ကဲ့၊ ရပါတယ်။ အခုလောက်ဆိုရင်တောင် ထွဋ် အတွက် အရမ်းကောင်းနေပါပြီ။ အားနာလိုက်တာ၊ ထွဋ်က တစ် ယောက်တည်း မနေရဲလို့ပါ။ ထွဋ်ကြောင့်လည်း ဝန်မလေးစေချင်





ပါဘူး။ ထွဋ်အတွက် ကျောခင်းစရာတစ်နေရာလေးပဲရရင် ကျေနပ် ပါပြီရှင်'

'အေးကွယ်၊ ချောချောနဲ့ လိုက်သွားပါ။ မမလေးလိုအပ်တာ တွေ ဖြည့်စွမ်းပေးဖို့ ချောချောတာဝန်ယူနော်'

'ဟုတ်ကဲ့'

'ခွင့်ပြုပါဦး'

'အေးကွယ်'

သူမက ကိုယ်လေးညွတ်ပြီး အရိုအသေပေးကာ အပေါ်ထပ် သို့ လှေကားထစ်တွေအတိုင်း လှမ်းတက်သွားတာကပင် ရင်သပ်ရှု မောစရာ ခန္ဓာကိုယ်နောက်ပိုင်းအလှက ထင်းထင်းလေး ဖြစ်နေသည်။

'ဝန်းလ်'

'အဲ…မာမီ'

'သတိထားဦးလေ၊ သားဝန်းလ်၊ အသက်မှရှူရဲ့လားကွယ်။ မျက်တောင်ရော ခတ်ရဲ့လား'

'ဘယ်လိုလဲ မာမီ၊ အိုကေလား'

'နုနုထွဋ်ရဲ့မိဘတွေက ●ာလုပ်လဲ မာမီသိချင်တယ်။ နုနု ထွဋ်အမေနာမည်ကရော'

'မသိဘူး၊ အဲ…ကိုယ်ရေးရာဇဝင်မှာတော့ ပါတယ်။ သား သေသေချာချာ မကြည့်မိဘူး။ နုနုထွဋ်ကို တွေ့ပြီးကတည်းက မွှန်ထူ ပြီး အဖေ၊ အမေနာမည်တွေကိုတောင် မကြည့်မိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်ပေးစမ်းပါ'

'မာမီကလည်း ချွေးမလောင်းကို သားပဲရွေးချယ်ဆို၊ ဘာဖြစ်လို့ မိဘတွေကအစ လေ့လာချင်နေရတာလဲ။ သားကတော့ နုနုထွဋ်ကို ရွေးချယ်လိုက်ပါပြီ'

'မဟုတ်ပါဘူး၊ သိထားသင့်တယ်လေ။ လှတာမက်ရင် ညစာခက်မယ်နော် ဖန်နေဝန်းလ်'

'ဖန်နေဝန်းလ်က အချစ်တွေနဲ့ပဲ မိသားစုအသိုက်အမြုံလေးကို ထူထောင်ချင်တာပါ'

ဒေါ်ထိပ်တင်ရတနာ စိတ်ထဲမှာ နုနုထွဋ်ကို သံသယဝင်နေမိသည်။ ဘယ်သူနှင့် တူနေတာလဲ။ တစ်စုံတစ်ယောက်နှင့် တူနေသလိုပင်။ ကိုကိုလွင်၊ ရှင်နဲ့လား။ ဧည့်ခန်းမှာချိတ်ဆွဲထားတဲ့ ကိုကိုလွင် ဓာတ်ပုံကြီးကို နုနုထွဋ်က စိတ်မာသယောင်အရိပ်အငွေ့တွေ လွှမ်းနေသည်ဟု ထင်လာ၏။ နုနုထွဋ်က ကိုကိုလွင့်သမီးလား။ ကိုကိုလွင်နှင့် ဒေါ်ထိပ်တင်ရတနာတို့ လက်ထပ်ခဲ့စဉ်က သူ့ဇနီးမှာ ကိုယ်ဝန်အရင့်အမာနှင့် ကျန်ရစ်ခဲ့သည်။

'မာမီ'

'ဟင်'

'ဘာတွေစဉ်းစားနေတာလဲဗျာ၊ ချွေးမက မိုးပေါ်ကနေကျလာတဲ့ နတ်သမီးလေးထင်နေလို့လား'





'ဂျိမ်းစ်ဘွန်းကို သွားပြီး၊ နုနုထွဋ်ရဲ့ ကိုယ်ရေးရာဇဝင်ကို ယူခိုင်းစမ်းပါ သားရယ်'

'ဟုတ်ကဲ့၊ အခုပဲ သွားယူခိုင်းလိုက်ပါ့မယ်'

'မာမီအခန်းထဲ ချောချောကို ပို့ခိုင်းလိုက်။ မာမီ အနားယူလိုက်ဦးမယ်'

ဒေါ်ထိပ်တင်ရတနာ ထသည်။ စောစောကအပျော်တွေ ဘယ်ရောက်သွားမှန်းပင် မသိ၊ ပျောက်ဆုံးသွားသည်။

တကယ်လို့သာ နုနုထွဋ်က ကိုကိုလွင်ရဲ့သမီးဆိုရင် မိမိဆက်မတွေးနိုင်တော့။ သားဝန်းလ်က နုနုထွဋ်ကို ချစ်နေပြီ။ အရမ်းကြွေနေပုံပဲ။ ဘုရားရေ၊ ဒီ ကောင်မလေးကရော ဒီအိမ်ထဲအထိဝင်လာတာ သဘောရိုးမှဟုတ်ရဲ့လား။

အိပ်ခန်းထဲရောက်လာမှ မိမိခန္ဓာကိုယ်က ပိုမိုယိုင်နဲ့ အားအင်တွေ ဆုတ်ယုတ်သွားသည်။ အိပ်ရာပေါ် ပစ်ကျသွား၏။ အတိတ်၊ ဒီအတိတ်ကို သားဖန်နေဝန်းလ် မသိစေချင်ပေ။ မိမိတစ်သက်လုံး ဖုန်းဖိထားနိုင်လာခဲ့တာပါ။

နုနုထွဋ်က သေသေချာချာ ကြည့်လေ ကိုကိုလွင်နဲ့ တူလေပဲ။ ရင်တွေပူလိုက်တာနော်။ မိမိအသက်ကြီးလာပြီပဲ။ အတိတ်ရဲ့ လွှမ်းမိုးချောက်ချားနေမှုတွေကို မခံစားနိုင်တော့ဘူး။

သားဝန်းလ် အောင်မြင်နေတဲ့လုပ်ငန်းရှင်ကြီးတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိက္ခာတွေ၊ ဒေါ်ထိပ်တင်ရတနာ သွေးပျက်မတတ် ခံစားနေရသည်။

'မာမီကြီး'

'ဟင်…ချောချော၊ ဝင်ခဲ့။ နုနုထွဋ်ရဲ့ ကိုယ်ရေးရာဇဝင် ရနေပြီလား'

'ဟုတ်ကဲ့'

'ပေးစမ်း'

ဒေါ်ထိပ်တင်ရတနာ ဟန်မဆောင်နိုင်လောက်အောင်ပင်။ ထိတ်ထိတ်ပျာပျာဖြစ်နေပြီး သူ့ခွေးမကြီးဆိုတဲ့ ဂုဏ်ဒြပ်တွေနှင့် မာန်မာနကြီးမားစွာ နေထိုင်ခဲ့သူပါ။ မိမိရင်ပူနေတယ်။ ချောချောအပေး စောင့်မနေတော့ဘဲ ဆွဲယူပြီး ကြည့်မိသည်။

အဖေနာမည် ဦးသစ်လွင်၊ အမေနာမည် ဒေါ်သီတာတင်၊ ဖခင်အလုပ်အကိုင် ကုန်သည်၊ မိခင်အလုပ်အကိုင် စက်ပန်းထိုးသည်။

'အမလေး'

'မာမီကြီး ဘာဖြစ်တာလဲ။ သတိထားပါဦး'

'နေ…နေ၊ ရတယ်။ ညည်း ထွက်သွားတော့။ ကျုပ်တစ်ယောက်တည်းပဲ နေမယ်'

'ရပါ့မလား မာမီကြီးရယ်၊ ဘာဖြစ်လို့လဲဟင်၊ အစ်ကိုလေးနဲ့ သဘောမတူလို့လား'





'အေး…ဒါပေမဲ့ နင့်အစ်ကိုလေးကို ဘာမှသွားမပြောနဲ့နော်။ နုနုထွဋ်မျိုးရိုးက ညံ့ဖျင်းလွန်းတယ်။ ဖခင်က ကုန်သည်တဲ့။ ဘာကုန်တွေ ရောင်းတာလဲ။ မိခင်က စက်ပန်းထိုးသည်တဲ့။ အမလေး… ဒီလူတွေကို မာမီကြီးက ခမည်းခမက် တော်ရမှာလား'

'အစ်ကိုလေးနဲ့ ချစ်သူတွေမှမဖြစ်သေးတာပဲ၊ မာမီကြီး ဒီလောက်အထိ စိတ်မပူပါနဲ့၊ တားဆီးလို့ရပါသေးတယ်'

'မာမီကြီး သားရဲ့စိတ်ကိုသိတယ်၊ နုနုထွဋ်ကလည်း အရမ်းချောတာကိုး။ ညည်းသွားတော့၊ ငါရတယ်'

'ဟုတ်ကဲ့'

ဒေါ်ထိပ်တင်ရတနာ စာရွက်စာတမ်းတွေကို ပြန်ပေးလိုက်သည်။ အမလေး… သေချာတယ်။ ကိုသစ်လွင်နှင့် သီတာတင်၊ မိမိနှင့် လက်ထပ်ပြီးမှ ကိုသစ်လွင်နာမည်ကို ပြောင်းပစ်လိုက်တာပါ။ သင်းက သီတာတင်သမီးပဲ။

ဘာအကြံအစည်နဲ့ ရောက်လာခဲ့တာလဲ။ မိမိကပဲ မလုံမလဲနဲ့ တုန်လှုပ်ချောက်ချားနေတာလား။ နုနုထွဋ်ရော သိမှသိရဲ့လား။ သဘောရိုးနဲ့လာတာလည်း ဖြစ်နိုင်တယ်။ သေသေချာချာ ပြန်တွေးမိတော့လည်း မဖြစ်နိုင်ဘူး။

နုနုထွဋ် သိကို သိရမယ်။ သိထားလို့လည်း သီးသန့်မနေဘဲ ဒီတိုက်ကြီးထဲဝင်ဖို့ ကြိုးစားခဲ့တာဖြစ်မှာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်မလို့လဲ။ ညည်းကများ ကျုပ်လိုသူဌေးမကြီးတစ်ယောက်ကို ဘယ်လိုအံ့တုရင်ဆိုင်မှာလဲ နုနုထွဋ်။

စိန့်ခေါ်မလား၊ ညည်း မကောင်းတဲ့အကြံအစည်တစ်ခုခုနဲ့ ရောက်လာတာပဲ။ သား ဖန်နေဝန်းလ်ကိုများ ရာရာစစ။

ညည်းအဖေအလုပ်က ကုန်သည်လား၊ ဘာကုန်တွေရောင်းတာလဲ။ ကျုပ်ဆီကနေ ဆန်တွေ၊ ဆီတွေ အကြွေးယူပြီး ရောင်းတာလေ။

ညည်းလို မလောက်လေးမလောက်စား ကောင်မလေးကများ အေး စိန်ခေါ်ရတယ်လို့။ လုပ်လိုက်လေ၊ တိမ်ပေါ်အထိ တက်ကြမယ်။

ဒေါ်ထိပ်တင်ရတနာ သွေးတက်လာပြီထင်တယ်။ ဇက်တွေ လေးလာသည်။

■ ■ ■



## အခန်း(၃)

'မမလေးထွဋ်ကို မနက်စာစားဖို့ အစ်ကိုလေးက ခေါ်နိုင်းပါတယ်'

'မမလေး လာမစားတော့ပါဘူး၊ အခန်းထဲမှာပဲ စားပါ့မယ်လို့ ပြောလိုက်ပါ ချောချော။ အားနာတယ်၊ မမလေးက ဝန်ထမ်းလေ။ အခွင့်အရေးတွေ မယူချင်ပါဘူး။ ပြောလိုက်နော်'

'ဟုတ်ကဲ့'

ချောချော ပြန်ထွက်သွားသည်။

နုနုထွဋ် နှုတ်ခမ်းလေးတွေ အလွန်ကျေနပ်သွားရတဲ့ ပီတိအပြုံးတွေ လွှမ်းသွားသည်။ ဦးဖန်နေဝန်းလ်ကိုယ်တိုင် လာခေါ်မှာ သေချာပါတယ်။ ပဲပေးလိုက်တာ။ အရှမ်းကြီး ငမ်းငမ်းတက် ပြုမူနေထိုင်လို့ မဖြစ်သေးပါဘူး။

ဒေါ်ထိပ်တင်ရတနာကတော့ သူမဘယ်သူလဲဆိုတာ သိနေလောက်ပြီ ထင်တယ်။ ဖေဖေနဲ့ သူမက အရှမ်းဆင်တူတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖန်နေဝန်းလ်က မသိပေမယ့် အတိတ်ကိုသိနေတဲ့ ဒေါ်ထိပ်တင်ရတနာကတော့ တုန်လှုပ်နေပြီထင်သည်။

'ဒေါက်… ဒေါက်'

'ဒေါက်'

'နုနုထွင့် တံခါးဖွင့်ပါဦး။ ကိုယ်ပါ ဖန်နေဝန်းလ်'

ထင်သားပဲ။ ရှင်ကိုယ်တိုင် လာခေါ်မယ်ဆိုတာလေ၊ သိနေတယ်။

နုနုထွင့်အပေါ် ဖန်နေဝန်းလ် ဘယ်လောက်အထိ ယစ်မူးတိမ်းညွတ်နေပြီလဲဆိုတာ ယင်မတောင်မသမ်းဖူးသေးတဲ့ လူပျိုကြီး။

သူမ အခန်းတံခါး ဖွင့်ပေးလိုက်သည်။

'မာမီလည်း စောင့်နေတယ်၊ အားမနာပါနဲ့ နုနုထွင့်။ ကိုယ်တို့ မိသားစုဝင်အဖြစ်ပဲ သဘောထားပါ။ အတူတူ မနက်စာစားကြမယ်။ ကိုယ့်ကားနဲ့ပဲ ကုမ္ပဏီကို အတူတူသွားကြမယ်လေ'

'ဟို…အားနာစရာကြီး၊ MD မာမီက နှစ်သက်ပါ့မလား။ နုနုထွင့်အတွက် MD အခက်တွေ့နေပါ့မယ်။ ဒီလိုအခန်းကြီးနဲ့ တခမ်းတနားနေနေရတာတောင် ထွင့် အားနာတယ်၊ မျက်နှာပူတယ်'

'နုနုထွင့်ရယ်၊ မင်းနဲ့ကိုယ်က လုပ်ငန်းမှာ အတူတူတွဲလုပ်ကိုင်ရမယ့် သူတွေပါ။ မာမီက နားလည်မှုရှိပါတယ်။ မင်းကိုလည်း အဘက်ဘက်ကနေ အထင်ကြီးလေးစားလောက်အောင် ပြည့်စုံတဲ့ မိန်းကလေးပါတဲ့'





'ဟုတ်ရဲ့လား MD ရယ်၊ အဲဒီလိုပဲ ပြောလားဟင်။ ကျွန်မ တကယ်အားနာတယ်'

'လာပါ'

'အို'

MD က သူမလက်ကို ဆွဲလိုက်တော့ တင်းသွားပြီး ကိုင်ခေါက်ဖို့ ကြံစည်မိပေမယ့် ဖန်နေဝန်းလ်က နုနုထွင့်ရဲ့ သားကောင်။

အရမ်းကြီး အထိတ်တလန့် ထွက်ပြေးသွားအောင် မလုပ်သင့်ဘူးပဲ။ ချောင်းမြောင်းပစ်ခတ်ရမယ်။ ဒါမှ သားကောင်ကို အမိအရဖမ်းမိနိုင်မှာ။ ဒေါ်ထိပ်တင်ရတနာက သဘောကောင်းချင်ယောင်ဆောင်နေတာပါ။

သူမ အောက်ထပ်သို့ ဆင်းလာခဲ့၏။ စားသောက်ခန်းထဲမှာ ဒေါ်ထိပ်တင်ရတနာ ထိုင်နေသည်။

'နုနုထွင့် လာပါကွယ်၊ ထိုင်ပါ။ ဘာဖြစ်လို့ အားနာရတာလဲကွယ်။ မိသားစုတွေလိုပဲ သဘောထားပါ၊ ထိုင်'

ဒေါ်ထိပ်တင်ရတနာရဲ့ မျက်ဝန်းတွေ အတွင်းထဲအထိ စေ့စေ့ကြည့်ရင် ဒေါသမီးတွေ တောက်လောင်နေတဲ့ မာထန်မှုတွေ ရှိနေသည်။ သူမ ရယ်ပစ်ချင်လာ၏။ ရှင်ကြီးသိထားပြီးနေပြီပဲ။ သိစေချင်သည်။

'နုနုထွင့်က မနက်ဆိုရင် ဘာစားလဲကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'ပဲပြုတ်နဲ့ နံပြားလေ၊ ထွဋ်ဖေဖေလည်း အရမ်းကြိုက်တယ်လို့ မေမေက ပြောတယ်။ ထွဋ်က ဖေဖေကို မတွေ့ဖူးလိုက်ပေမယ့် ထွဋ်က ဖေဖေ့အကျင့်စရိုက်တွေနဲ့ အရမ်းတူတယ်လို့ ပြောတယ်'

ညည်း ဒါက ဘာစကားတွေလဲ နုနုထွဋ်။ ပဲပြုတ်နဲ့ နံပြားဟုတ်လား။ သင်းအဖေ ကိုသစ်လွင်ကလည်း ပဲပြုတ်နဲ့ နံပြား အလွန်ကြိုက်နှစ်သက်သည်။

နုနုထွဋ် ရောက်လာတာ သဘောရိုးနဲ့ မဖြစ်နိုင်ဘူး။ သင်းမှာ အကြံအစည်ရှိရမယ်။

သားရှေ့မှာ နုနုထွဋ်ကို ပြုံးပြနေရပေမယ့် စိတ်ထဲမှာတော့ စိစိညက်ညက်ကြေအောင် အမုန်းကြိတ်၊ စက်ထဲထည့်ပစ်ချင်၏။ သားဖန်နေဝန်းလ်က အရေးတယူ ဖြစ်နေလိုက်တာ။

မိမိလည်း သဘောကောင်းချင်ယောင်ဆောင်နေ ရသည်။

'နုနုထွဋ် အားမနာနဲ့နော်၊ မိသားစုဝင်တွေလိုပဲ သဘောထားပါကွာ'

'ဟုတ်ကဲ့'

'မာမီ'

'ဟင်'

'နုနုထွဋ်ကို အားပေးပျံ့ဦး၊ နယ်ကနေ တစ်ယောက်တည်းလာပြီး အားငယ်နေတာပါ'





နုနုထွဋ် နယ်ကနေ တစ်ယောက်တည်းလာတယ်ဆိုတာ မဖြစ်နိုင်ပေ။ ဒေါ်ထိပ်တင်ရတနာ မယုံနိုင်ပေ။

သင်းအမေရော။ သီတာတင်၊ ညည်းရင်ထဲမှာလည်း တအုံနွေးနွေးနဲ့ နာကြည်းနေတာ မဟုတ်လား။

သီတာတင်ရဲ့ခင်ပွန်းကို မိမိ လုယူလိုက်တာ အခု ကိုသစ်လွင်ရဲ့သမီးက ဘာဖြစ်လို့ ရောက်လာရတာလဲ။

မိမိစိတ်တွေ ချောက်ချားနေရသည်။

'ထွဋ်ရဲ့ ဖေဖေနဲ့မေမေက အရမ်းချစ်ကြတယ်လေ၊ ကံကြမ္မာဆိုးက ဝင်မွှေပစ်လိုက်တော့'

'ချလွမ်...လွမ်'

'ဟင်...အန်တီ၊ ဘာဖြစ်တာလဲ၊ ကော်ဖီတွေ ဖိတ်ကုန်ပြီ။ ပန်းကန်ကွဲတွေ ရှူးမယ်နော်။ ထွဋ်လုပ်ပေးပါ့မယ်'

နုနုထွဋ်စကားကြောင့် ဒေါ်ထိပ်တင်ရတနာ သောက်လက်စ ကော်ဖီပန်းကန်က လက်ထဲမှ လွတ်ကျသွားသည်။

မိမိလက်တွေ တဆတ်ဆတ်တုန်ယင်ချင်နေ၏။ ဒီစကားကို တမင်ပြောတာပါ။ သင်းက စိန်ခေါ်နေတာပဲ။ သားရှေ့မှာ မဖြစ်ဘူး။ ဟန်ပျက်သွားလို့ မဖြစ်ဘူး။

မိမိအတိတ်က အကြောင်းအရာတွေကို သားသိသွားမှာ အလွန်အမင်း စိုးရိမ်ပူပင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ချောချော၊ လုပ်လေ။ နေ…နေပါ၊ နုနုထွဋ် သမီးလေး၊ ဘာမှမလုပ်ပါနဲ့။ အခုတလော မာမီလက်တွေက မမြဲဘူး။ အသက်ကြီးလာပြီထင်တယ်'

'မာမီ ဆေးခန်းပြဦးလေ'

'အင်း…ပြရမယ်'

'ဒီလောက်ကြီးတော့လည်း မဟုတ်သေးပါဘူး၊ စိတ်မပူနဲ့။ မာမီကြောင့် အစားအသောက်တောင် ပျက်ရပြီ။ မနက်ဖြန်မနက်တော့ နုနုထွဋ်ကြိုက်နှစ်သက်တဲ့ ပဲပြုတ်နံပြား စီစဉ်ပေးထားမယ်နော်'

'ကျေးဇူးပါပဲ'

'နုနုထွဋ်၊ မင်းစားချင်တာတွေ ပြောလေ၊ အားမနာပါနဲ့။ မိသားစုဝင်တွေလိုပဲ သဘောထားပါ'

'ဟုတ်ကဲ့'

ဒေါ်ထိပ်တင်ရတနာ၊ ရှင်ကြီး အရမ်းကြောက်နေပြီမဟုတ်လား။ ကြည့်စမ်း၊ လက်တွေတုန်နေတယ်။

ရှင်ကြီးသား သိသွားမှာ ကြောက်နေတာပါ။ ဒေါ်ထိပ်တင်ရတနာအား ကြည့်မိသည်။ သွေးမရှိတော့ဘူး။

နုနုထွဋ် အောင်မြင်တယ်။ အန်တီမာလာတင်က စိုးရိမ်နေတာ။ သူတို့က အသိုင်းအဝိုင်းကြီးတယ်တဲ့။ တိုက်ထဲအထိဝင်ပြီး လက်တုံ့ပြန်တာ အန္တရာယ်ကြီးတယ်တဲ့။





နုနုထွဋ်ကတော့ ဂရုမစိုက် ပါဘူး။ နှုတ်ခမ်းလေးက သိမသာ ပြုံးနေသည်။

'ကဲ…ဆက်စားကြတော့၊ မာမီ အပြင်သွားစရာရှိသေးတယ်'

'ဟုတ်ကဲ့'

'သားတို့နှစ်ယောက် ကုမ္ပဏီကိုဆက်သွားမယ်နော် မာမီ'

'အေး… သွား…သွား'

ဒေါ်ထိပ်တင်ရတနာ ခန္ဓာကိုယ်ကိုအနိုင်နိုင် သယ်ပြီး မိမိအိပ်ခန်းထဲရောက်အောင် လာရသည်။

နုနုထွဋ်၊ ညည်းက ကျုပ်ကို ဒုက္ခပေးဖို့ရောက်လာတာပဲ။ ဆော်တော်လေး အဆိပ်ပြင်းတဲ့မိန်းကလေး။ မိမိအတိတ်ကအကြောင်းတွေကို သားဝန်းလ်သိသွားမှာ အကြောက်ဆုံးပါပဲ။

သီတာတင် ရှိသေးတယ်။ သင်းသမီးကို ပြောပြလိုက်တာ သား၊ ကိုသစ်လွင်က နုနုထွဋ်နှင့်တူပြီး ချောမောခန့်ညားသည်။

မိမိက သားဖန်နေဝန်းလ် တစ်နှစ်သားအရွယ်မှာ သားဒယ်ဒီ ကိုနေဝန်းလ်အပေါ် သစ္စာဖောက်ပြီး ကိုသစ်လွင်အပေါ် အရူးအမူး ချစ်ခြင်းမေတ္တာတွေ တိမ်းညွှတ်ယစ်မူးသွားရကာ အတင်းအကျပ် အရယူဖို့ ကြိုးစားခဲ့မိသည်။

'ကိုသစ်လွင်ရယ်၊ ရှင့်ကိုလေ ထိပ်တင် လက်ထပ်ချင်တယ်။ ရှင်နဲ့ပဲ အတူတူနေချင်တယ်။ ကျွန်မ၊ ကိုနေဝန်းလ်ကို ကွာရှင်းမယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာရှိလို့လဲ။ အခန့်သားနေတာ။ ကျွန်မက မိဘအစဥ်အဆက် ချမ်းသာလာခဲ့တာလေ။ စည်းစိမ်ဥစ္စာတွေအားလုံးက ကျွန်မပစ္စည်းတွေ အားလုံး ထိပ်တင်နာမည်တွေနဲ့ပဲ။ ကိုနေဝန်းလ်ကို လျော်ကြေးပေးလိုက် မယ်နော်'

'မဖြစ်သင့်ပါဘူး မထိပ်တင်ရတနာ၊ ကျွန်တော့်မှာလည်း ဇနီးနဲ့။ ပြီးတော့ ကျွန်တော့်ဇနီးမှာ ကိုယ်ဝန်ရှိနေပါတယ်'

'ကွာရှင်းလိုက်လေ၊ ကျွန်မ လျော်ကြေးပေးမယ်၊ ထိပ်တင် ဆီက အကြွေးတွေလည်း အများကြီးပဲလေ။ ရှင်ဘယ်လိုဆပ်မှာလဲ ထိပ်တင်ငွေတွေနဲ့ ရှင့်ဇနီးသီတာတင်ကို အိမ်တစ်လုံးဝယ်ပေးထားတာ ပဲ။ အဲဒါ လျော်ကြေးလေ'

'ကျွန်တော် မလုပ်နိုင်ဘူး'

'ဒါဆိုလည်း ပြီးတာပဲလေ၊ ကျွန်မအကြွေးတွေ ရှင်းပေ တော့၊ ရှင်နေတဲ့အိမ်ဂရန်က ထိပ်တင်ဆီမှာလေ။ ရှင်တို့မိသားစု ဆင် ပေးရလိမ့်မယ်၊ ရှင်ပြန်တော့'

'မထိပ်တင်ရယ်၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ အဲဒီလို မလုပ်ပါနဲ့။ အိမ်ပေါ်က ဆင်းပေးပါ့မယ်။ တခြားအကြွေးတွေကတော့

'မရဘူး၊ ထိပ်တင်က ဒီယုန်မြင်လို့ ဒီချုံကို ထွင်ထားတာ လေ၊ ထိပ်တင်လေ ကိုသစ်လွင်ကို အရမ်းချစ်မိနေတယ်။ ရှင်စဥ်းစား ပါဦး၊ ကျွန်မနဲ့လက်ထပ်ပြီး သူဌေးကြီးအမည် မခံချင်ဘူးလား ကျွန်မတို့ ရန်ကုန်မှာနေမယ်၊ ဘယ်လိုလဲ'





ဒေါ်ထိပ်တင်ရတနာက ခင်ပွန်းကိုနေဝန်းလ်အား လျော်ကြေး ပေး ကွာရှင်းပစ်သည်။

မိမိရင်ထဲမှာ တပ်မက်စွဲလမ်းနေတာက ကိုသစ်လွင်ပဲ။ မိုးအေးပြီး လူချောလူခန့်၊ အသားအရေကအစ ဖြူနုဝင်းတောက် နေသည်။

သီတာတင်လည်း ချောတာပဲ။ ဒါပေမဲ့ နှစ်ယောက်လုံးက ဆင်းရဲနွမ်းပါးသူတွေ။ ကိုသစ်လွင် စီးပွားရေးလုပ်နိုင်ဖို့ မိမိက လိုလေ သေးမရှိ ထောက်ပံ့ကူညီထားခဲ့၏။

တစ်နေ့နေ့မှာ ကိုသစ်လွင်ကို အရယူသိမ်းပိုက်ဖို့ပဲ။ နောက်ဆုံး တွင် မိမိရဲ့ မြှူဆွယ်ဖြားယောင်းမှုတွေကို ဘယ်လိုမှ ငြင်းဆန် ရှန်းဖယ်နိုင်စွမ်း မရှိတော့။

သီတာတင်ကို ထားခဲ့ပြီး ဒေါ်ထိပ်တင်ရတနာနှင့် လက်ထပ် ခဲ့သည်။

'ရှင်က သားရဲ့အဖေပဲဖြစ်ရမယ်၊ နာမည်လည်း ပြောင်းရ မယ်၊ ကိုကိုလွင်လို့'

'ထိပ်တင်သဘောပါပဲ၊ ကိုယ် မငြင်းဆန်နိုင်တော့ပါဘူး'

'ကိုကို ဘာစိတ်မကောင်းဖြစ်နေရတာလဲ၊ သီတာတင်တို့ကို အိမ်တစ်လုံး အပိုင်ပေးခဲ့တယ်လေ၊ ရင်းနှီးစားသောက်စရာဆိုရင်လည်း ရှိတယ်။ သူ့ညီမ မာလာတင်တစ်ယောက်လုံးလည်း ရှိတယ်။ မပူနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလွင့်ကို ချစ်လို့လေ၊ ထိပ်တင် ဘယ်လောက်အထိ အနစ်နာခံခဲ့ရလဲ။ ကိုကို့ဘဝကြီး နစ်မွန်းနေရတာ ထိပ်တင် တကယ်ပဲမကြည့်ရက်လို့ပါနော်'

ကိုသစ်လွင်ရဲ့မိန်းမ သီတာတင်ကတော့ ဒေါ်ထိပ်တင်ရတနာအား လာရောက်တွေ့ဆုံခြင်း မရှိပေမယ့် သူ့ညီမမာလာတင်က လာရောက်တွေ့ဆုံခဲ့သည်။

'ရှင်လျော်ကြေးပေးတဲ့ အိမ်ဂရန်နဲ့ ဆိုင်စာချုပ်တွေ ကျွန်မအစ်မက ပြန်ပေးခိုင်းလိုက်တယ်၊ ရှုံလို့တဲ့။ မမမှာ ကိုယ်ဝန်အရင့်အမာကြီးနဲ့လေ။ သူတို့က ငယ်ရည်းစား၊ ငယ်ချစ်ဦးတွေ။ ရှင်ဒီလောက်ပဲ ယောကျ်ားရှားနေလား ဒေါ်ထိတ်တင်ရတနာ။ ယုတ်မာလွန်းတယ်'

'ဟဲ့…နင်တို့အတွက် ပေးသင့်တာ ပေးခဲ့ပြီးပြီပဲ၊ ကိုကိုလွင့်ကိုယ်တိုင်က ငါ့ဘက်ပါနေတာလေ။ မတတ်နိုင်ဘူး၊ မယူရင်လည်း နေပေါ့'

'ကျွန်မအစ်မက ရှင့်လို အောက်တန်းမကျဘူး၊ သူ့ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားတယ်၊ သူ့ယောကျ်ားကိုလည်း စွန့်လွှတ်တယ်၊ ရှင်ကြီး ပျော်ပျော်သာနေပါ ရှော့'

မာလာတင်တို့ညီအစ်မ အိမ်ပေါ်ကနေ ဆင်းပြီး အိမ်ငှားနှင့်နေသည်။ သီတာတင်က စာပန်းထိုးသည်။





မိမိကလည်း ကိုကိုလွင် မသိအောင် အိမ်ဂရန်နှင့် ဆိုင်စာချုပ်တွေကိုယူပြီး ရောင်းစားပစ်လိုက်၏။ ရန်ကုန်သို့ ပြောင်းလာခဲ့ကြသည်။

'ကိုကို သမီးလေးမွေးတယ်လို့ သတင်းကြားတယ်၊ ခဏလေးပဲဖြစ်ဖြစ် သွားကြည့်ချင်တယ်၊ ထိပ်တင်လည်း လိုက်ခဲ့ပါ့။ သီတာတင်က မာနအရမ်းကြီးတယ်၊ ကိုကိုနဲ့ ပြန်မပေါင်းပါဘူး'

'မေ့ပစ်လိုက်တော့ ကိုကို၊ ဘာလုပ်မှာလဲ၊ ရှင့်မှာ သားရှိတယ်လေ။ စည်းစိမ်တွေအပြည့်နဲ့ နေစမ်းပါကိုကိုရယ်၊ နော်'

ကိုသစ်လွင် လူရိုးလူအေး၊ မိမိထိန်းချုပ်မှုအောက်မှာ ပြားပြားဝပ်နေထိုင်ကာ စီးပွားရှာခဲ့သည်။ တိုးတက်ကြီးပွားလာ၏။

သားအဖေအရင်းကလည်း သေဆုံးသွား၍ ဒေါ်ထိပ်တင်ရတနာအတွက် ကိုကိုလွင်အား သားအဖေအရင်းအဖြစ်သာ သိထားစေခဲ့၏။

ကိုသစ်လွင်ကလည်း သားကို ချစ်သည်၊ ယုယကြင်နာသည်။ ဒေါ်ထိပ်တင်ရတနာဘဝ အစစ ပြည့်စုံအောင်မြင်နေပြီးကာမှ ကိုကိုလွင် ဆုံးသွားတာ သုံးလပဲရှိသေးသည်၊ ယခု နုနုထွဋ် ရောက်လာခဲ့သည်။

'မာမီ၊ သားတို့ သွားပြီနော်'

'အန်တီထိပ်တင်၊ နုနုထွဋ်လည်း လိုက်သွားပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



'အေး…အေး'

နုနုထွေး၊ ညည်းလေသံက ဘာသံလဲ။ ခပ်ညုညု ခပ်ချွဲချွဲ လုပ်ထားတဲ့အသံပဲ။

ထိပ်တင်ရတနာရဲ့သားကို အလွယ်တကူရမယ် ထင်နေလား၊ ဝေးသေးတယ်။ ညည်းလို မလောက်လေးမလောက် စားကများ ထိပ်တင်ရတနာကို လာစိန်ခေါ်နေသေးကယ်။

စိတ်ကို တင်းပစ်သည်။

'ချော…ချော…အမလေး၊ ခေါင်းမူးလိုက်တာ၊ မိချော'

'ရှင် မာမီကြီး'

'ဆေး…သွေးဆေးပေးစမ်း၊ ခေါင်းမူးလို့'

'ဟုတ်ကဲ့'

ချောချောဝင်လာပြီး ဆေးပေး၍ သောက်လိုက်မှ ဒေါ်ထိပ်တင်ရတနာရဲ့ တဆတ်ဆတ်တုန်ယင်နေတဲ့နှလုံးက ငြိမ်သက်သွားသည်။

မိမိတုန်လှုပ်နေတာ ထိန်းချုပ်နိုင်ရမယ်။ လုံးဝ အရှုံးမပေးဘူး။ ဘဝတစ်လျှောက်လုံးမှာ မိမိဖြစ်ချင်တာကို ဖြစ်အောင်လုပ်နိုင်ခဲ့ပြီး အောင်မြင်ပြည့်စုံစွာ နေထိုင်ခဲ့တာပဲ။

နုနုထွေးလိုကောင်မကိုများ အရှမ်းကြီးတော့ လုပ်လို့မဖြစ်ဘူး။ သားသိမှာ စိုးရိမ်ရတယ်။ သားသိလို့တော့ လုံးဝမဖြစ်ဘူး။





အသက်ရှူမှန်ဖို့ပင် ကြိုးစားရသည်။

'မာမီကြီး'

'ဘာလဲ'

'နုနုထွေးကို အစ်ကိုလေးက အရမ်းနှစ်သက်နေပုံပဲ။ သည်းသည်းလှုပ်ဖြစ်နေတယ်။ မာမီကြီးပြောတော့ အစ်ကိုလေးအိမ်ထောင်ရေးမှာ မာမီကြီး ဝင်မစွက်ဖက်ဘူးဆို'

'ဒီလိုကောင်မမျိုးနဲ့တော့ လုံးဝပဲ'

'နုနုထွေးက အရမ်းလှတယ်။ ပညာလည်းတတ်တယ်။ မိဘက ဆင်းရဲတာပဲရှိတယ်'

'နှင့်ပါးစပ်ကို ပိတ်ထားစမ်း ချောချော၊ သွားတော့'

'ဟုတ်ကဲ့'

ချောချော ထွက်သွားသည်။ အရင်တုန်းကတော့ သားကို အဆင့်မြင့်မြင့်နေထိုင်တတ်အောင်၊ အကောင်းဆုံးတွေကိုပဲ နှစ်သက်တတ်အောင် မိမိငယ်စဉ်လေးကတည်းက လေ့ကျင့်ပေးထား၍ ဇနီးမယားကိုလည်း သားနှစ်သက်မည့်မိန်းကလေးနှင့်ပဲ လက်ထပ်ပေးချင်ခဲ့သည်။

သားက ညံ့ဖျင်းတဲ့ဇနီးမယားကို မရွေးချယ်နိုင်ဘူးဟု မိမိ ယုံကြည်ထားသည်။

အခုတော့ နုနုထွေးကို ရွေးချယ်တော့မည်။ သား ရွေးချယ်မှုက



www.burmeseclassic.com

www.burmeseclassic.com



မည့်ပေမယ့် ဒေါ်ထိပ်တင်ရတနာကတော့ ဘယ်လိုနည်း နှင့်မှ သဘောတူလက်ခံနိုင်ခြင်းမရှိ။

ဘယ်လိုနည်းနှင့် တားဆီးရမလဲဆိုတာပဲ စဉ်းစားကြံစည်နေသည်။

■ ■ ■



## အခန်း (၄)

နုနုထွေး သဘောကျစွာ ရယ်မောပစ်မိသည်။

ဒေါ်ထိပ်တင်ရတနာ၊ ရှင်ကြီး ဘာတတ်နိုင်သေးလဲ။ ကျွန်မမေမေ ဒေါ်သီတာတင်အတွက် အကောင်းဆုံးလက်တုံ့ပြန်မှုကို ရှင်ကြီးခံရမယ်လေ။

အရမ်းရယ်ရတယ်။ ကြောက်ရွံ့တုန်လှုပ်နေတဲ့ မျက်နှာကြီးနဲ့ ကတုန်ကယင်တွေ ဖြစ်နေတယ်။

နုနုထွေးအတွက် ကိုဖန်နေဝန်းလ်က သီးသန့်အခန်း ပေးထားသည်။

'ကျွန်မမေမေ ဘဝပျက်သွားရတယ်။ အဲဒါ ဒေါ်ထိပ်တင်ရတနာကြောင့်တဲ့။ ကျွန်မ ဘယ်တော့မှ အခဲမကြေနိုင်ဘူး။ ခွင့်လည်းမလွှတ်ဘူး။ ရှင်ကြီးအနားကို အနီးကပ်ရောက်ဖို့ ကျွန်မ ဘယ်လောက်အထိ ကြိုးစားခဲ့ရလဲ'



www.burmeseclassic.com

www.burmeseclassic.com



နုနုထွင့် သုံးနှစ်လောက်အထိ ကြိုတင်ကြံစည်ခဲ့ရသည်။

သူမ ငယ်စဉ်လေးကတည်းက သူမတို့အိမ်နားမှာနေသည့် ကရာတေးဆရာကြီး ဦးနေကျော် သင်ပေးထားသော ကိုယ်ခံပညာတွေကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားလေ့ကျင့်ထားခဲ့သည်။

'မေမေ့သမီးလေးက အရမ်းချောတယ်၊ လှပတယ်။ အန္တရာယ်များတယ်လေ။ ဦးလေးကျော်ဇ် သင်ပေးတဲ့ကိုယ်ခံပညာတွေ တတ်မြောက်ထားသင့်တယ်။ ကြိုးစားနော်'

မေမေ ဒေါ်သီတာတင်ငယ်စဉ်ကတော့ နုနုထွင့်လိုပဲ ချောမောသူပါ။

ဒါပေမဲ့ နုနုထွင့်ကို မွေးပြီးတဲ့အချိန်မှာတော့ သွေးနုနုမှာ စိတ်သောကတွေရောက်ရတာရယ်၊ ညဘက်ကြီး လေတိုက်ထဲမှာ ဆင်းထိုင်နေရတာရယ်ကြောင့် အန်တီမာလာတင်ကပြောတာတော့ မေမေမီးယပ်ကျိုး ကျိုးသွားတာတဲ့။ လက်ထိပ်၊ ခြေထိပ်တွေ ပွဲကျပြီး ကိုယ်အရေပြားရောဂါသည်ကြီးဘဝ ရောက်သွားရရှာသည်။

'မေမေ့သမီးလေးက အရွယ်ရောက်လာပြီ။ အရမ်းလည်း လှပချောမောတယ်။ အိမ်ထောင်ဘက်တွေ့တဲ့အခါ မေမေ့ကြောင့် ဂုဏ်သိက္ခာမဲ့ရမယ်။ မေမေ အိမ်ထဲမှာပဲ နေမယ်။ မာလာတင်နင်ပဲ စောင့်ရှောက်ပါ။ မမကတော့ သမီးလေးဘဝရှေ့ရေးအတွက် သေလူပဲ သတ်မှတ်ထားပါ'





'မေမေ အဲဒီလို မလုပ်ပါနဲ့။ သမီးအတွက် မလိုပါဘူးနော်။ မေမေကို ရွံရှာတဲ့ယောက်ျားကိုလည်း သမီးလုံးဝလက်မထပ်ပါဘူး။ အပျိုကြီးအဖြစ်ပဲ နေမယ်။ မေမေ့အနားမှာ ထွင့် ထာဝရနေထိုင်ပါရစေ'

မေမေထွက်သွားမှာ ထွင့်အရမ်းကြောက်ရွံ့ထိတ်လန့်မိသည်။ သမီးအနာဂတ်ထက် မေမေမရှိတော့ရင် ထွင့်ဘဝမှာ ရပ်တည်နိုင်စွမ်းမရှိနိုင်ဘူး၊ လိုက်သေပစ်မယ်ဆိုမှ မေမေကတိပေးခဲ့၏။

အန်တီမာလာတင်နှင့် တိုင်ပင်ပြီး ထွင့်ထွက်လာခဲ့ခြင်းဖြစ်သည်။

'ကိုဖန်နေဝန်းလ်၊ ရှင်ကြီးကိုလည်း ကျွန်မ အရမ်းမုန်းတယ်။ ဦးသစ်လွင်က ရှင့်အဖေလား။ ဦးကိုကိုလွင်ရော'

ဧည့်ခန်းမှာ ဒေါ်ထိပ်တင်ရတနာနှင့်တွဲလျက် ဖေဖေ့ဓာတ်ပုံကြီး ချိတ်ဆွဲထားသည်။

ထွင့်လေးအဖေက ထွင့်လေးနဲ့ အရမ်းတူတယ်။ ဒါကြောင့် ထွင့်လေး အရမ်းချောတာ။ ကိုယ်လုံးက မမသီတာတင်လေ။ ငယ်ငယ်က မယ်ဗမာရွေးတယ်။

အခုတော့ မေမေ့ပုံစံက တကယ့်ကို ရုပ်ပျက်ဆင်းပျက်။ အဖေနဲ့ ကွဲသွားတော့ အရမ်းကြေကွဲ ဝမ်းနည်းရတာတဲ့။ ရူးမတတ်ပဲ တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးကြောင့် အသက်ဆက်ရှင်ဖို့ မေမေ ဆုံးဖြတ်ခဲ့သည်တဲ့။

'သမီးလေး သုံးနှစ်သမီးလောက်မှာပဲ မမသီတာ ရောဂါစဖြစ်လာတယ်။ သွေးနုနုမှာ ပေတောခဲ့တဲ့ ဒဏ်ပဲလေ။ မီးယပ်ကျိုးတာတဲ့။ ကိုယ်အရေပြားရောဂါသည်ကြီးလို အနာတွေဖြစ်ပြီး ခြေထိပ်၊ လက်ထိပ်တွေ ပုံကုန်တာပါ။ အန်တီမာလာ ရရာအလုပ်လုပ်ပြီး ငွေရှာတယ်၊ ဆေးကုရတယ်။ ဒီထက်ပိုပြီး မဆိုးဝါးတော့လို့ တော်ပါသေးတယ် နုနုထွဋ်ရယ်'

မေမေမှာ ရောဂါဝေဒနာတွေ ခံစားနေရတော့ နုနုထွဋ်က အသက်ငယ်သေးသည်။

မေမေထွက်သွားဖို့ အကြိမ်ကြိမ် ကြိုးစားတာ အန်တီမာလာတင် ငိုယိုတောင်းပန်ထားရတယ်တဲ့။ နုနုထွဋ်ကလည်း မေမေ့ကို ချစ်တယ်။

မေမေ့အတိတ်အကြောင်းတွေ သိရလို့လည်း အရမ်းသနားတယ်။ ဒေါ်ထိပ်တင်ရတနာကို မုန်းတယ်၊ ရွံတယ်၊ နာကြည်းစိတ်တွေနဲ့ လက်စားချေပစ်ချင်တယ်။

မေမေဟာ မေမေပါပဲ။ နူနူဝဲဝဲ ကျိုးကျိုးကန်းကန်း မေမေ့ကိုချစ်တယ်။

ငယ်ရွယ်စဉ်က အရမ်းချောမောလှပခဲ့တဲ့ ဒိန်းမတစ်ယောက်





ပါ။ ခြေတွေ၊ လက်တွေတိုနေပေမယ့် မေမေ့ခန္ဓာကိုယ်ကအစချောမောတောင့်တင်းဆဲပါ။

နုနုထွဋ်ကို ချစ်ရင် မေမေ့ကိုလည်း ချစ်ရမယ်၊ လက်ခံရမယ်လေ။ ဒေါ်ထိပ်တင် သားကို လက်စားချေခွင့်ရတာပဲ နုနုထွဋ်ရင်ထဲမှာ အပြည့်စုံဆုံး ကျေနပ်ပီတိတွေ ပြည့်လျှံနေသည်။

'ဒေါ်ထိပ်တင်သားကို ကောင်းကောင်းပညာပေးပစ်ရမယ်။ သူများယောက်ျားကို ပေါ်တင်ကြီး ရက်ရက်စက်စက် လုယူပစ်လိုက်တဲ့ရှင်ကြီးရဲ့ ယုတ်မာကောက်ကျစ်မှုအတွက် ဒေါ်သီတာတင်ကိုယ်စား နုနုထွဋ် ရောက်လာပြီလေ'

သူမ ရယ်မောပစ်သည်။

ဒေါ်ထိပ်တင်ရတနာရဲ့သား ဖန်နေဝန်းလ်က နုနုထွဋ်ကိုချစ်နေပြီ၊ စွဲလမ်းနှစ်သက်နေပြီ ထင်တယ်။ အခွင့်အရေးတွေက လိုအပ်တာထက် အပြည့်အဝပေးထားသည်။ MD ဖန်နေဝန်းလ်ကလည်း စီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင်နေ၏။ ချမ်းသာလိုက်တာ၊ ရှင်တို့အမေက ဘိုးဘွားစဉ်ဆက် ချမ်းသာခဲ့တာပဲ။

ဖေဖေကတော့ မေမေ အိမ်ပိုင်၊ ဆိုင်ပိုင်တွေနဲ့ ကျန်ရစ်ခဲ့တယ် ထင်နေမှာပါ။ ဒေါ်ထိပ်တင်ရတနာ ပြန်ယူလိုက်တာ သိမှာပေါ့တော်။

ရှင်ကြီးတို့ချမ်းသာသမျှ စည်းစိမ်ဥစ္စာတွေကို နုနုထွဋ်



www.burmeseclassic.com

www.burmeseclassic.com



အကုန်သုံးဖြုန်းပစ်သွားမယ်။ ကိုဖန်နေဝန်းလ်၊ ရှင်လည်း အမြင့်ကနေ တွန်းချခံလိုက်ရတဲ့ အနာကျင်ဆုံးဝေဒနာတွေ ခံစားစေရမယ်။

ဒေါ်ထိပ်တင်ရတနာလည်း ပတ်ဝန်းကျင်မှာ ဝင်မတိုးရဲ လောက်အောင် အရှက်သိက္ခာတွေ ကျဆင်းစေရမယ်။ စိတ်သောက တွေနဲ့ အရူးမကြီးတစ်ပိုင်းဖြစ်သွားအောင် ကျွန်မ လုပ်ပြမယ်။

မေမေ့ဘဝ အစအဆုံးကို အန်တီမာလာတင်ထံမှ သိလိုက် ရတဲ့အချိန်မှာ နုနုထွဋ်ရင်ထဲသို့ အမုန်းတရားတွေက အစိုင်အခဲထုထည် ကြီးမားစွာ တိုးဝင်လာခဲ့ရသည်။

'နုနုထွဋ်၊ မင်းဘာတွေစဉ်းစားနေတာလဲ။ MD က လက်မှတ် ထိုးဖို့ စာရွက်စာတမ်းတွေ ယူလာပါတဲ့။ မင်းဆီ ဖုန်းခေါ်တာ မကိုင် ဘူးဆို။ တို့ MD စိတ်ပူပြီး လာကြည့်ခိုင်းလို့'

'ဟင်… ဟုတ်သားပဲ'

သူမ လက်ကိုင်အိတ်လေးထဲမှ သူမ Hand Phone မြည်နေ တာ သတိမထားမိလိုက်။

MD တပည့် ဂျိမ်းစ်ဘွန်းရဲ့ ပြောင်စပ်စပ် မျက်နှာလေးကို သူမ ခပ်တည်တည် ကြည့်လိုက်သဖြင့် အရှိအသေပေးပြီး ပြန်ထွက် သွားသည်။

'သူ့နာမည်အရင်း ပျောက်ပြီး ဂျိမ်းစ်ဘွန်းဆိုတဲ့နာမည်တွင်နေ တာက မိန်းမချောလေးတွေနဲ့ ဂျိမ်းစ်ဘွန်းလို နေထိုင်တတ်လို့တဲ့'





ဟွန်း…တခြားမိန်းမလှလေးတွေပဲရမယ်။ နုနုထွဋ်ကိုတော့ ဘမစမ်းနဲ့နော်။ မီးပွင့်သွားမယ်။

ဖိုင်တွဲတွေယူပြီး MD အခန်းထဲ ဝင်လာခဲ့သည်။

'နုနုထွဋ်'

'ရှင်'

'မင်း ဖုန်းမြည်နေတာပဲ။ မင်းမကြားဘူးဆို။ မင်း ဘာတွေ စဉ်းစားနေတာလဲကွာ'

'ဆောရီး MD၊ ကျွန်မ အိမ်ကို သတိရသွားလို့ပါ။ မေမေ့ အကြောင်း စဉ်းစားနေမိသွားတယ်'

'ကိုယ် အပြစ်မတင်ပါဘူး။ မင်း ဖုန်းမကိုင်လို့ အရမ်းစိတ် ပူသွားလို့လေ ဂျိမ်းစ်ဘွန်းကို ကြည့်ခိုင်းတာ'

'ကျွန်မရဲ့ အားနည်းချက်က မေမေ့အကြောင်း တွေးမိသွား ရင် ပတ်ဝန်းကျင်ကိုတောင် သတိလက်လွတ် မေ့မြောသွားတတ်တယ်'

'မင်းမေမေကိုပါ ခေါ်ပြီးနေနိုင်အောင် ကိုယ်စီစဉ်ပေးမယ် လေ နုနုထွဋ်'

'ဟင့်အင်း…မလိုပါဘူး။ မေမေက နယ်မှာနေထိုင်ရတာကို ကြိုက်တယ်။ ပူစရာတော့ မရှိပါဘူး။ အန်တီမာလာ ရှိနေပါတယ်'

'မင်း ငွေပို့ပေးမလား။ ကိုယ့်ကို လုံးဝအားမနာနဲ့နော်။ မင်း အ ကြိုက်လေ'



www.burmeseclassic.com

www.burmeseclassic.com



'မလိုပါဘူး MD၊ ကျေးဇူးပါပဲ။ အခုပဲ မေမေဆီ ဖုန်းဆက်ပါတယ်။ သမီးဘဝလုံခြုံအေးချမ်းပါတယ်လို့၊ အဆင်ပြေတယ်လို့လေ။ မေမေက ငွေမလိုပါဘူးတဲ့။ ထွဋ်လေးပဲ အဆင်ပြေအောင်နေထိုင်တဲ့'

နုနုထွဋ်ကို သူ ဘယ်လိုပဲ အိန္ဒြေသိက္ခာတွေ ဆယ်နေပါစေ၊ သူ့နှလုံးသားတွေထဲသို့ စူးနစ်စွာ ချစ်မိသွားသည်။

နုနုထွဋ်က အထက် လူကြီးတွေရဲ့ ထိကပါးရိကပါး ပြောဆိုဆက်ဆံတာမျိုးတွေ မကြိုက်နှစ်သက်ပေ။ မာထန့်စွာ တုံ့ပြန်တတ်သူ။ ဝန်းလ်က ရင်ထဲကချစ်သွားတာပါ။ မြင်မြင်ချင်းပဲ ထင်တယ်။

မင်းလေးဘဝအတွက် အပျော်ရှင်ဆုံးတွေ ပိုင်ဆိုင်ခွင့်ရအောင်ကိုယ်ကာကွယ်စောင့်ရှောက်ပေးချင်တယ်။ ပိုင်ဆိုင်ထားချင်တယ်။

ဝန်းလ်ကိုယ်တိုင်ကလည်း အမဆိုလို့ ယင်မစောင် မသမ်းဖူးဘဲ လူပျိုကြီးပီပီ နုနုထွဋ်အား အရိပ်အခြည်လေးမျှပင် မပြရဲ။

ဒီကောင်မလေး စိတ်ဆိုးသွားမလား။ မျက်ဝန်းမာမာကြီးနဲ့ကြည့်ပြီး ကိုင်ပေါက်ခံရမလား။ စိုးရိမ်ထိတ်လန့်နေသည်။ အသေအချာပင် မကြည့်ရဲ။

နက်ပြာရောင် မီနီစကဒ်တိုတို၊ ဒေါက်ဖိနပ်မြင့်မြင့်နှင့် ကုမ္ပဏီဝတ်စုံနှင့် ပေါင်တံစင်းစင်းတွေ၊ ခြေသလုံးသား ဝင်းဝင်းအိအိတွေကိုလည်း မကြည့်ရဲ။

သေချင်တယ် နုနုထွဋ်။ မင်းကို အတွင်းရေးမှူးခန့်မိတဲ့ ကိုယ့်ဒုက္ခကလည်း မသေးဘူး။ မကြည့်ဘဲလည်း မနေနိုင်ပြန်၊ ကြည့်မိပြီးရင် မျက်ဝန်းတွေက ဖယ်ရှားမရ။ နုနုထွဋ်က အထင်သေးသွားမှာလည်း ကြောက်ရသည်။

'MD'

'ဟင်'

'MD လည်း MD မာမီအကြောင်း တွေးနေတာလား။ ပတ်ဝန်းကျင်ကို သတိလက်လွတ်ဖြစ်နေလို့'

'အင်း… ဟုတ်တယ်၊ ကိုယ်စဉ်းစားနေတာက မာမီ နေကောင်းဘူးထင်တယ်။ အတွေးက ရောက်သွားတယ်ကွာ။ ဆောရီး နုနုထွဋ်။ ထားခဲ့လေ၊ ကော်ဖီတစ်ခွက်တော့ ဖျော်ပေးပါ'

'ဟုတ်'

နုနုထွဋ် ပြန်ထွက်လာခဲ့သည်။

ရှင်ကတော့ ရိုးသားပါတယ်။ ရှင့်အမေအကြောင်း စဉ်းစားတာ မဟုတ်ပါဘူး။

နုနုထွဋ်အလှတွေကို ငေးနေတာပါ။ ထိဖို့ပေါ့ မကြိုးစား[illegible]။ ကျွန်မက ကိုင်ပေါက်ပစ်တတ်တယ်။

ကျွန်မအမုန်းဆုံးယောကျ်ားက ရှင်လေ။ အပြစ်မရှိတာ၊ ရိုးသားမှုရှိတာထက် ဒေါ်ထိပ်တင်ရတနာရဲ့သား ဖြစ်နေလို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



နုနုထွဋ် မေမောဝကို ဖျက်စီးသွားတဲ့ နုနုထွဋ်တို့မိသား ဘဝကို ပြိုကွဲအောင် လုပ်ပစ်ခဲ့တဲ့ မိန်းမကြီးရဲ့သားပဲ။

ကော်ဖီခွက်ကို ဇွန်းနှင့် ခပ်နာနာ မွှေနှောက်ဖျော်ရင်း M ဖန်နေဝန်းလ်အပေါ် မုန်းတီးနာကြည်းမှုတွေကို ဖျောက်ပစ်နေရသည်

'သုံးဆောင်ပါ'

'နုနုထွဋ်'

'ရှင်'

'ကိုယ့်ကို တရိုတသေကြီး ပြောဆိုဆက်ဆံနေတာ၊ အဲဒီ မျိုး မလုပ်ပါနဲ့'

'ကျွန်မနဲ့ MD က အလုပ်ရှင်နဲ့ အလုပ်သမားလေ။ ကျွ က ရောက်စပဲရှိသေးတာပါ။ ပတ်ဝန်းကျင်က ပြောစရာဖြစ်နိုင် တယ်။ MD က ယောက်ျားလေးဆိုတော့ အကြောင်းမဟုတ်ပေမေ ကျွန်မက မိန်းကလေးလေ'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ မင်းပြောတာ မှန်ပါတယ်။ တက ပဲကွာ၊ ကိုယ်ကြောင်နေပြီ။ အရင်က ကိုယ့်အတွင်းရေးမှူးတွေလ ကိုယ့်ကို တရိုတသေဆက်ဆံကြတာပဲ။ မင်းလည်း ဆက်ဆံ တယ်'

ဖန်နေဝန်းလ်ဆိုတဲ့ ဖျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် မင်းသား ပါးက နုနုထွဋ်ကို သူ့လက်အောက်ဝန်ထမ်းနဲ့တွေ့မှ ဝန်းလ် ပျ ခတ် အရိုပ်လိုကြည့်ချင်နေသည်။





ဟန်ဆောင်မဆောင်နိုင်။

မာမီကလည်း ချွေးမလေးရဲ့ အရည်အချင်းတွေကြောင့် သူ့ကို မကန့်ကွက်ဘဲ လက်ခံနေ၏။

ဖန်နေဝန်းလ်က ဂုဏ်ပကာသနတွေကို မမက်ဘူး။ သူ့နှလုံး သားတွေထဲမှာ နှစ်နှစ်ကာကာ ချစ်နိုင်မယ့်မိန်းကလေးကိုပဲ လက်ထပ် ပါရစေ၊ ခွင့်ပြုပါဟု မာမီကို တောင်းဆိုထားခဲ့သည်။

'သားသဘောပဲ။ သားက အကောင်းဆုံးတွေ နှစ်သက်ရွေး ချယ်ထားတတ် ပါကွယ်။ မာမီ ယုံပါတယ်'

သူကိုယ်တိုင်ကလည်း အရည်အချင်းမရှိ သည့်မိန်းကလေး တွေအပေါ် အထင်မကြီးတတ်။ စိတ်လည်း မဝင်စားမိ။

နုနုထွဋ်နှင့်တွေ့မှပါ။

ဖန်နေဝန်းလ်ကို အကာအကွယ်ပေးနိုင်သော စီးပွားရေးမှာ လည်း အကူအညီပေးနိုင်သူ။

ပြီးတော့လည်း ချောမောလှပငွန်းသူ။ ဘာလိုသေးလဲ၊ ပြည့်စုံနေသည်။

'MD ဘာလိုသေးလဲဟင်'

'ဘာမှမလိုဘူး။ မင်းက အရာအားလုံးပြည့်စုံတယ်'

'ရှင် ဘာတွေပြောနေတာလဲ။ ကျွန်မပြောတာက ကော်ဖီ အရသာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

'MD အကြိုက်ကို မသိတော့ ဘာများလိုနေသေးလဲလို့ မေးတာပါ'

'သြော်…ဟုတ်သားပဲ။ မလိုပါဘူး၊ ကိုယ်လည်း အဲဒါပြောတာပါ။ မင်းလက်ရာက ကိုယ့်အကြိုက်ပဲ။ ကိုယ်က စိမ့်စိမ့်လေးကြိုက်တာ'

'ဟုတ်လား၊ ကျွန်မက အရမ်းချိုစိမ့်ကြိုက်တယ်ထင်လို့ သကြားတွေ၊ နို့ဆီတွေ များများထည့်မိလို့'

'အတော်ပဲ၊ အတော်ပါပဲ'

'သွားခွင့်ပြုပါဦးနော်။ လိုအပ်ရင် ခေါ်လိုက်ပါ'

'အိုကေ'

နုနုထွန်းထွက်သွားမှ သူ ကော်ဖီအရသာကို သေသေချာချာ ခံသောက်ကြည့်တော့မှ ချိုချိုအီအီအရသာပါ။

သူက အစိမ့်ကြိုက်တာ၊ အချိုမကြိုက်။ ဒီကောင်မလေးရှေ့ ရောက်လျှင် အယောင်ယောင်အမှားမှားနဲ့ပါလား။ သတိထား ဆင်ခြင်ရမယ်။

မင်း ပျာယာခတ်နေလို့ မဖြစ်ဘူး ဖန်နေဝန်းလ်။

ကောင်မလေး အထင်သေးသွားနိုင်တယ်။ အခန့်မသင့်ရင် ကိုင်းပေါက်ခံရမှာ။





သတိထား ဖန်နေဝန်းလ်။

မာနကြီးတခွဲသားနှင့် တည်တည်တင်းတင်းနေနိုင်တဲ့ ဖန်နေဝန်းလ်တစ်ယောက် နုနုထွန်းနှင့်တွေ့မှ ရူးသွပ်သွားမတတ် ငမ်းငမ်းတက်ကြိုက်နေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဒေါ်ထိပ်တင်ရတနာရဲ့ သားဖန်နေဝန်းလ်က နုနုထွဋ်ရဲ့ ဖြူးယောင်းသွေးဆောင် မြူဆွယ်မှုထောင်ချောက်ထဲ တိုးဝင်သက်ဆင်းလာပြီဖြစ်သည်။

နုနုထွဋ်ရဲ့ဖေဖေကိုလည်း ဒေါ်ထိပ်တင်ရတနာက ရက်ရက်စက်စက် ငွေညှာထောက်ထားမှုကင်းမဲ့စွာ ထောင်ချောက်ဆင်ဖမ်းဆီး သိမ်းပိုက်ခဲ့တာပဲ။

ကိုသစ်လွင်မှာ အပြစ်မရှိပါဘူး။ မမသီတာတင်အပေါ် သစ္စာရှိပြီး ချစ်မြတ်နိုးခဲ့တာ ကိုသစ်လွင်နဲ့ မမသီတာတင်တို့ လက်ထပ်ပြီး ၆ နှစ်လုံးလုံး ကလေးမရကြဘူး။

တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် အရမ်းချစ်ကြတာပါ။ ဟိုမိန်းမကြီးကြောင့်ပဲ။ ကိုသစ်လွင်က ယောကျ်ားပီသပြီး ခန့်ခန့်ချောချော။





ဒေါ်ထိပ်တင်ရတနာက သူ့ယောကျ်ားကို ကွဲပြီးတော့ ဖေဖေ့ကို အရယူခဲ့တာ။ ဒေါ်ထိပ်တင်ရတနာ ဘာတတ်နိုင်သေးလဲ။ ရှင်ကြီး ပြန်ပေးဆပ်ရမယ်။

မေမေ့ဘဝက လူတောထဲတောင် မတိုးရဲတာ နှစ်ပေါင်းကြာပြီပဲ။ နုနုထွဋ်တို့မိသားစုဘဝ ဂုဏ်သိက္ခာကင်းမဲ့စွာ ပြိုကွဲခဲ့ရတဲ့ အဖြစ်တွေအတွက် ရှင်ကြီးကိုယ်တိုင် ရင်ကွဲမတတ် နှလုံးသားတွေ အစိတ်စိတ်အမွှာမွှာ ကွဲအက်သွားရတဲ့အထိ ခံစားစေရမယ်။

MD ဖန်နေဝန်းလ်ကိုယ်တိုင် နုနုထွဋ်ကို အသည်းအသန် ကြွေသွားပြီလေ။

နုနုထွဋ်နှုတ်ခမ်းလေးတွေအပေါ်မှ အပြုံးတွေ တောက်ပနေသည်။

'နုနုထွဋ်'

'Hello ဂျိမ်းစ်'

'အမလေး ကြောက်လိုက်တာ၊ ခေါ်ပုံက'

ညှို့ယူနိုင်စွမ်းအားပြင်းတဲ့ နုနုထွဋ်ရဲ့ မျက်ဝန်းအကြည့်တွေနှင့် ခပ်ညုတုတုအသံ ချိုအီအီကို နောက်ပြောင်နေမှုန်း သိသိကြီးနှင့် ဂျိမ်းစ်ဘွန်းပင် ကျောချမ်းသွားရသည်။

အရမ်းလှတဲ့ နုနုထွဋ်နာမည်နှင့် လိုက်ဖက်စွာ နုထွဋ်အိစက် ဖြောင့်စင်းနေတဲ့ နုနုထွဋ်၊ သူ့အမေ ရွှေမှုန်စားပြီးများ မွေးလာတာလား။ တာဝတိံသာနတ်ပြည်မှ ပြုတ်ကျလာတာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကြောက်စရာကောင်းတယ်။ နှုတ်ခမ်းထူထူအမ်းအမ်းပုံ့ပုံ့ နှင်းဆီငုံအာအာလေးက ပြုံးနေပေမယ့် သူမမျက်ဝန်းအထဲမှာက ခက်ထန်မာကျောနေသည်။

'Hello ဂျိမ်းစ်။ ပြောလေ၊ ဘာကိစ္စလဲ။ ငမ်းလှချည်လား'

'အား…မဟုတ်ပါဘူး၊ ခဏလေးပါ။ မှင်တက်မိသွားတာထင်တယ်။ လူ…လူတော့ ဟုတ်ပါတယ်နော်'

'မဟုတ်ဘူး'

'ဗျာ'

'သူယောင်မယ်'

'မမလေးနုနုထွဋ်က နောက်တတ်သားပဲ။ ကြောက်ပါတယ်၊ လေးစားပါတယ်၊ စိတ်နဲ့တောင် မပြစ်ရဲပါဘူး MD ဖန်နေဝန်းလ်ရဲ့'

'ဘာပြောတယ်'

'ဟို…ဟို၊ MD ဖန်နေဝန်းလ်ရဲ့ အတွင်းရေးမှူးလေးကိုလို့ပြောမလို့ပါ။ နောက်ပြန်ဆုတ်ပါ'

သူမက ဘာပြောတယ်ဟု မာမာထန်ထန်ပြောပြီး သူ့အနားတိုးကပ်လာ၍ ဂျိမ်းစ်ဘွန်းပင် ကြောက်လန့်တကြား နောက်သို့ ဆုတ်ပစ်ရသည်။

မလွယ်ဘူး၊ သူ့ရှေ့မှာပင် ဒါရိုက်တာထက်ရှိုင်းကို ကိုင်ပေါက်ပစ်လိုက်သူ။ ဂျိမ်းစ်ဘွန်း လက်အုပ်ချီ တောင်းပန်ရသည်။





'ဟို…ဟို၊ MD က အပြင်သွားစရာရှိတယ်၊ ယူစရာရှိတာတွေ ယူပြီး ကားပေါ်ကနေ စောင့်နေပါတဲ့၊ ပြောခိုင်းလိုက်လို့ပါ'

'သိပြီ၊ သွားတော့'

သူယောင်မယ်တဲ့၊ အမလေး ကြောက်စရာကြီး။ နည်းနည်းလေးမှ ဆတ်ဆတ်ထိမခံ။

MD ဖန်နေဝန်းလ်က အရှုးအမူး ကြွေနေတာ၊ တပည့်ကျော်ဂျိမ်းစ်ဘွန်း သိနေသည်။ MD က လူရိုး၊ ယင်မ၊ ခြင်မတောင်မသန်းဖူးခဲ့။ မိန်းမတွေနှင့် လုံးဝကင်းရှင်းသူ။ သူ ယောင်မယ်နှင့်မှတွေ့ရတယ်လို့။

MD ကိုတော့ အနီးကပ် ကြီးကြပ် သင်တန်းပေးဖို့ လိုပြီဟု ဂျိမ်းစ်ဘွန်း စဉ်းစားထားလိုက်သည်။

'ဂျိမ်းစ်ဘွန်း၊ မသွားသေးဘဲနဲ့ ဘာရပ်လုပ်နေတာလဲ'

'ဟုတ်ကဲ့၊ သွားမှာပါ။ MD မှာတာ ဘာများကျန်သေးလဲလို့ စဉ်းစားနေတာပါ။ သွားပြီခင်ဗျာ'

'အဟွန်း…ဟွန်း…ဟွန်း'

သူမ ရယ်ပစ်လိုက်သည်။ ဂျိမ်းစ်ဘွန်းက MD ဖန်နေဝန်းလ်ရဲ့တပည့်တဲ့၊ အလွန်ရင်းနှီးသူ။

ရှင်က မိန်းမကိစ္စမှာ လုံးဝကင်းရှင်းတဲ့ လူပျိုကြီးရဲ့ဆရာပဲ မလား။ အရမ်းအောင်မြင်တဲ့ လုပ်ငန်းရှင်ကြီးတစ်ယောက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှတ်သမီးငါးရာလောက်တောင် ရှိနိုင်တယ်။ ရှူးနေလား၊ လှုပ်ရှားကြီးစစ်စစ် ရေမရောဘူးလား။

ဘာပဲဖြစ်ဖြစ် MD ဖန်နေဝန်းလ်ကတော့ နုနုထွဋ်ရဲ့ သားကောင်ပဲလေ။ နှစ်တွေအကြာကြီး တောကျွမ်းအောင် လေ့ကျင့်ထားတဲ့ မုဆိုး၊ သေပြီသာမှတ်။

သူမမျက်ဝန်းတွေ မာကျောတည်တင်းနေသည်။

'နုနုထွဋ် ဆင်းမလာသေးဘူးလား။ ဘာလုပ်နေတာလဲ'

'ဟုတ်ကဲ့၊ လာပါပြီ MD။ လိုအပ်တာတွေ ယူနေလို့ပါ'

MD ဖန်နေဝန်းလ်တောင် ကားပေါ်ရောက်နေပြီပဲ။ နုနုထွဋ်က အရင်ရောက်ရမှာ။

ဘာတွေ စိတ်စောနေတာလဲ။ ရှင့်အကြောင်းမရှိ အကြောင်းရှာ နုနုထွဋ်ကို အပြင်ခေါ်ထုတ်တာတော့ မဟုတ်ပါဘူးနော်။

သူမ ဖိုင်တွေယူပြီး ခပ်သွက်သွက်လေး ဆင်းလာသည်။

'ဒေါက်… ဒေါက်'

'ဒေါက်'

'ဒေါက်'

နုနုထွဋ် ခြေလှမ်းလေးတွေ လှမ်းလိုက်တိုင်း ဒေါက်ဖိနပ်သံလေးက စီးချက်ညီညီ ထွက်ပေါ်နေသည်။ ကျော့ရှင်းတောင့်ဖြောင့်သည့် စတိုင်လ်က အပြည့်။ သူမလျှောက်လာတိုင်း ငေးမောကြည့်ရ





ကြရစမြဲ။ နှစ်ခါ၊ သုံးခါလောက် ပြန်လှည့်ကြည့်နေကြတဲ့ လူတွေကို တည်တည်တင်းတင်း အရေးမစိုက်ဘဲ ဖြတ်ကျော်သွားနိုင်သည်။

'ဒေါက်… ဒေါက်'

'ဒေါက်'

'ဒေါက်'

'ဟိုမှာ ကြည့်စမ်းပါ MD၊ ဂျမ်းစ်ဘွန်းတောင် သွားရည်ကျသွားတယ်'

'ဟော့ကောင် တိတ်'

ဂျိမ်းစ်ဘွန်းပြောသံတွေက ဖန်နေဝန်းလ်အတွက် အာရုံနောက်စရာ။

သူ့ထံသို့ နုနုထွဋ် လျှောက်လာနေသည်။ အနီးကို အမြန်ဆုံးရောက်လာမှာပင် ကြောက်နေ၏။

စတိုင်လ်အပြည့်။ မြင်ရသူငေးရတဲ့ ဖျိုမဒီလေးပါ။ ၅ လက်မလောက်မြင့်တဲ့ ဒေါက်အမြင့်က သူမခန္ဓာကိုယ်လုံးလေးအား ပင့်တင်ပေးထားသလို မော်ဒယ်လ်တွေ ရှိုးလျှောက်နေတာထက်ပင် စတိုင်လ်ကျကျလှလှ သူမ လျှောက်လာနေသည်။

'MD'

'ဘာလဲ ဂျိမ်းစ်ဘွန်း'

'မျက်တောင်လေး ခတ်ပါဦး၊ နုနုထွဋ်က အနားရောက်လာတော့မယ်နော်။ သတိထား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်သားပဲ'

နုနုထွေး်တစ်ယောက် ဖန်နေဝန်းလ်ရဲ့မျက်ဝန်းတွေရှေ့ ရောက်လာနေတာပင် သတိမထားမိ။ ဂျိမ်းစ်ဘွန်း သတိပေးမှ အိန္ဒြေသိက္ခာကို ပြန်ထိန်းရသည်။

ဖန်နေဝန်းလ်မျက်နှာကို ပြင်၏။ နုနုထွေး်အပေါ် အာရုံးစူးစိုက်မှု သိပ်မရှိတဲ့ဟန်၊ သူ့မျက်နှာကိုလည်း အတွင်းရေးမှူးမ ပျက်ကွက်မှုအတွက် စိတ်ဆိုးဒေါသဖြစ်ဟန်လည်း သိပ်မပြရဲ။

သူ့အနားကနေ ပျောက်ကွယ်သွားမှာ စိုးရိမ်နေသည်။ နုနုထွေး် စိတ်ဆိုးပြီး အလုပ်ထွက်သွားမှာ အစိုးရိမ်ဆုံးပင်။

ဂျိမ်းစ်ဘွန်းက သူမအား ကားတံခါးဖွင့်ပေးသည်။

'ဆောရီး MD၊ အလုပ်ဝင်ကာစမို့ ထွေး် နေးကွေးနေသလိုပဲ။ MD က စိတ်စောပြီး အရင်ထွက်သွားတာကိုး။ ထွေး် အရမ်းညှိဖျင်းသွားလားဟင်။ တကယ်ဆို MD ကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမှာပါ'

'ရတယ် နုနုထွေး်၊ ကိုယ်က စိတ်မြန်တယ်။ မင်းတော်ပါတယ်။ အခုမှ အလုပ်ဝင်စဆိုတော့ ဖြစ်တတ်ပါတယ်'

တို့ MD ကတော့ လုပ်ချလိုက်ပြန်ပြီ။

နုနုထွေး် ကော်ဖီတစ်ခွက်ဖျော်ပေးတာပဲ ရှိသေးတယ်။ မင်းတော်တယ်တဲ့။





အရင်က အတွင်းရေးမှူးမလေးတွေ အလုပ်ပြုတ်တာ နှေးကွေးလို့တဲ့သူက ပြောမှသိတာ၊ လုပ်တာမျိုး မကြိုက်။ မျက်နှာထားတင်းတင်းနှင့် မင်းညှိတယ်၊ အလုပ်မဖြစ်ဘူးတဲ့၊ တစ်ခွန်းပဲပြောပြီး အလုပ်နားစေသည်။

'ဂျိမ်းစ်ဘွန်း မောင်းတော့'

'ဟုတ်ကဲ့ပါ MD'

လေသံက ပျော့ပျော့၊ ကြည့်ရတာ နုနုထွေး်အလုပ်ထွက်သွားမှာ ကြောက်နေပုံပင်။

ဘယ်တုန်းကများ တို့ MD သဘောကောင်းသွားတာလဲ။ အလုပ်မှာတိကျမှု၊ စည်းကမ်းတကျလုပ်ဆောင်မှု၊ အချိန်ပြည့် ကြိုးစားမှု နှစ်သက်တတ်သူ။

အတွင်းရေးမှူးမလေးတွေ ဘယ်လောက်ချောချော မျက်နှာသာနည်းနည်းလေးမှ မပေးတတ်တဲ့ တို့ MD ဖန်နေဝန်းလ်ကို ဝန်ထမ်းတွေအားလုံးက ချစ်ကြောက်ရိုသေကြရသည်။

'MD'

'ပြော'

'ကျွန်တော် ဘယ်ကိုမောင်းရမှာလဲ ခင်ဗျာ'

ဟုတ်သားပဲ၊ ဖန်နေဝန်းလ် ခပ်ကြောင်ကြောင်နဲ့ သွားစရာနေရာကြီးကိုစွမရှိဘဲ နုနုထွေး်မျက်နှာလေးကို အချိန်ပြည့် ငေးတွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်လာ၍ အကြောင်းမရှိ အကြောင်းရှာကာ အပြင်ခေါ်ထုတ်လာခဲ့မိ နေသည်။

သေရောပဲ၊ စဉ်းစားစမ်း၊ မင်းရဲ့ဂုဏ်သိက္ခာအတွက် အရေး တကြီး သွားစရာတစ်နေရာတော့ သွားမှဖြစ်မယ်။ ဒီကောင် တပည့် ကျော်ဂျိမ်းစ်ဘွန်းက အလိုက်သိစွာ ခပ်တိုးတိုးကပ်မေးလို့ တော်သေး သည်။

'ကျွန်တော်တို့ ဒါရိုက်တာထက်ရှိုင်းဆီ အရင်သွားမလား MD။ သူနဲ့ သွင်းကုန်ကိစ္စ တွေ့ဖို့ရှိတယ်လေ'

'ဒီကောင်ဆီ မသွားချင်ဘူး'

'ဘာဖြစ်လို့လဲ MD။ ဒီနေ့ ဒါရိုက်တာထက်ရှိုင်းနဲ့ပဲ ကိ ရှိတာလေ။ သူ့ရုံးခန်းပဲ သွားစရာရှိပါတယ်။ MD ရဲ့နုနုထွဋ်ကို ငမ်းမှာ ကြောက်လို့လား'

'ဟော့ကောင် ဂျိမ်းစ်ဘွန်း'

ဂျိမ်းစ်ဘွန်းပြောတာ မှန်သည်။

တပည့်ကျော်က အထာသိသည်။ ထက်ရှိုင်းနဲ့ပဲ အရေး တကြီးကိစ္စရှိတာပါ။ ဒီကောင်က နုနုထွဋ်ကို ငမ်းနေတဲ့ကောင် နုနုထွဋ်ကိုသာ ရမယ်ဆိုရင် သူ့မိန်းမကို ကွာရှင်းမယ်တဲ့။

ဂျိမ်းစ်ဘွန်းက ထက်ရှိုင်းရုံးခန်းကို မောင်းသည်။

'နုနုထွဋ်၊ မင်း ကားပေါ်ကပဲ စောင့်နေပါ'





'ရှင်…ဘာဖြစ်လို့လဲ MD။ ထွဋ်က MD ဘေးမှာ ရှိနေရ တယ်လေ'

'ထက်ရှိုင်းရုံးခန်းဖြစ်နေလို့ပါ နုနုထွဋ်။ မင်းမလိုက်ချင်ဘူး လားလို့ပါ'

'ရပါတယ် MD၊ အလုပ်လုပ်တာပဲ။ ကျွန်မ တာဝန်ကျေချင် ပါတယ်။ အလုပ်က အလုပ်ပဲလေ။ နုနုထွဋ် ခွဲခြားထားပါတယ်'

မလိုက်ပါနှင့်ဆိုမှ နုနုထွဋ်က လိုက်ပါမယ် ပြောနေ၍ ဖန်နေ ဝန်းလ် နည်းနည်းကျွဲမြီးတိုချင်သွားရသည်။

စိတ်တိုတယ်ကွာ၊ မင်းကို ထက်ရှိုင်း ငမ်းနေရင် ကိုယ့်ဒေါသ ပေါက်ကွဲမလားပဲ။ နုနုထွဋ်က လိုက်မယ်ဆိုတော့လည်း ဖန်နေဝန်းလ် လုံးဝမတားနေတော့ဘဲ ရှေ့ကနေ ထွက်လာခဲ့သည်။

ထက်ရှိုင်းနဲ့တွေ့တော့ ထုံးစံအတိုင်းပဲ၊ နုနုထွဋ်ကို ကျော် ကြည့်နေသဖြင့် သူစိတ်တိုသွားချင်၏။ ဒါပေမဲ့ သူအဖြစ်သည်း ပြနေတာ လူသိမှာစိုး၍ မသိချင်ဟန်ဆောင်ပစ်လိုက်၏။

မင်းကာရော နေခဲ့ပါဆိုမှ မင်းအလုတွေကို ပြချင်လို့ တက်ခဲ့ တာလား။

အလုပ်ကိစ္စကရှိနေ၍ ထက်ရှိုင်းနှင့် ဆွေးနွေးစရာရှိတာ ဆွေးနွေး၊ လက်မှတ်ထိုးစရာရှိတာ ထိုးပြီး ထက်ရှိုင်းတားနေသည့် ကြားမှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖန်နေဝန်းလ် နေပါဦးကွ။ စားစရာတစ်ခုခုနဲ့ ညှေ့်ခံပါရ
ဘယ်လိုဖြစ်တာလဲ'

'အလုပ်တွေရှိသေးတယ်'

ထက်ရှိုင်းကို ကျော်ခိုင်းလျှောက်သွားရင် လက်ဖြန့်တ်ဆေ
ကာ ခက်လေ့ကားထဲ ဝင်လာခဲ့သည်။

'ဒါရိုက်တာထက်ရှိုင်းကို အားနာလိုက်တာ MD ရယ်
တောင်းပန်လိုက်ရရင် ကောင်းသားပဲ။ MD က အလောတကြီး ပြန်
နုနုထွဋ် စိတ်ထဲမှာ အားနာပြီး တောင်းပန်ချင်လိုက်တာ'

'ဘာ'

'အမလေး လန့်သွားတာပဲ။ MD၊ တော်သေးတယ်
ခက်လေ့ကားထဲမှာ နှစ်ယောက်တည်းဖြစ်နေလို့'

MD ဖန်နေဝန်းလ်တစ်ယောက် ကျွဲမြီးတိုနေတာ နုနုထွ
သိနေ၍ တမင်ကလိပစ်လိုက်တာပဲ ဖြစ်သည်။

မျက်နှာကြီးက စူပုတ်ပုတ်၊ ရှင် သဝန်ကြောင်နေတာ
မဟုတ်လား။ စောစောကတည်းက မလိုက်စေချင်တာကို နုနုထွ
တမင်လိုက်လာခဲ့တာပါ။

ရယ်ရတယ်၊ ဘယ်လိုဖြစ်ရတာလဲ လူပျိုကြီးရဲ့။ ဟန်တော
မဆောင်နိုင်ဘူး။ သရုပ်ပျက်တယ်နော်။ ဒူမ ရယ်ချင်သည်။

'ကိုယ်က ကိုယ့်ဝန်ထမ်းတွေကို ထိကပါး ရိကပါးနဲ့လုပ်တာ





ကြိုက်ဘူး။ အလုပ်သဘော ပတ်သက်နေလို့ပါ။ မင်းလည်း စိတ်ထဲ
တားနဲ့။ တောင်းပန်စရာလည်း မလိုပါဘူး။ နုနုထွဋ်၊ ကိုယ့်အတွင်း
မလေးအနေနဲ့ မာနထားတာ ကောင်းတယ်'

'နုနုထွဋ်က MD မျက်နှာကြောင့်ပါနော်။ ဒါပေမဲ့လေ ဒီလူ
ရဲ့တွေ MD တို့ဘက်က ခွင့်ပြုထားတယ်လို့ ထင်မိတာ။
အတွင်းရေးမှူးမလေးတွေကိုလည်း MD ရှေ့မှာ ထိကပါး ရိက
လုပ်နေကျထင်ထားတာ'

'ဟာ…မဟုတ်တာ၊ ကိုယ်ဘယ်တုန်းကမှ ခွင့်မပြုထားဘူး။
အဲဒီလောက် စိတ်ခက်အောက်တန်းမကျပါဘူး'

'ဆောရီးနော်၊ တောင်းပန်ပါတယ် MD'

ခက်လေ့ကားထဲမှာက နှစ်ယောက်တည်း ရင်တွေ တဒိန်း
ခုန်နေသလိုပင်။

နုနုထွဋ်ရဲ့ ကိုယ်သင်းရနံ့လေးက မွှေးမွှေးပျံ့ပျံ့ သင်းသင်း
ဖန်နေဝန်းလ်ခန္ဓာကိုယ်မှာ အပူရှိန်တွေ တက်လာပြီး ချစ်သူ
ယောက်အဖြစ် သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက် နမ်းပစ်ချင်သည်။

စိတ်ကို ထိန်းစမ်း၊ ဖန်နေဝမ်းလ်။ မင်းအရင်က အဲဒီလိုမှ
တာ။ နုနုထွဋ်ရယ်၊ ကိုယ်ပွင့်လင်းချင်တယ်။ မင်းကို ချစ်နေမိပြီ။
စိတ်တွေကို ထိန်းချုပ်နေရတာ ရင်မောတယ်ကွာ။

နုနုထွဋ် အလုပ်ဝင်တာ မကြာသေးဘူး။ အလုပ်ရှင်က



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရေးဆိုရင်လည်း မကောင်းပါဘူး။ ကိုယ့်ဂုဏ်သိက္ခာကျရမှာထက် မင်းအထင်သေးမှာ အကြောက်ဆုံးပဲ။ မင်းရှေ့မှာ ကိုယ်သိမ်ငယ်နေ သလို ခံစားနေရတယ်။

တစ်ကြိမ်တစ်ခါတောင် မိန်းကလေးတစ်ယောက်ရှေ့မှာ မဖြစ်ခဲ့ပါဘူး။ ဖန်နေဝန်းလ် ရင်ထဲမှာရှိနေတဲ့ အသည်းနှလုံးတွေ တဆတ်ဆတ် တဒိန်းဒိန်း တုန်ယင်နေသည်။

■ ■ ■



## အခန်း (၆)

တပည့်ကြီးဂျိမ်းစ်ဘွန်းရဲ့ ကောင်းမှုကြောင့် နုနုထွဋ်နှင့် သူ တစ်နေကုန်နီးပါး လည်ပတ်နေရသည်။ မလိုအပ်တဲ့ပစ္စည်းတွေကိုပင် နုနုထွဋ်ကို ရွေးချယ်စေပြီး ဝယ်နေခဲ့၏။

နုနုထွဋ်အတွက် ကိုယ်ဝယ်ပေးမယ်ဆိုတော့ ကျွန်မအတွက် လိုပါဘူးတဲ့။ မြိုးမြိုးမြောက်တာတတ်တဲ့ အကျင့်ကို ပျောက်သွားမှာ ကြောက်လို့ပါတဲ့။

သူသတိထားမိတာ နုနုထွဋ်မှာ အဝတ်အစား၊ အသုံး အဆောင်တွေ ကောင်းကောင်းမရှိ။ သူမအကြိုက်ဆုံးက ပဖြူတ်နံ့ပြား တဲ့။

သူက ဝယ်ပေးချင်ပေမယ့်လည်း နုနုထွဋ် အထင်လွဲမှာ ကြောက်၍ သူလိုအပ်တာပဲ ဝယ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'နုနုထွေး က မြိုးခြံချောတာနေရမယ်လေ။ လခလည်း မေမေ့ဆီ ပို့ရမှာ။ မေမေက စက်ပန်းထိုးတာ မလုပ်နိုင်တော့ပါဘူး'

'လခကြိုထုတ်မလား နုနုထွေး'

'ဟင့်အင်း'

'MD၊ ဒီလိုလုပ်ပါလား။ မနုနုထွေးက တစ်လ နှစ်သိန်းဆိုတော့ ဆယ်နှစ်စာ သိန်းနှစ်ရာ ထုတ်ပေးလိုက်ရင်ရော'

'ရတာပဲ၊ ဆယ်နှစ်စာ ထုတ်မလား၊ အနှစ်နှစ်ဆယ်စာ ထုတ်မလား၊ ကြိုထုတ်လေ'

'အို…မဟုတ်တာပဲ။ ဘာလဲ၊ MD ဆီမှာ ကျွန်မက မသေမချင်း လုပ်ရမှာလား'

'ဟာ…ဟုတ်သားပဲ။ ဂျိမ်းစ်ဘွန်း၊ မင်းဘာတွေလျှောက်ပြောနေတာလဲကွ။ ကိုယ်တောင် ယောင်သွားတယ်။ နုနုထွေးဆန္ဒအတိုင်းပဲလုပ်ပါ။ ကိုယ်တို့ကုမ္ပဏီက ဝန်ထမ်းတွေကို အကူအညီပေးတတ်ပါတယ်။ နေစရာ၊ ထိုင်စရာ အခက်အခဲဖြစ်နေရင်ပေါ့လေ'

'မလိုပါဘူး၊ လခပဲ တစ်လတစ်ခါရရင် ဖြစ်ပါတယ်။ မေမေက နယ်မှာ အိမ်ပိုင်၊ ယာပိုင်နဲ့ နေတာပါ။ လခပဲ ပို့ပါ့မယ်။ ပြီးတော့ စားသောက်စရိတ်မှ မရှိတာ။ ကျွန်မ စုဆောင်းနိုင်ပါတယ်'

ကိုဖန်နေဝန်းလ်က တကယ်ပဲ ရိုးသားဖြူစင်နေတာလားပဲ။ မိန်းမတွေအကြောင်း နားမလည်သလိုကြီး ပြောဆိုဆက်ဆံပုံက ရိုးအအ





ဂျိမ်းစ်ဘွန်းက သူ့ဆရာအတွက် အခြေအနေတွေ၊ အကွက်တွေ ဖန်ပေးနေရသည်။

နုနုထွေး သိနေ၏။ ရယ်ချင်တယ်၊ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်နေပြီး သိကြားမင်းစည်းစိမ်ခံစားနေတာ ရယ်စရာတော့ ကောင်းနေသည်။

ယုန်လိုက်ရမှာလား၊ သမင်လိုက်ရမှာလား။ မယ်မယ်ရရ ချိတဲ့ သွားလာမှုတွေနှင့် ညနေစောင်းသွားသည်။

'MD၊ ကျွန်တော် ကားလိုက်မောင်းမပေးနိုင်တော့ဘူး။ ဗိုက်အရမ်းအောင့်နေတယ်။ ဒီဆေးခန်းလေးမှာ ဝင်ပြရင်း နေခဲ့တော့မယ်'

'မင်းကလည်းကွာ၊ အရမ်းအောင့်နေလား'

'အား…ကျွတ်…ကျွတ်၊ တကယ်အောင့်နေတာပါ ဆရာ။ နေခဲ့ပါရစေ'

ဂျိမ်းစ်ဘွန်းက MD ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်တာ နုနုထွေး တွေ့လိုက်ပြီးသားပဲ။ ဂျိမ်းစ်ဘွန်း ဘာအကွက်ဖန်တာလဲ။ MD ဖန်နေဝန်းလ်က မင်းနေခဲ့ကွာ၊ နောက်မှ အငှားကားနဲ့ ပြန်ခဲ့တဲ့။ ကိုယ့်တပည့်တစ်ယောက်လုံး သေလုမျောပါး ဗိုက်အောင့်နေတာ MD က သွေးအေးနေလွန်းသည်။

'အဲဒီလိုထားခဲ့လို့ ဘယ်ဖြစ်မလဲ MD။ ခဏလေးစောင့်နေကြအောင်ပါ။ ဂျိမ်းစ်ဘွန်း၊ ရှင်ဝင်ပြလေ၊ နုနုထွေးလိုက်ခဲ့မယ်။ ဗိုက်

www.burmeseclassic.com



အောင့်တာက စိုးရိမ်ရတယ်။ သေတတ်တယ်နော်။ အစာအိမ်သွေးကြောပေါက်တာလား၊ အူအတက်ပေါက်တာလား။ မတော်လို့ သေသွားရင် ပိုင်ရှင်မဲ့ မသာဖြစ်နေဦးမယ်'

'ဟေ့ကောင်၊ ဟုတ်သားပဲ။ မင်းကလည်း လာပါကွာ၊ ကိုယ်လိုက်ပြပေးမယ်။ နုနုထွေး ကားထဲမှာပဲ ခဏထိုင်စောင့်ပေးပါ'

ဂျိမ်းစ်ဘွန်းကို တွဲပြီး ဖန်နေဝန်းလ်ကိုယ်တိုင် ကားပေါ်မှ ဆင်းကာ ဆေးခန်းထဲ ဝင်လာခဲ့ရသည်။

'ဟေ့…ဂျိမ်းစ်ဘွန်း၊ မင်းဘာလုပ်တာလဲ။ နုနုထွေး ရိပ်မိတယ် ထင်တယ်။ ဘယ်လိုလုပ်ကြမလဲကွ၊ ပြဿနာပဲ'

'MD ကလည်း ဘာကြောက်နေတာလဲ။ ကောင်မလေးကို ကားပေါ်တင်၊ ညစာစားမလို့ မဟုတ်လား။ သွားစမ်းပါ၊ ကျွန်တော့်ကို ထားခဲ့ပါ'

'မဖြစ်ဘူး၊ နုနုထွေးက တစ်မျိုးထင်သွားမှာ ကိုယ်အရမ်းကြောက်တယ်။ အထင်သေးလိမ့်မယ်ကွ။ ဂျိမ်းစ်ဘွန်းရာ၊ မင်းလိုက်လာလည်း ရပါတယ်'

'ဟား…ဟား…ဟား'

'ဟေ့ကောင်'

'မဖြစ်ဘူး၊ MD ကို သီးသန့်သင်တန်း ပေးရတော့မယ်။ ဒီလောက်ချမ်းသာတဲ့သူဌေး လူချောလူခန့်ကို မကြိုက်တဲ့မိန်းကလေး ဘယ်မှာရှိမှာလဲ။ လက်သွက် ခြေသွက်'





'တော်ပြီကွာ၊ သွားမယ်'

'ကျွန်တော် နေခဲ့မယ်'

'မလုပ်ပါနဲ့၊ လိုက်ခဲ့ပါကွာ။ မင်းပါနေရင်လည်း ဖြစ်ပါတယ်'

'မလိုက်ဘူး -- ကျွန်တော်နေခဲ့မယ်။ ပြန်နှင့်မယ်။ MD အေးအေးဆေးဆေး စားသောက်၊ စကားတွေပြော ရင်းနှီးအောင်နေစမ်းပါ'

ဖန်နေဝန်းလ်ကလည်း သူကိုယ်တိုင် ကားလေးမောင်းပြီး နုနုထွေးနှင့် ညစာစားချင်သည်။

ဒါပေမဲ့ သူသတ္တိမရှိဘူး။ နုနုထွေး အထင်သေးမှာ မလိုလားဆုံးပဲ။ ခေါ်ချွေးတွေ ပြန်ချင်လာ၏။ စိတ်အိုက်တယ်။

ဒီကောင်ဂျိမ်းစ်ဘွန်းကလည်း ငုတ်တုတ်၊ မထနိုင်ဘူးတဲ့။ နုနုထွေး လာချင်လာကြည့်ပါစေတဲ့။ မဖြစ်ဘူး၊ လိမ်ညာလှည့်ဖြားတာမျိုး အထင်မခံနိုင်။

ဂျိမ်းစ်ဘွန်းက အတင်းကြီး တွန်းလွှတ်နေ၍ ဖန်နေဝန်းလ် ဆေးခန်းအပြင်ဘက်သို့ တစ်ယောက်တည်း ပြန်ထွက်လာခဲ့သည်။

'ဂျိမ်းစ်ဘွန်း၊ ပြဿနာပဲကွာ။ နုနုထွေးကို ဘယ်လိုဖြေရှင်းပြရမလဲ။ သောချင်တယ်'

သူ ကားနားလျှောက်လာရတာပင် ခြေလှမ်းတွေက တုံ့ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေးဝေးချင်နေသည်။ စိတ်လှုပ်ရှားလွန်း၍ ဂျမ်းစ်ဘွန်းကို ပြန်သွားခေါ်ရင်ကောင်းမလားဟု နောက်ပြန်လှည့်ကြည့်မိသေး၏။ ဒီကောင်က လိုက်မှာမဟုတ်။

ရှေ့ဆက်သွားဖို့ကလည်း သူ့ခြေလှမ်းတွေ တုံ့တုံ့ဆိုင်းဆိုင်း၊ စိတ်လေးနေသဖြင့် ဆေးခန်းဘက် ပြန်လှည့်လာကြည့်တော့ ဂျိမ်းစ်ဘွန်းပျောက်ခြင်းမလှ ပျောက်သွားသည်။

'ဒီကောင် ဘယ်ရောက်သွားတာလဲ၊ ဒုက္ခပေးတဲ့ကောင်ပဲ။ ဆရာသမား သစ္စာမရှိဘူးဆိုတာ သိသိကြီးနဲ့'

ဖန်နေဝန်းလ် အပြင်ပြန်ထွက်လာတော့ နုနုထွေး့ကို ကားပေါ်မှ ဆင်းလာကာ ဆေးခန်းဆီ လျှောက်လာနေသဖြင့် စိတ်ပူသွားရကာ၊ ဆေးခန်းထဲ ဝင်လို့မဖြစ်ဘူးဟု တွေးမိ၍ ခြေလှမ်းတွေက သွက်သွားသည်။

'MD ဘာဖြစ်လို့လဲ၊ အရမ်းပျာယာခတ်နေတယ်။ ဂျိမ်းစ်ဘွန်းက စိုးရိမ်ရလားဟင်၊ ဘာပြောလဲ'

'ဘာမှမဖြစ်ပါဘူး၊ နုနုထွေး့။ သူ့ဟာသူ ဆက်ပြမယ်ဆိုပြီး အတင်းနေခဲ့တယ်။ ကိုယ်တို့ ပြန်ကြရအောင်'

'ဘယ်ဟုတ်မလဲ MD။ သူက နုနုထွေး့ကို အားနာလို့နေမယ်၊ သွားကြည့်ရအောင်။ တစ်ယောက်တည်း မထားခဲ့ပါနဲ့။ လာပါ၊ နုနုထွေး့ကို အားမနာနဲ့လို့ သွားပြောမယ်'





'မဟုတ်ဘူး နုနုထွေး့။ ဟိုလေ၊ ဒီကောင်က ခေါင်းမာတယ်။ ကိုယ့်ကို အားနာတာ'

'မထားခဲ့ပါနဲ့ MD ရယ်။ သေရေးရှင်ရေးပဲ လာပါ'

'နုနုထွေး့'

'ဟင်'

နုနုထွေး့က အတင်းသွားမယ်ဖြစ်နေ၍ ဖန်နေဝန်းလ် ကယောင်ကတမ်းဖြင့် နုနုထွေး့လက်လေးကို ဆတ်ခနဲ လှမ်းဆွဲလိုက်မိလေသည်။

တဒင်္ဂ သတိမေ့လျော့သွားသလို နုနုထွေး့လက်လေးကို ဆွတ်မိ။ အပူလှိုင်းတွေ ဖန်နေဝန်းလ်ခန္ဓာကိုယ်သွေးကြောတွေထဲ အရှိန်အဟုန်ဖြင့် တိုးဝင်ဖြတ်သန်းသွားကာ ထူပူလေးလေးလံလံကြီး ဖြစ်နေ၏။

နုနုထွေး့က ပြန်ရုန်းပစ်မှ အသိဝင်လာသည်။

'ဆောရီး၊ မသွားပါနဲ့တော့၊ ထားခဲ့လိုက်ပါ။ ကိုယ်တို့ သွားကြမယ်'

ပြောပြီး ကားဆီ သူဆက်လျှောက်လာခဲ့တော့ နုနုထွေး့လည်း သူ့နောက်မှ လိုက်လာသည်။

စိတ်မောတယ်ကွာ။ မင်းထင်ချင်သလိုသာ ထင်တော့ နုနုထွေး့ရေ၊ အချစ်ဆိုတာ ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်မှုမီးတောက်တွေလားကွာ။ ကိုယ့်ရင်တွေ ပူလောင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



နုနုထွဋ်ကို ချစ်တယ်လို့ ပြောချင်နေတဲ့ဆန္ဒက ပြင်းပြနေပေမယ့် စကားလုံးတွေက ကိုယ့်လည်ချောင်းဝမှာပဲ တစ်ဆို့နေတယ်။ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ တစ်ကြိမ်တစ်ခါမှ ကိုယ် မပြောခဲ့ဖူးသလို စိတ်ဝင်စားမှုလည်း မရှိခဲ့ဘူး။

ကိုယ်က စီးပွားရေးပဲ လုပ်တာ။ ကိုယ်က ကြေးများတယ်။ ရွေးချယ်စီစစ်တတ်တယ်။ အထင်သေးမှုတွေကပဲ များနေတာ။ မင်းကိုတွေ့မှပါ လုံးဝပဲ ချစ်နေတယ်။ မြင်မြင်ချင်းပဲကွ။

နုနုထွဋ်ကို ချစ်တယ်ဆိုတဲ့ စကားလုံးတွေ ကိုယ့်လည်ချောင်း ဝမှာ စုပုံတစ်ဆို့ ထိုးထွက်ဖို့ ကြိုးစားနေကြပေမယ့် တစ်လုံးမှ ထွက် မလာဘူး။ ကိုယ့်မှာ သတ္တိတွေ ကင်းမဲ့လွန်းနေတယ်။

သူ ကားရှေ့ခန်းမှာ ဝင်ထိုင်တော့ နုနုထွဋ်က နောက်ခန်းမှာ ဝင်ထိုင်သည်။

'ရှေ့မှာ လာထိုင်ပါ'

'မထိုင်ပါရစေနဲ့ MD၊ မသင့်တော်ပါဘူး။ ကုမ္ပဏီဝန်ထမ်း တစ်ယောက်ယောက်တွေ့သွားရင် ပြောစရာဖြစ်နေနိုင်ပါတယ်'

ကားကိုရပ်ပြီး နုနုထွဋ်အား လက်ကို အတင်းဆွဲပြီး ရှေ့ခန်း မှာ ပြောင်းထိုင်ခိုင်းစေလိုပေမယ့် သူ နှုတ်ဆိတ်နေသည်။

သူ့ကိုယ်သူ စိတ်ပျက်လာသည်။ လူပျိုကြီးတွေက ဒီလို လား။ မိန်းကလေးက စတင်ရမလိုဖြစ်နေသည်။





နုနုထွဋ်၊ မင်းကလည်း ပဲများလွန်းတယ်ကွာ။ ပြောဆို ဆက်ဆံရတာ ခက်လိုက်တာ။ မာနကြီးတစ်ခွဲသားနဲ့ တာဝန်တွေ၊ စည်းကမ်းဘောင်တွေ ကာရံနေတယ်။

သူပဲ စိတ်လောနေတာလား။ သူ့ကိုပဲ လူလိမ်၊ မိန်းကလေး တစ်ယောက်အပေါ် မရိုးသားဘူးလို့ ထင်မှတ်သွားပြီလား။ ကိုယ်စိတ်ပူ တယ်။ အိမ်ပဲပြန်တော့မယ်။

သူ့ဆန္ဒက နုနုထွဋ်နဲ့ မျက်နှာချင်းဆိုင်ပြီး ညစာအတူတူစား ချင်တာပါ။ ပြောဖို့လည်း ပြောမထွက်။ ဂျိမ်းစ်ဘွန်းရှိနေရင် တော်သေး သည်။ ဂျိမ်းစ်ဘွန်းကတော့ ကိုယ့်ဆရာကို ကောင်မလေးချောချော နုနုထွတ်ထွတ်လေးနဲ့ နှစ်ယောက်တည်း ရှိနေစေချင်လို့ပါ။

မင်းကရော ဘာကြောက်နေတာလဲ ဖန်နေဝန်းလ်။ ကုမ္ပဏီ ကြီးတစ်ခုရဲ့ စီမံအုပ်ချုပ်သူဖြစ်နေပြီး သွေးကြောင်နေတယ်။

သူ့စိတ်ကို ထိန်းချုပ်မရတဲ့ အဆုံးပြန်တာပဲကောင်းပါတယ် ဟု ဆုံးဖြတ်မိသည်။

'ဖွတ်ချက်...ဖွတ်ချက်'

'ဖွတ်ချက်'

'ဟာ'

'ဘာဖြစ်တာလဲ MD'

'ကားဆီပိတ်တာ ထင်တယ် နုနုထွဋ်'

'နုနုထွဋ် မောင်းကြည့်ရမလား MD'



www.burmeseclassic.com

www.burmeseclassic.com



'မင်း ကားမောင်းတတ်လို့လား နုနုထွန်း'

'ကျွမ်းပြီးသားပဲ'

မင်းက ကိုယ့်ကို မယုံတာလား နုနုထွန်း။ မတတ်ကျွမ်းတာ ဘာတစ်ခုမှ မရှိ။ သူ ကားပေါ်ကနေ ဆင်းသည်။

နုနုထွန်း ကားပေါ်တက်မောင်းပြီး စက်နှိုးကြည့်နေ၏။ ပြီးတော့ ဆီပိတ်နေတာ MD ဆိုပြီး ကားပေါ်မှဆင်း၍ စက်ဖုံးကို ဖွင့်ကြည့်သည်။

'ဂျိမ်းစ်ဘွန်း ဘာလုပ်နေတာလဲ။ MD ကားဆီစစ်ဘူးထဲမှာ အမှိုက်တွေ အပြည့်ပဲ'

'ဟုတ်လား'

'ဒီမှာလေ'

ဟုတ်သားပဲ၊ ဂျိမ်းစ်ဘွန်း ကားကို မစစ်ဆေးဘူး။ မင်းညံ့ ဖျင်းတယ်။ နုနုထွန်းက ကားကို ကျွမ်းကျွမ်းကျင်ကျင် ပြင်နေသည်။

'MD တက်မောင်းကြည့်ပါ'

'မင်းကားလည်း ပြင်တတ်တာပဲလား'

'MD ရယ်၊ ကားပြင်တာ လေယာဉ်ပျံပြင်တာမှ မဟုတ်တာ ပဲ။ နုနုထွန်းက စိတ်ဝင်စားတယ်'

သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် နုနုထွန်းရဲ့ လှုပ်ရှားမှုတွေကို သူငေးမော်ကြည့်မိသည်။





စိတ်ဝင်စားဖို့ကောင်းတဲ့ နုနုထွန်း ညအမှောင်က လောကကြီး ကို လွှမ်းခြုံစပြုနေ၏။ သူ ကားပေါ်တက်၍ စက်နှိုးကြည့်တော့ စက်နှိုးသွားသည်။

'ဝူး…ဝူး'

'ဝူး…ဝူး'

'တက်တော့လေ နုနုထွန်း၊ ကားစက်နိုးပြီ။ မင်းအရမ်းမော သွားပြီထင်တယ်။ ကိုယ် တစ်ခုခုကျွေးပါရစေ'

နုနုထွန်းရဲ့လက်ချောင်း ဖြူဖြူသွယ်သွယ် အိအိလေးတွေပေါ် မှာ စက်ဆီမည်းမည်းတွေ ပေကျံသွား၍ သူမကသုတ်ရင်း နောက် ခန်းမှာပဲ ဝင်ထိုင်သည်။

'ပြန်ရောက်မှပဲ အိမ်မှာစားတော့မယ်လေ MD။ နုနုထွန်းက တား Crazy လေ။ မမောပါဘူး၊ ပြန်ကြမယ်'

MD ဖန်နေဝန်းလ်နဲ့ ဂျိမ်းစ်ဘွန်းတို့ ဆရာတပည့် အကြံအစည် တွေကို နုနုထွန်း သိနေသည်။ ဆေးခန်းထဲမှာ ဂျိမ်းစ်ဘွန်း ပုန်းနေတာ လည်း သူမသိသားပဲ။

သူမမာနတော့ ပြရမယ်။ နုနုထွန်းက ရှင်ထင်သလောက် ညွှယ်ဘူးဆိုတာလေ။ တန်ဖိုးကြီးကြီး ပေးဆပ်ရလိမ့်မယ် ကိုဖန်နေ ဝန်းလ်။

www.burmeseclassic.com



ညစာစားဖို့ ထပ်မပြောတော့ဘဲ ကားကို ဆက်မောင်းသည်

'အင်း…ရှင်ကတော့ ရိုးသားပါတယ်။ မိန်းကလေးတွေ့ ပတ်သက်ပြီ အကျွမ်းတဝင်မရှိဘူးဆိုတာလည်း ယုံလောက်ပါတယ် လေ'

အခုလောက်ဆိုရင်တော့ ဂျိမ်းစ်ဘွန်း ပြန်ရောက်နေတော့မည် ဒေါ်ထိပ်တင်ရတနာ စိတ်သောကရောက်နေလောက်ပြီ။

ဘာပဲပြောပြော နုနုထွေး့ကိုတော့ သူ့သားနှင့် နီးစပ်သွားမ ရှင်ကြီးထိတ်လန့်နေမှာပါ။ နုနုထွေး့နဲ့ ဖန်နေဝန်းလ်ကို ဘယ်ဂ ခွဲပစ်ရမလဲ ကြံစည်နေမှာပဲ။ သေချာတာက နုနုထွေး့ကို ချွေးမတော ရမှာ ကြောက်နေလိမ့်ထင်တယ်။ မေမေနဲ့ရော ခမည်းခမက် တော်ချ ပါ့မလား။

နုနုထွေး တွေးမိတိုင်း ပျော်နေသည်။

■ ■ ■



## အခန်း (၇)

'ဂျိမ်းစ်ဘွန်း၊ မင်း MD ရော၊ နုနုထွေး့နဲ့လား'

'ဟုတ်ပါတယ် မာမီကြီး။ MD က နုနုထွေး့ကို အရမ်း ကြွေနေတယ်။ ကျွန်တော်လည်း မိုက်အောင့်တယ်ဆိုပြီး လစ်ထွက်လာခဲ့ တာလေ။ MD က ရိုးတယ်။ နုနုထွေး့ကို ကြွေပြီး မထိရဲ၊ မကိုင်ရဲနဲ့ တမင် နှစ်ယောက်တည်း ထားပစ်ခဲ့တာ။ ညစာစားနေကြတယ် ထင် တယ်'

'အေး… အေး'

'မာမီကြီးကိုယ်တိုင်က ချွေးမတော်ချင်နေတယ်လို့ MD က ပြောတယ်။ ဒါကြောင့်လည်း ထက်မြက်တဲ့ ချွေးမချောချော လက် လွတ်မသွားအောင် ဂျိမ်းစ်ဘွန်း စီစဉ်ပေးတာ၊ ဟဲ…ဟဲ'

ဂျိမ်းစ်ဘွန်းက ရယ်မောပြောဆိုထွက်သွားပေမယ့် ဒေါ်ထိပ် တင်ရတနာကတော့ ရင်တွေတလှပ်လှပ်တုန်ရင်လာကာ အသက်ရှူ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခဲ့ရသော မောင်လှိုင်တင် မ၀။ နီးစပ်ရာ ဆက်တီတစ်လုံးပေါ် ယိုင်နဲ့လဲပြိုကျလု မိမိ ခန္ဓာကိုယ်အား မှီတွယ်ထိုင်လိုက်ရသည်။

နုနုထွဋ်နဲ့ သားကို မိမိ ဘယ်လိုနည်းနှင့်မှ လက်ထပ်ပေးလို့ မဖြစ်နိုင်ပါဘူး။

နုနုထွဋ်ရဲ့ ညည်းကို ကျုပ်က ချွေးမတော်ရမလား။ ညည်းက ရော ကျုပ်ကို လက်တုံ့ပြန် နှိပ်ကွပ်ဖို့ အကြံအစည်တွေနဲ့ ရောက်လာ တာပါ။ သားဖန်နေဝန်းလ်က မိန်းမအတွေ့အထိ လုံးဝမရှိတဲ့ လူပျို စစ်စစ်ကြီးမို့ နုနုထွဋ်လှည့်ကွက်ထဲ တိုးဝင်နေသည်။

'ကိုကိုလွင် ရှင့်သမီးကို ဆုံးမပါဦး။ သီတာတင် လွှတ်လိုက် တာပဲဖြစ်မယ်။ အကြံကြီးလိုက်တာ။ ရှင့်မယားကြီးက ထိပ်တင်ကို လက်စားချေခိုင်းလိုက်တာလေ'

ဧည့်ခန်းမှာ ကိုကိုလွင်နှင့် မိမိတို့ တွဲပြီးရိုက်ထားသော ဓာတ်ပုံကြီးက ခန့်ညားစွာ ချိတ်ဆွဲထားသည်။ လူချောလူခန့်ကြီး ကိုသစ်လွင်က အစွမ်းအစရှိပြီး စီးပွားအရှာကောင်းတဲ့ယောက်ျား၊ မိမိ သီတာတင်လက်ထဲကနေ နည်းမျိုးစုံ ဖြားယောင်းမြူဆွယ်၍ အရယူ ခဲ့၏။ ကိုကိုလွင်နှင့် သီတာတင့်သမီး နုနုထွဋ်တဲ့။

ညည်းလို မိန်းမမျိုးက ကျုပ်သားကို အရယူမလို့လား။ ထိပ်တင်ရတနာကို လာပြီးစိန်ခေါ်နေတာပေါ့လေ။

စိတ်တွေပူလိုက်တာ။ နှစ်ယောက်သား ဘာတွေလုပ်နေကြ





သလဲ။ နုနုထွဋ်ကပဲ သားကို အမိအရ ဖမ်းနိုင်ဖို့ ချစ်သူဘဝရောက်အောင် ဦးဆောင်နေမှာ။

ကန့်ကွက်ဖို့ရလည်း မဖြစ်ဘူး။ မိမိကိုယ်တိုင် သဘော တူတယ်လို့ သားကို ပြောထားမိသည်။

'ညည်းကလည်း မြင်သူငေးမော ရင်သပ်ရှုမောလောက်တဲ့ အလှတွေ ပိုင်ဆိုင်ထားတာကိုး။ ကျုပ်သား ဖန်နေဝန်းလ်က ညည်း ထောင်ချောက်ထဲ တိုးဝင်မှာပေါ့အေ။ ဒါပေမဲ့ မရဘူး၊ အဲဒီလို အဖြစ် ခံနိုင်ဘူး။ နုနုထွဋ်၊ ညည်းက ကျုပ်သားကို တစ်သက်လုံး ဒုက္ခပေး မယ့်မိန်းမ။ ညည်းရင်ထဲမှာ အမုန်းတွေပဲ ရှိနေတာ'

ဒေါသတွေ ပေါက်ကွဲတော့မတတ်ပဲ။ ဒေါ်ထိပ်တင်ရတနာ ပါပေါ်တင်တင်လည်း နုနုထွဋ်ကို မလိုလားတဲ့ ဟန်ပန်တွေ နည်း ညည်းလေးမှ မပြရဘူး။

မိမိအတိတ်က အဖြစ်အပျက်တွေ သားဖန်နေဝန်းလ်သိသွား ရ အကြောက်ဆုံးပင်။ သား အရှမ်းရှက်မှာပဲ။ နုနုထွဋ်က ဖွတော့ ယ်လေ။

အောင်မြင်နေတဲ့လုပ်ငန်းရှင်ကြီး ဖန်နေဝန်းလ်အမေက သူမ ခတို မတရားယုတ်မာကောက်ကျစ်တဲ့နည်းတွေသုံးပြီး လုယူ ားတယ်ဆိုတာလေ။

သားအဖေ လင်ကြီးကိုတောင် ကွာရှင်းပစ်ခဲ့တာ၊ ပြောတော့ ။ အမလေး ရင်တွေပူလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဘားဖန်နေဝန်းလ်နဲ့ နုနုထွင့်တို့ ဘယ်လိုအခြေအနေတွေ ဖြစ်နေပြီလဲ။ သတ်ပစ်ချင်တယ်။ ညည်း…ညည်း ယုတ်မာတဲ့အကြံ အစည်တွေနဲ့ ကျုပ်တိုက်ထဲအထိ ဝင်လာတာပဲ။

နှလုံးခုန်သံတွေ မြန်ဆန်လာ၍ စိတ်ကို ထိန်းချုပ်ပြီး ရင်ဝ လက်နှင့် ဖိထားရသည်။

'ညည်းကို ကျုပ်အရှုံးမပေးနိုင်ဘူး နုနုထွင့်၊ လုံးဝပဲ။ ညည် လို ချွေတ်မလေးကိုများ ထိပ်တင်ရတနာက အရှုံးပေးရမလား။ ရာ ဝင် ရိုင်းသွားလိမ့်မယ်။ စိန်ခေါ်တယ် နုနုထွင့်။ ညည်းပဲ စုတ်ပြ သတ်ပြီး ဘဝကို အဖက်ဆယ်လို့မရအောင် ပျက်စီးသွားစေရမယ်

စိတ်ထဲကနေ ဒေါသတကြီး ကြိမ်းဝါးနေမိသည်။ တားဆီး ရမယ်။ ဘယ်လိုအကြောင်းနဲ့မှ ညည်းကို ကျုပ် ချွေးမအဖြစ် မရော လာစေရဘူး။

ကျုပ်သား ဖန်နေဝန်းလ်က ရိုးသားသန့်စင်တဲ့ ယောက် ပဲ။ နုနုထွင့်အဖေ ကိုသစ်လွင်ကလည်း မိန်းမအပေါ် သစ္စာရှိပြီး သားတာပဲ။ ဒေါ်ထိပ်တင်ရတနာကိုယ်တိုင် မိမိအိပ်ခန်းထဲ ရောက် အောင် နည်းပရိယာယ်တွေ ဆင်ခဲ့ရတာပါ။ အမလေးနော်၊ သိတာ က သူ့သမီးကို ဘယ်နည်းတွေ ထပ်တူသင်ပေးလိုက်လဲ။

ဒေါ်ထိပ်တင် ဖောချွေးတွေပင် ပြန်လာသည်။

'မာမီကြီး'





'အမလေး၊ လန့်လိုက်တာ ချောချောရယ်။ ဘာလဲ'

'မာမီကြီး နေမကောင်းဘူးလားဟင်။ မျက်နှာပေါ်မှာ ချွေး တွေ သီးထနေသလိုပဲ။ မောလို့လား'

'အေး…မာမီကြီး သိပ်နေမကောင်းချင်ဘူး။ မောနေတယ်။ သားနဲ့ ချွေးမလောင်းကို စောင့်နေတာလေ'

'လာမှာပေါ့ မာမီကြီးရယ်၊ ဘာများစိတ်ပူစရာရှိလို့လဲ။ အစ်ကိုလေး ကောင်းစားနေပြီထင်တယ်'

'အေးပါ'

'သံပုရာရည်လေး သောက်မလား၊ မာမီကြီး'

'အေး'

နုနုထွင့်ကို ရန်သူအဖြစ် သတ်မှတ်ထားတာ လူတွေသိလို့ ဖြစ်ပါဘူး၊ မိမိလျှို့ဝှက်ရမယ်။

နုနုထွင့်အား ချွေးမလောင်းအဖြစ် ချောချောရှေ့မှာ ပြော လိုက်ရတာ ဒေါ်ထိပ်တင်ရတနာရဲ့ရင်ထဲမှာ ခါးသီးမုန်းတီးနေသည်။

ပတ်ဝန်းကျင်အမြင်မှာ မိမိက နုနုထွင့်အပေါ် ကြင်နာ သုယနွေးထွေးနေစေရမယ်။ သားကြောင့်ပါ။ မိမိ ချစ်မြတ်နိုးရလွန်း တဲ့ ထစ်ဦးသောသား။

ချောချောက သံပုရာရည်အေးအေးလေး လာပို့ပေး၏။ အအေးသောက်ပြီးမှ စိတ်တွေ ပြန်တည်ငြိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါတည်ငြိမ်မှ ဖြစ်မယ်။ နုနုထွင့်နဲ့ ရင်ဆိုင်ရမယ်လေ၊ လုံးဝရွေးစေရဘူး။ ငါ့နှုတ်ခမ်းပေါ်မှာ အပြုံးတွေပဲ ရှိနေစေရမယ်၊ အဲဒီအပြုံးက ညည်းကို ထိုးသတ်မယ့် ဓားတစ်လက်ပဲ။ နုနုထွင့် ညည်းဘဝကြီးတစ်ခုလုံး ငါ့ရှေ့မှာ အစိတ်စိတ် အမွှာမွှာ ပြိုလဲကျ သွားစေရမယ်'

ဒေါ်ထိပ်တင်ရတနာက စိတ်အရမ်းမာကျောတဲ့ မိန်းမတစ် ယောက်ပဲ။ သနားညှာတာထောက်ထားတာတွေ ဘယ်တော့မှ မရှိ၊ ကိုယ်ဖြစ်ချင်တာကိုပဲ လုပ်တာ။ အဲ့ဒါကို ထိပ်တင်ထားတဲ့ ထိပ်တင် ရတနာ။

လှုပ်ရှားတုန်လှုပ်နေတဲ့စိတ်တွေ ရုတ်ခြည်းတည်ငြိမ်သွား သည်။

'တီ...တီ'

'တီ'

'ဟော...သားတို့လာပြီ'

ဒေါ်ထိပ်တင်ရတနာရဲ့ အမူအရာ စိတ်ထန်မာကျောတဲ့မျက် ဝန်း၊ တင်းတောင့်နေတဲ့ခန္ဓာကိုယ် အားလုံးပြောင်းလွဲပစ်သည်။

ကားရပ်သံ၊ တံခါးဖွင့်၊ ပိတ်သံတွေနှင့်အတူ ခြေသံတွေက မိမိဆီသို့ ရွေ့လျားလာနေသည်။

'မာမီ၊ မအိပ်သေးဘူးလား'





'သားရယ်၊ မာမီ စိတ်ပူနေတာ၊ နောက်ကျနေလို့လေ'

'ကားပျက်နေလို့ပါ။ တော်သေးတာပေါ့ မာမီရာ။ နုနုထွင့်က ပြင်တတ်လို့'

'ဟယ်...သမီးလေးက ပြင်တတ်တယ်လား။ အားကိုးရ သားပဲ။ ကျေးဇူးပါပဲကွယ်။ သားက ဖုန်းလည်းမဆက်ဘူး'

'ကားပျက်သွားလို့ သားလည်း ထူပူပြီး မေ့သွားတယ်'

'အေး...အေး၊ သမီးလေးလည်း နားတော့။ အစစအရာရာ အားကိုးရတဲ့သမီးလေးပဲ။ တော်လိုက်တာကွယ်'

'ခွင့်ပြုပါဦး၊ အန်တီ'

'ကောင်းပါပြီလေ၊ ချွေးတိတ်မှ ရေချိုးနော် သမီးလေး။ ညစာရော စားခဲ့ကြလား'

'မစားခဲ့ဘူး မာမီ။ ကားပြင်နေရတာနဲ့ပဲ ချွေးပြန်ပြီး စားချင် စိတ်မရှိတော့ဘူး'

'အင်း...ဒါဆိုလည်း မာမီပြင်ပေးမယ်။ သမီးလေးလည်း ဆင်းပြီးစားနော်။ အားမနာပါနဲ့၊ ကိုယ့်မိသားစုလိုပဲ သဘောထား။ ဆင်းလာခဲ့နော်'

'ဟုတ်ကဲ့'

ဒေါ်ထိပ်တင်ရတနာရဲ့သဘောထားကို နုနုထွင့် မသိဘဲနေ လေသား။



www.burmeseclassic.com

www.burmeseclassic.com



သားဖန်နေဝန်းလ်ရှေ့မှာမို့ ဟန်ဆောင်ပြနေတာ။ ရှင်ကြီးလား နုနုထွန်းသပေါ် သဘောကောင်းမှာ။ သတ်ပစ်ချင်လောက်အောင် ရွံ ရှာမုန်းတီးနေတာ မဟုတ်လား။

နုနုထွန်း အခန်းထဲရောက်မှ ရယ်ပစ်လိုက်သည်။

'ဟွန်း…အဟွန်း၊ ဟား…ဟာ…ဟား၊ ချေးတီတ်မှ ရေချိုးနော် သမီးတဲ့၊ ကိုယ့်မိသားစုလို သဘောထားပါတဲ့။ ရယ်ရ တယ်'

နုနုထွန်း လက်တွေမှာ အမည်းတွေ ပေကျံနေသည်။ ပါးပေါ် မှာရောပဲ။ မှန်ရှေ့မှာ ရပ်မိ၏။ နှင်းဆီငုံအာအာလေးတစ်ပွင့်ကဲ့သို့ နှုတ်ခမ်းဖူးဖူးလေး အပြုံးတွေ ဝေနေ၏။

ရှင်ကြီးရင်ထဲမှာ မီးတောက်နေလောက်ပြီ။ ရှင့်သား ဖန်နေဝန်းလ်ကိုတောင် ရွံတယ်၊ မုန်းတယ်။ ရှင့်သွေးစစ်စစ်လေး ညှော်ခန်းထဲရောက်တိုင်း ဒေါ်ထိပ်တင်ရတနာနှင့် တွဲလျက် ခွဲခွဲညားညား ပြုံးပြီးရပ်နေတဲ့ ဖေဖေ့ကို တွေ့ရတိုင်း နုနုထွန်း နာကြည်းရသည်။

'အဲဒါ ရှင်ကြီးကြောင့်၊ ဒေါ်ထိပ်တင်ရတနာဆိုတဲ့ မိန်းမတစ် ယောက်ကြောင့်၊ သိလား'

'ဒုန်း'

သူမ လက်သီးဆုပ်က စားပွဲမျက်နှာပြင်ပေါ် ဒုန်းခနဲ ကျ ရောက်သွားသည်။





ဖေဖေဆုံးသွားတာ သုံးလရှိနေပြီတဲ့၊ သိသားပဲ။ ဖေဖေ မရှိတော့လို့ လာတာပဲလေ။ သွေးအေးအေးနဲ့ ရှင်ကြီးကို နှိပ်ကွပ် ပြမယ်၊ သတိထား။ သူမနှုတ်ခမ်းလေး တင်းတင်းစေ့နေသည်။

'အန်တီမာလာကတော့ သမီးဖေဖေ ကိုသစ်လွင်ကို အပြစ် တင်ချင်ဘူး။ မမသိတာကို အရမ်းချစ်ခဲ့တာပါ။ အဲဒီထိပ်တင်ရတနာ ဆိုတဲ့မိန်းမက လှန်တာ၊ အရယူပစ်တာ။ ဒီမိန်းမနဲ့ အဆက်အခံ မလုပ်တော့ဘူးလို့ ကိုသစ်လွင်က ပြောနေတာ'

အန်တီမာလာတင်ရဲ့စကားတွေကို ပြန်ကြားနေလေ ဒေါသ တွေက ပြင်းထန်လေပဲ။

မဖြစ်ဘူး၊ ရေချိုးခန်းထဲ ဝင်ရမယ်။ ပူလောင်နေတဲ့နှလုံးသား တွေကို အအေးမှာ စိမ်ပစ်ရမယ်။ ဒေါ်ထိပ်တင်ရတနာနဲ့ ရင်ဆိုင်ဖို့ ဆိုတာ သွေးအေးမှ။ သူမရေချိုးခန်းထဲ ဝင်လာခဲ့သည်။

'မေမေ့သမီးလေး ကြီးပြင်းလာပြီ။ အရမ်းချောမောလှပ တယ်။ ဉာဏ်ပညာလည်း ထက်မြက်တယ်။ ဂုဏ်ဒြပ်တွေနဲ့လည်း တင့်တယ်ပြည့်စုံနေတယ်။ အဲဒါကြောင့် မေမေ့ကို သေလူပဲ သတ်မှတ် ပါ သမီး။ မေမေ့အဖြစ်ကို ပွဲထုတ်ဖို့ မကြိုးစားပါနဲ့တော့နော်'

'အမိမှာယ်မရှိတာ။ ထွန်းမေမေက ထွန်းမေမေပဲ။ ထွန်းကို ထားခဲ့ပြီး ဘယ်ကိုမှရှောင်ထွက်မသွားပါဘူးလို့ ကတိပေးပါ။ အလေး အနက် ကတိပေးပါနော်။ မေမေပျောက်ဆုံးသွားရင် သမီးသေမှာပဲ။ ရူးသွပ်သွားမလားပဲ'



www.burmeseclassic.com

www.burmeseclassic.com



'သမီးဘဝကို မေမေကြောင့် မတင့်မတယ်ဖြစ်မှာ စိုးရိမ်တယ်။ ဂုဏ်မငယ်စေချင်ပါဘူး။ သမီးမျက်နှာငယ်နေရမယ်'

'မေမေ ဘာတွေပြောနေတာလဲ။ ထွဋ်လက်မခံနိုင်ဘူးနော်။ မေမေက မေမေပဲ။ မေမေ့ကို လက်မခံတဲ့ အထင်သေးတဲ့ယောက်ျားကို သမီး လုံးဝမယူဘူး'

'သမီးရယ်'

မေမေ့စကားသံတွေ ကြားလာရတော့ နုနုထွဋ်အသံကုန် အော်ဟစ်ပစ်ချင်သည်။ ရေပန်းအောက်တိုးဝင်ပြီး အော်ဟစ်ပစ်မိ၏။ မေမေ့စိတ်သောကတွေကို နုနုထွဋ် အသိဆုံးဖြစ်သည်။

'အား...'

'အား...အား'

ဒေါ်ထိပ်တင်ရတနာက အောက်ထပ်မှာပါ။

မျက်နှာချင်းဆိုင် ညစာကို အပြုံးမပျက် သားရှေ့မှာ သဘောကောင်းချင်ယောင်ဆောင်ပြီး စားဦးမည်။ နုနုထွဋ်အား သမီး...သမီး ဟု ကြင်ကြင်နာနာ ထပ်တလဲလဲ ခေါ်ဦးမည်။

အမြင်ကတ်တယ်။ သူမ အပြင်ထွက်လာပြီး အဝတ်အစားလဲကာ အောက်ထပ် ပြန်ဆင်းလာသည်။

'သမီးလေး၊ လာလေကွယ်။ နုနုထွဋ်က သနပ်ခါးပါးကွက်ကျားလေးနဲ့လည်း ချောတာပဲ။ တကယ်ပါပဲကွယ်'





'အန်တီ အရမ်းမြှောက်လွန်းနေပြီထင်တယ်'

MD ဖန်နေဝန်းလ် အရမ်းကြည့်နေတာ ရှုးရှုးစိုက်စိုက်၊ နုနုထွဋ် သိချင်ယောင်ဆောင်ပြီး ကန့်ကလျလေး ထမင်းဝိုင်းမှာ ဝင်ထိုင်သည်။

သူမရင်ဆိုင်မိတာက ဒေါ်ထိပ်တင်ရတနာရဲ့ မျက်ဝန်းတွေထဲမှာ မီးတောက်နေသော ဒေါသတွေ။ ကျောချမ်းချင်စရာ။

နှုတ်ခမ်းတွေက ပြုံးရယ်နေသည်။

'စားနော်၊ အားမနာပါနဲ့ကွယ်။ သမီးလေးကို မြင်ကတည်းက အန်တီလေ အရမ်းချစ်သွားတယ်။ ညှို့အားပြင်းတဲ့အလှပိုင်ရှင်မလေးပါ'

နုနုထွဋ်ပန်းကန်ထဲသို့ ဟင်းတွေခတ်ထည့်ပေးနေရှမ်းမှာပဲ သူမအား ခပ်ရှုးရှုးကြည့်ပြီး ညည်းဘယ်လိုကောင်မမျိုးလဲ ငါသိတယ် ဆိုသည့် အဓိပ္ပာယ်တွေ ပြည့်နှက်နေသော မုန်းတီးခါးသီးလွန်းတဲ့ အကြည့်တွေ ဖြစ်သည်။

'MD ရော စားလေ။ အန်တီလည်း စားပါ။ ထွဋ်ကို အရမ်းအရှိတ်မနေပါနဲ့နော်။ ဘယ်လိုပဲဖြစ်ဖြစ် ရပါတယ်'

'နုနုထွဋ် အားနာနေမှာပဲ ကိုယ်စိတ်ပူတာ။ မာမီကိုယ်တိုင်က သမီးတစ်ယောက်လို ချစ်နေတာဆိုတော့ မင်းလွတ်လွတ်လပ်လပ် ကြည်ရွှင်နိုးနိုးနေပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

နုနုထွေး်ကလည်း အရမ်းအားနာပါးနာနှင့် မဲခုတ်တတ်တဲ့

ကြောင်ပဲလေ။

MD အား မရဲတရဲနှင့် ညုတုတုလေး ပြန်ကြည့်သည်။

သူ့သားပန်းကန်ထဲ ဟင်းခတ်ထည့်ပေးတော့ ဒေါ်ထိတ်တင်ရတနာ

ထိတ်ထိတ်ပြာပြာနှင့် မတားလည်း မတားရဲ၊ ရွှန်းခရင်းတောင် ခိုင်

အောင် မကိုင်နိုင်ဘဲ ခွမ်ခနဲ ပြုတ်ကျသည်။

ရယ်ရတယ်။ သူမ ဟားတိုက်ရယ်ပစ်ချင်တာ။

MD ကတော့ ရှက်ရဲရဲမျက်နှာပြင်မှာ နီမြန်းပြီး အကြည့်ရှေ

လွှဲဖယ်ကာ ထမင်းတွေကိုပဲ ငုံ့စားနေသည်။

■ ■ ■



## အခန်း (၈)

'ဒီမှာ နုနုထွေး်'

'ပြောပါ ဒေါ်ထိပ်တင်ရတနာ'

'မြွေမြွေချင်းတော့ ခြေမြင်တာပါပဲလား။ ညည်း ဒီကို ဘာ

အကြံအစည်နဲ့ လာတာလဲ'

'အဟွန်း…ဟွန်း…ဒေါ်ထိပ်တင်ရတနာက ရိပ်မိနေပြီပဲဟာ။

ကျွန်မလာတာက ဖေဖေလေ၊ မိန်းတစ်ယောက်ကို ကိုယ်ဝန်အရင့်အမာ

ကြီးနဲ့ ပစ်ထားခဲ့ပြီး နောက်မိန်းမယူသွားခဲ့တဲ့ ဖေဖေဆိုတာ ဘယ်လိုလူ

မျိုးပါလဲ သိချင်လို့ လာကြည့်ရုံသက်သက်လေးပါ'

'ညည်းကို နာကြည်းမှုတွေ ရိုက်သွင်းပြီး ကျုပ်ကို ရက်ရက်

စက်စက်နှိပ်ကွပ်ပေးဖို့ ညည်းအမေ သီတာစင်က စေလွှတ်လိုက်

တာလား'

'ရှင်ကြီး ကျွန်မအမေကို မစော်ကားနဲ့နော်။ အဲဒီလို အောက်



www.burmeseclassic.com

www.burmeseclassic.com



တန်းအတွက် စိတ်ဓာတ်မရှိဘူး။ ဖေဖေ့အကြောင်း မေမေ့နှုတ်က ယောင်လို့တောင် ထွက်တာမဟုတ်ပါဘူး ဒေါ်ထိပ်တင်ရတနာ'

'ဒါဆို ညည်းအဒေါ် မာလာတင်ပဲ'

'ထားလိုက်ပါတော့။ ဘယ်သူပဲဖြစ်ဖြစ်ပါ၊ ကျွန်မတို့မိသား ကို ဖြိုခွဲခဲ့တဲ့ ကိုယ်ချင်းစာတရားတွေ၊ သနားကြင်နာမှုကင်းမဲ့လွန်းတဲ့ ဒေါ်ထိပ်တင်ရတနာနဲ့ စိန်ခေါ်ဖို့ ရောက်လာတာပါ'

'ဟင်း…ဟင်း…ဟင်း၊ ဖားတုလို့ ခရုခုန် အိုင်ပျက်ရုံ ရှိမယ် နုနုထွဋ်။ ကျုပ်က ကိုကိုလွင်ရဲ့မျက်နှာကို ထောက်ပြီး အေ အေးဆေးဆေး ပြန်ထွက်သွားလို့ ပြောချင်တယ်'

'ကျွန်မထွက်သွားဖို့ ဘယ်တော့မှ မစဉ်းစားတော့ဘူး။ ကျွန် ကို မောင်းထုတ်ဖို့တော့ လုံးဝမစဉ်းစားပါနဲ့။ ထွက်သွားရမယ်ဆို တောင် ကိုဖန်နေဝန်းလ်ကို အကြောင်းစုံပြောပြမယ်'

'ညည်း…ညည်း အကြံပက်စက်လှချည်လား။ ကျုပ်သ မှာ ဘာအပြစ်မှ မရှိဘူး။ အတိတ်ကအကြောင်းတွေ ပြီးခဲ့တာ ပြီးသွားပြီပဲ။ ညည်းအဖေလည်း သေပြီ၊ ရပ်တန်းက ရပ်လိုက်

'မရပ်နိုင်ပါဘူး ဒေါ်ထိပ်တင်ရတနာ။ နုနုထွဋ်ကတော့ ဆက်တိုးရမှာပဲ။ ဒီကိစ္စက ကျွန်မအတွက် အရေးကြီးပါတယ်။ အလွ တကူ ပြီးဆုံးသွားလို့ မဖြစ်ဘူး'

'ညည်း ဘာဖြစ်ချင်တာလဲ။ ငွေဘယ်လောက်လိုလဲ၊ ကျွ





တစ်ခု တည်ထောင်ပေးရမလား။ ကျုပ်သားနားကနေ ညည်းထွက် သွားပါ။ လာပြီးမပတ်သက်ပါနဲ့'

'ကျွန်မ ဒီကိုရောက်လာတာ အမွေကြောင့်လည်း မဟုတ် ဘူး၊ ငွေကြောင့်လည်း မဟုတ်ပါဘူး။ ရှင်ကြီး ကျွန်မကို ချေးမတော် ရယ်'

'ဘာ…ဘာပြောတယ်။ ညည်းလိုကောင်မမျိုးကိုများ ကျုပ် သားနဲ့တန်လို့လား။ ညည်း…ညည်းအမေက ကိုယ်ရေပြားရောဂါ သည်ကြီးပဲ။ ကျုပ်…ကျုပ် သီတာတင်နဲ့ ခမည်းခမက်တော်ရမှာ လား'

'တော်ရမှာပဲ ဒေါ်ထိပ်တင်ရတနာ။ ဖိတ်ချင်းဖိတ် ကိုယ့် ခွက်ထဲ ဖိတ်ပေါ့။ ကျွန်မက ဦးသစ်လွင်သမီးအရင်းပဲ။ ဒေါ်ထိပ် တင်ရတနာရဲ့ခင်ပွန်း ဦးသစ်လွင် (ခေါ်) ကိုကိုလွင်က ရှင်ကြီးတို့ ကိုတက်ချမ်းသာလာအောင် စီးပွားတွေ ရှာပေးခဲ့တဲ့ယောကျ်ားက ကျွန်မအဖေလေ။ မှတ်ပုံတင်ပြရမလား'

'ညည်း…ညည်း တော်တော်အကြံပက်စက်တာပဲ။ ကိုကို နဲ့ ညည်း ဘာဆိုင်လို့လဲ။ ဗူးသီးမှ အရီးလာတော်ချင်တယ်။ ကိုလွင် စီးပွားအရှာကောင်းတာ မှန်ပေမယ့် ညည်းတို့သားအမိကို အမှတ်မပြုခဲ့ဘူးတဲ့'

'ဖေဖေကသေပါပြီ။ အသိအမှတ်ပြုလား၊ မပြုလား ကျွန်မ

www.burmeseclassic.com



ထိုက်အောင်လို့မှ မရတော့တာ။ လောလောဆယ် ဒေါ်ထိပ်တင်ရတနာ
အသိအမှတ်ပြုပေးပါ။ ရှင်ကြီးရဲ့ အတိတ်ဇာတ်ကြောင်းတွေ လင်ကြ
ကို ကွာရှင်းပြီး သူများယောက်ျားကို အတင်းအကျပ် လုယူခဲ့
အကြောင်းတွေကို MD မသိစေရပါဘူး၊ ကတိ…’

‘တိတ်စမ်း၊ ညည်း…ညည်း ဆက်မပြောပါနဲ့တော့။ ယု
မာကောက်ကျစ်လိုက်တာ’

‘ဒေါ်ထိပ်တင်ရတနာလောက် မယုတ်မာ မကောက်ကျစ်
ဘူးနော်။ စဉ်းစားပါ၊ ကိုဖန်နေဝန်းလ်ရှေ့မှာလိုတော့ ဒေါ်ထိပ်တ
ရတနာရဲ့နှုတ်ခမ်းတွေက ပြုံးနေပြီး မျက်လုံးတွေထဲမှာ အတ္တ
ဒေါသတွေ၊ မုန်းတီးမှုတွေက ထင်ရှားနေတယ်နော်။ မြွေမြွေချင်းပဲလေ

‘နုနုထွေး၊ ညည်း…ညည်း မိစ္ဆာမပဲ။ ကောင်းပြီလေ၊ ကျ
နဲ့ ညည်း စိန်ခေါ်ကြတာပေါ့။ ညည်းကတိတည်ပါ။ ညည်းအခွ
အစနဲ့ ကျုပ်သားကို အရယူလေ’

‘ဟွန်း…အဟွန်း…ဟွန်း’

သူမ သဘောကျစွာ ရယ်မောနေလေ ဒေါ်ထိပ်တင်ရတ
ရဲ့မျက်လုံးတွေထဲမှာ မီးတောက်နေလေပဲ။ သူမရယ်တာမှ အလို
အသည်းလိုက် ခန္ဓာကိုယ်လေး ယိမ်းခါနေသည်။

‘မာမီနဲ့ နုနုထွေး ဘာတွေသဘောကျနေကြတာလဲ။ စ
လက်ဆုံကြနေကြတာလား’





‘MD မာမီက နုနုထွေးကို အရမ်းချီးမွမ်းလွန်းနေတယ်လေ။
မီးအဖြစ်တောင် တော်ချင်တယ်တဲ့’

‘ဟုတ်တယ်၊ သားရဲ့။ နုနုထွေးလေးကို မာမီက အရမ်း
သဘောကျနေတာ။ ကြည့်မဝ ရှုမဝ အရမ်းစွဲဆောင်မှုရှိတယ်လို့
ပြောလေ ရယ်လေပဲ’

နုနုထွေးကိုလည်း ဒေါ်ထိပ်တင်ရတနာ ရှုံကြောက်ကြီး ဖြစ်
သည်။

ကြောက်ရတယ်၊ မိမိအတိတ်အကြောင်းတွေ သားသိသွား
မဖြစ်ပါဘူး။

မိမိပတ်ဝန်းကျင်မှာလည်း ဂုဏ်ဒြပ်တွေနဲ့ နေထိုင်တာ၊ အရှက်
အပယ်အဖြစ်တွေပဲ။

နုနုထွေးက ဖွတော့မယ်။ ဒင်းကို ချွေးမအဖြစ် လက်ခံပေးဖို့ပဲ
တယ်။

ညည်းကိုလေ အမှုန့်ကြိတ်စက်ထဲထည့်ပြီး စိစိညက်ညက်
သွားအောင် ကြိတ်ပစ်ချင်တယ်။ ထိပ်တင်ရတနာ ဒေါသတွေကို
ထိန်းချုပ်နေရသည်။

‘ကိုယ်တို့ကမ္ဘာဇာကို သွားကြမယ်လေ နုနုထွေး။ ဂျိမ်းစ်ဘွန်း
င် ကားပေါ်မှာ စောင့်နေပြီ’

‘MD ဆင်းမလာသေးလို့ပါ။ နုနုထွေးက အဆင်သင့်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အန်တီထိပ်တင်က ခဏစကားပြောချင်တယ်ဆိုလို့ စားသောက်ဆိုင် ထဲ ဝင်လာတာပါ'

'သွားကြမယ်။ မာမီ သွားပြီနော်။ ချောချောရော၊ ဈေးသွား… တယ်ထင်တယ်။ မာမီတစ်ယောက်တည်း ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်'

'မာမီ ဈေးလိုက်မဝယ်ဘူးလား။ ထူးထူးခြားခြား ချော… တစ်ယောက်တည်း လွှတ်လိုက်တယ်'

'မာမီ ကိစ္စနည်းနည်းလေးရှိလို့ပါ သားရယ်။ ညနေ… အတွက် မာမီကိုယ်တိုင် စီစဉ်ချင်လို့ပါ'

'ကိုယ့်မာမီက အရမ်းချစ်စရာကောင်းတယ် နုနုထွဋ်။ … သောက်ဖွယ်ရာတွေ အားလုံးကို တစ်ယောက်တည်း စီမံခန့်ခွဲ… လေ'

'MD မာမီက အရမ်းလေးစားစရာကောင်းပါတယ်။ … သဘောထားလည်း ပြည့်ဝတယ်။ အရမ်းချစ်ဖို့ကောင်းတာပဲ'

'မာမီနဲ့ နုနုထွဋ်ကတော့ တစ်ယောက်ကိုတစ်ယောက် … ကြ၊ မြှောက်ကြနဲ့ အတွဲညီနေတယ်ပေါ့'

'သွားပါပြီ အန်တီ'

'ကောင်းပါပြီကွယ်'

သားနှင့်ယှဉ်တွဲသွားတဲ့ နုနုထွဋ်က နေနဲ့လ ရွှေ…



…တိတ်ဖက်တင့်တယ်နေပေမယ့် ဒေါ်ထိပ်တင်ရတနာရင်ထဲမှာ မီး …တောက်နေသည်။

ဒင်းက သားကို ဒုက္ခပေးတော့မှာပါ။ အချစ်မရှိ၊ အမုန်းတွေပဲ …ရင်ထဲမှာ၊ အသည်းနှလုံးထဲမှာ ပြည့်နှက်နေတာပါ။ မဖြစ်နိုင်ဘူး၊ …ပဲ။ မဖြစ်ဖြစ်တဲ့နည်းနဲ့ တားဆီးပစ်ရမယ်။

ညည်းလို မလောက်လေးမလောက်စား ကောင်မလေး …ဘူး။

ကိုကိုလွင့်မယားကြီးသီတာတင် ကလေးမွေးပြီး သွေးနုနုမှာ …အထိုင်မဆင်ခြင်၍ မီးယပ်ကျိုးသွားတာ မိမိသတင်းရထားခဲ့၏။

ကိုကိုလွင်ကတော့ မသိ။ ကိုယ်ရေပြားရောဂါသည်ကြီး …နေသည်။

'ကိုယ်ရေပြားရောဂါသည်ကို ငါက ခမည်းခမက် တော်ရ …နုနုထွဋ်။ ငါတို့သားအမိဘဝကို ဖျက်စီးချေမှုန်းဖို့ ရောက်လာ …ညည်းကိုရော ချွေးမတော်ရမလား။ ပြီးတော့ ငါ့သား ဖန်နေဝန်းလ်၊ …တစ်ဆူလို တင့်တယ်၊ ဂုဏ်ခြံရံတွေပြည့်စုံနေတဲ့ ငါ့သားဘဝကို … ညည်း ဖျက်စီးပစ်တော့မယ်'

သားဖန်နေဝန်းလ်က အမည်းစက် တစ်စက်လေးမျှပင်၊ မြူမှုန် … တစ်မှုန်မျှပင် အပြစ်မရှိ၊ ရှင်းသားဖြူစင်သူပါ။ စီးပွားရေးလောက …ည်း ဘုရင်တစ်ဆူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာမနုနုထွေး၊ သားကို ဖမ်းစားနိုင်နေသည်။ သားစွဲလမ်း နေတယ်။ အရွေးအမူးဖြစ်နေပြီလားပဲ။ တားဆီးရမယ်။ ရတဲ့နည်းလမ်း တားပစ်မယ်။

ထိပ်တင်ရတနာဆိုတာ နာမည်တစ်လုံးနဲ့ နေတာပါ။ ချော ချောကို တမင်တစ်ယောက်တည်း ဈေးလွှတ်လိုက်တာ။ နုနုထွေး စကားပြောချင်လို့။ ချောချောပြန်ရောက်လာသည်။

'မာမီကြီးရယ်၊ ဈေးထဲမှာ ယောင်ချာချာနဲ့၊ ချောချော ဈေးမဝယ်တတ်တာပဲ။ မာမီကြီးစိတ်ကြိုက်ဝယ်ပြီး ဈေးခွဲခြင်းလိုင်း ကိုင်ရတာက ကောင်းဦးမယ်'

မိမိက ဈေးဝယ်လျှင် သူများဝယ်ခြမ်းတာ မကြိုက်၊ ကိုယ် တိုင် သားအကြိုက်၊ မိမိအကြိုက်၊ ကိုကိုလွင်အကြိုက် စိတ်တိုင်း ရွေးဝယ်တတ်တာ အကျင့်။

ချောချောဝယ်တာတွေက အချိုးမပြေ။ ဒါပေမဲ့လည်း ကိုယ် တိုင်စီမံခန့်ခွဲချင်တဲ့စိတ်တွေ ကုန်ခမ်းနေသည်။

'မာမီကြီး၊ ဘာဖြစ်နေတာလဲ။ မျက်နှာညှိုးနေသလိုပဲ'

'နေမကောင်းဘူး ချောချော။ နှလုံးပြန်ထတာနေမှ ညည်းလည်း တငေါ်အောင်သင်ထား'

'မာမီကြီး'

'ပြော'





'အစ်ကိုလေးဝန်းယံနဲ့ မမလေးထွေးတို့ အရမ်းရင်းနှီးလွန်းနေ တယ်။ အရမ်းလည်း လိုက်ဖက်တယ်နော်။ မာမီကြီးက တကယ်ပဲ ချွေးမအဖြစ် ရွေးချယ်ထားပြီလားဟင်'

'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ ချောချော။ ညည်းလည်း နုထွေးကို သဘောကျတယ်မဟုတ်လား'

'အင်း...ကျပါတယ်။ မမလေးနုနုထွေးက အရမ်းချောတာ နော်'

ချောချောမျက်နှာလေး ညှိုးညှိုးငယ်ငယ်နှင့် မသာမယာ။

ဒေါ်ထိပ်တင်ရတနာ သတိထားမိနေတာက ချောချော မျိုးပေါက်မလေး၊ သားကို ကြိတ်ပြီး ကြိုက်နေတာကိုပဲဖြစ်သည်။

ဒါကြောင့်လည်း မိမိက သားကို အိမ်ထောင်ပြုပေးဖို့ စီစဉ် ထားပါ။

ချောချောကလည်း ရုပ်ရည်လေးရှိပြီး ငယ်ငယ်လေးက တည်းက မိမိတို့ဆီမှာနေတာပါ။ လူယုံလို ဖြစ်နေသည်။

မိမိအသုံးချလို့ရတယ်။

ချောချောက မိမိသေဆို သေ၊ ရှင်ဆို ရှင်။

ချောချောကိုလည်း ကျိမ်းစ်ဘွန်းနှင့် တရားဝင်လက်ထပ်ပေးဖို့ ကြံစည်ထားသည်။

'တကယ်တော့ မာမီကြီးက ချွေးမချောချောလှလှ ပညာတတ်



www.burmeseclassic.com

တစ်ယောက်ထက် အိမ်မှုကိစ္စတွေ ကျွမ်းကျင်ပြီး မာမီကြီးကို မိခင် တစ်ယောက်လို ချစ်ကြောက်ရိုသေတဲ့ မိန်းကလေးနဲ့ပဲ လက်ထပ်ပေ ချင်တာပါ။ အဆင့်အတန်းမခွဲခြားပါဘူးအေ။ ဆင်းရဲ ဆင်းရဲ ဘာဖြ လဲ။ ချွေးမက အရမ်းထက်နေတော့လည်း ယောက္ခမကို အာခံမှာယေ သားဆိုတာမျိုးက မိန်းမဘက်ပဲရပ်တာ'

မိမိစကားကြောင့် ချောချောမျက်နှာလေး ဝင်းလက်တောက် သွားသည်။

ချောချောရဲ့အညှာကို ကိုင်ပစ်လိုက်တာ ချောချောရင်ထဲက ခံစားမှုတွေကို မိမိ မသိဘဲနေမလား။ မတန်မရာ၊ သားကို ကြိတ်ကြိုက် ပြီး ရင်ခုန်နေလေသည်။

ချောချောရေ၊ ညည်းလေးကတော့ မာမီကြီးရဲ့ ယော ချောက်ထဲမှာ သားကောင်ဖမ်းဖို့ ထောင်ထားမယ့် အစာဖြစ်သွား လေ။

အရှင်းဆုံးပြောရင်တော့ တန်ဆာခံပဲ။ မစာတ်နိုင်ဘူး၊ မာ ကြီးဘဝမှာ ကမ္ဘာမီးလောင်နေပြီ။

ချောချောလိုမိန်းကလေးမျိုးကိုပဲ ချွေးမတော်ချင်ကြောင် အဓိဌာယ်ပါနေတဲ့စကားတွေပဲ ပြောမိသည်။

'သားကြောင့်ပါ၊ မာမီကြီးက သိပ်သဘောတူတယ်လို့လည် မဟုတ်ပါဘူး ချောချောရယ်။ ညည်းလေးမို့ ပြောတာပါ။ သား





သက်နေတော့လည်း ရေယောင်သဘောတူလိုက်ရတာပဲ။ မာမီကြီး ချွေးမအဖြစ် သတ်မှတ်ထားတာက တစ်ယောက်လေ'

'ဘယ်သူလဲဟင် မာမီကြီး၊ ဘယ်သူတာလဲ'

'အဝေးကြီးမှာ မဟုတ်ပါဘူး။ ပြောလို့ မဖြစ်သေးဘူးလေ ကွယ်'

မာမီကြီး ခေါ်ထိပ်တင်ထားအကြည့်တွေက သူမထံ တည့် တည့်မတ်မတ် ကျရောက်လာပြီး အပြုံးတောက်တောက်တွေက ချော ချောရင်ကို နွေးထွေးလိုက်တုန်သွားစေသည်။

အမလေး၊ မာမီကြီးစိတ်ထဲမှာ ရွေးချယ်ထားတဲ့ ချွေးမက ချောချောလားပဲ။ နီးနီးလေးမှာပါတဲ့။ မဖြစ်နိုင်ဘူးဆိုပေမယ့်လည်း ချောချော ရင်ခုန်သွားရ၏။

မာမီကြီးကို မိခင်တစ်ယောက်ကဲ့သို့ တွယ်တာပြီး ချစ် ကြောက်ရိုသေတာ ချောချောပဲ ရှိတာပါ။ ငါးနှစ်သမီးကတည်းက မိဘတွေ မရှိတော့၍ အခေါ်က မာမီကြီးထံမှာပဲ အပ်သွားခဲ့သည်။

'ချောချောလေးလည်း ချစ်စရာကောင်းပါတယ်ကွယ်။ မာမီ ကြီး သမီးပါပဲ။ သံယောဇဉ်တွယ်ရတဲ့ ကလေးလေး။ မာမီကြီး တင်းချက်တာတွေ သင်ပေးရဦးမယ်။ သားအကြိုက်လည်း ချောချော ပဲ အသိဆုံးလေ'

သေချာပါပြီ၊ ချောချောပါပဲ။

www.burmeseclassic.com



ဓာတ်ကြီးချက်ဝန်းအကြည့်တွေက အရမ်းကြင်ကြင်နာနာနဲ့ ချောချော ပျော့လိုက်တာ။ မမလေးနုနုထွဋ်ကို ချောချောစိတ်ထဲမှာ မသိမသာ မနာလိုဝန်တိုပြီး မုန်းနေတာပါ။ အခုတော့ ပိုပြီးမုန်းသွားရသည်။

■ ■ ■



## အခန်း (၉)

'MD အရမ်းညံ့တယ်။ တပည့်ကြီးက ဒီလောက်အထိ အကွက်ဖန်ပေးနေတာပါ။ ဘာဖြစ်လို့ ရှုံးအနေရတာလဲ'

ဂျိမ်းစ်ဘွန်းပြောလည်း ခံရတော့မည်ဖြစ်သည်။ မာဇီက ဆောင် ရေလာမြောင်းပေးစကားတွေပြောပေးနေသည်။ သူ့ဘက်မှ ရှေ့ဆက်တိုးလာဖို့ သတ္တိမရှိပေ။ ထွဋ်ကို ချစ်သည်ဟု မပြောရဲ။ ဂျိမ်းစ်ဘွန်းက သူနှင့် လဲပစ်ချင်သည်တဲ့။ ထွဋ်အနားရောက်သည်နှင့် သူတုန်လှုပ်နေရော။

နုနုထွဋ်အား သူ့လက်ထဲကနေ လုယူချင်နေတဲ့သူတွေက အများကြီးပဲ။

ကော်ဖီလေးတစ်ခွက် ဖျော်ခိုင်းဖို့ပင် ဖန်နေဝန်းလ်အဖို့ ထစ်ထစ်ငေါ့ငေါ့။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်နဲ့သာ လဲပစ်လိုက်ချင်တယ် MD ရယ်'

'မင်း ကိုင်ပေါက်ခံချင်လို့လား။ မင်းထက် အရှိန်အဝါကြီးတဲ့သူတွေး ထက်ရှိုင်းတောင် ခါးရိုးကျိုးတော့မလို့'

'MD တိုက်ထဲတောင် ရောက်နေပြီ။ မာမီကြီးက သမီး၊ သမီးနဲ့ ပါးစပ်များက မချေတော့ဘူး။ MD ဝဲလိုတာ'

'ဂျိမ်းစ်ဘွန်း'

'ပြောပါ MD'

'နုနုထွဋ်ကို ကိုယ်အရမ်းချစ်နေတယ်။ လက်ထပ်ချင်တယ်။ ဘယ်လိုရင်ဖွင့်ရမလဲ'

'ကျွန်တော် ပြောပေးမယ်'

'ဟာကွာ···ကလေးကလား၊ ကိုယ်ပဲကြိုးစားမယ်။ ဒီညနေ နုနုထွဋ်ကို ကိုယ်တစ်ယောက်တည်း ခေါ်သွားမယ်'

'ကောင်းတယ် MD၊ အားပေးတယ်။ နုနုထွဋ်က ဝင်းမှည့်အိနေတာပဲ။ အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်မှာ···'

'ဟေ့ကောင်၊ မင်းဆရာကတော်လောင်းနော်'

'အားမရလိုက်တာ၊ ဒီည အပီကစ်'

'ဘာလဲကွ'

'ချစ်တယ်လို့ပြော၊ ဖက်ပြီး နမ်းပစ်လိုက်'

'ဟေ့ကောင်'





ဖန်နေဝန်းလ်ကလည်း သူမနှုတ်ခမ်း ငုံငုံဖူးဖူးလေးကို နမ်းပစ်ချင်နေတာ။

မင်းကို ပိုင်ဆိုင်ချင်တယ်။ ဒါပေမဲ့လည်း ထွဋ်ကို ကြောက်ရတယ်။ စိတ်မထင်လျှင် မထင်သလို ကိုင်ပေါက်တတ်တဲ့အကျင့်ရှိသည်။

'သတ္တိရှိစမ်းပါ၊ MD က လူပျိုပဲ။ အောင်မြင်တဲ့လုပ်ငန်းရှင်ကြီး၊ ညံ့ပါ'

'ကိုယ်က မိန်းကလေးတွေနဲ့မှ အတွေ့အထိမရှိတာ။ စီးပွားရေးမှာပဲ စိတ်ကိုနှစ်ထားတာ။ မာမီကိုယ်တိုင် နုနုထွဋ်ကို ချစ်နေတာကွ။ ဘယ်လောက်အဆင်ပြေလဲ။ ပြောမယ်ကွာ၊ ဘာပဲဖြစ်ဖြစ် သတ္တိမွေးရမယ်'

'အိုကေ'

ဂျိမ်းစ်ဘွန်းကလည်း မြှောက်ပေးနေသလို ဖန်နေဝန်းလ်ကိုယ်တိုင် ထွဋ်အား နှစ်နှစ်ကာကာကြီးကို ချစ်မိနေတယ်။ သူ သတ္တိမွေးမယ်။

နုနုထွဋ်ကိုယ်တိုင် သူ့ကို နှစ်သက်ချင်လည်း နှစ်သက်မှာပါ။ မိန်းကလေးတွေ တော်တော်များများက ဖန်နေဝန်းလ်ဆို မငြင်းကြ။ အပြိုင်အဆိုင် ကြိုက်နေကြတာပါ။

'MD'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲကွ'

'နုနုထွဋ်ကို ရေကူးကန်ခေါ်သွားမယ်'

'ဘာဖြစ်လို့လဲ ဂျိမ်းစ်ဘွန်း'

'ရေကူးခိုင်းမယ်။ ကျွန်တော်တို့က ထိုင်ကြည့်နေကြမယ်'

'တော်စမ်းပါကွာ၊ နုနုထွဋ်ကို လျှော့တွက်လို့ မရဘူးကွ။ မာနရှိတယ်'

'MD တိုက်ထဲတောင် ရောက်နေပြီလေ'

ထွဋ်ဘက်ကရော သူ့ကို လက်ခံနိုင်မလား။ အရင်ကထက်တော့ တရင်းတနှီးရှိလာသည်။ ညစာစားမယ်၊ လက်ထပ်ပါလို့ တောင်းဆိုမယ်။ သူက လူပျိုလူလွတ်ပဲ။

ဖန်နေဝန်းလ်စိတ်တွေ ဘယ်လိုမှ ထိန်းချုပ်ထားလို့မှ မရတော့တာ။

အရမ်းချစ်တယ်။ အိပ်လို့တောင် မပျော်ဘူး။

သူ့အတွေးတွေထဲမှာ စက္ကန့်မလပ် ကုမ္ပဏီအလုပ်ကိစ္စတွေကိုတောင် စိတ်မဝင်စားနိုင်ဘဲ နုနုထွဋ်ပဲ လွှမ်းမိုးနေသည်။

'ချစ်တယ်ကွာ၊ ချစ်တယ်။ နုနုထွဋ်ကို အရမ်းချစ်တယ်'

'ဗျာ'

'ဟာ…ဂျိမ်းစ်ဘွန်း၊ မင်းမသွားသေးဘူးလား။ ဘာလုပ်နေတာလဲကွ'





'MD ကတော့ဗျာ၊ အကြွေကြီး ကြွေနေပြီပဲ။ ဆေးမရှိနိုင်တော့ဘူး။ ဒီလိုလုပ်ပါလား MD၊ အရင်ဆုံး ကျွန်တော်နဲ့ လေ့ကျင့်မယ်'

'သွားစမ်းပါ ဂျိမ်းစ်ဘွန်းရာ။ ပြောမယ်ကွာ၊ ဒီညတော့ လက်ထပ်ခွင့်ပေးဖို့ တောင်းဆိုမယ်။ စိတ်ချ၊ ပြောမယ်'

'MD ကို တစ်ခုတော့ သင်ပေးလိုက်မယ်။ လူပျိုလက်ဟောင်းတွေ့ ကြားဖူးလား'

'ဘာလဲကွ'

'ဝက်အမြီးက ဘယ်တော့မှ ငြိမ်မနေဘူးလေ။ ဟိုရမ်းဒီရမ်းနဲ့ MD လည်း လူပျိုလက် အငြိမ်မနေနဲ့၊ ဟို…ဒီ'

'ဟေ့ကောင် ဂျိမ်းစ်ဘွန်း၊ အရှက်မရှိကွာ၊ သွားတော့။ ဒီလို အဆင့်အတန်းမရှိတဲ့အလုပ်တွေကို နုနုထွဋ် ကြိုက်မှာမဟုတ်ဘူး။ ကိုယ့်ကို အထင်သေးသွားလိမ့်မယ်'

'MD က လူပျိုပဲဟာ။ ဒါရိုက်တာထက်ရှိန်းက မိန်းမနဲ့ တွေ့တွေ့ချင်း လက်သရမ်းလို့ ကိုင်ပေါက်ခံရတာပါ။ သေချာတာက MD ကို နုနုထွဋ် ကြိုက်ပြီး ချစ်နေမယ်'

ဂျိမ်းစ်ဘွန်းက ပြောချင်တာတွေ ပြောပြီး ထွက်သွားမှ ဖန်နေဝန်းလ် နှုတ်ခမ်းရဲရဲစိုစိုတွေ ပြုံးယောင်သမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'အိုကေ၊ ဒီညတော့ သတ္တိရှိရှိပြောမယ်။ နုနုထွဋ်ကို ချ
တယ်လို့၊ လက်ထပ်ခွင့်ပေးပါလို့'

လက်ထပ်ခွင့်တောင်းဖို့ ဒူးထောက်ရမလား။ သိန်းပေါင်းများ
စွာတန်ဖိုးရှိတဲ့ စိန်လက်စွပ်ပေးသင့်လား။ မြန်မာမဆန်ဘူး၊ နုနုထွ
မျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်ပြီး ကိုယ်ချစ်တယ်၊ လက်ထပ်ပါ
စေလို့ ကြင်ကြင်နာနာလေး ပြောရမလား။ ပြောဖြစ်အောင်တော့ ပြေ
မယ်။

အပြန်မှာ ဂျိမ်းစ်ဘွန်းကို ထားခဲ့မယ်။ နုနုထွဋ်နှင့် နှစ်ယော
တည်း ညစာစားမယ်၊ ကားလျှောက်မောင်းမယ်၊ ချစ်ခွင့်ပန်မယ
မာမီကလည်း လက်ခံနေပြီ၊ ဘာလိုသေးလို့လဲ။

မင်းသတ္တိရှိစမ်းပါ ဖန်နေဝန်းလ်။ ညနေရုံးဆင်းတော့ နုနုထွ
နှင့်တွေ့ဖို့ ဖန်နေဝန်းလ် တစ်ယောက် ရင်တုန်နေကာ ချောက်ချော
ချားချားနှင့် ရုံးခန်းထဲမှ ထွက်မရ။

အဝတ်အစားကအစ ဂျိမ်းစ်ဘွန်း ရွေးပေးထားတာ။ သူ့ဘာ
ဝတ်ဝတ် ခန့်ညားသူ။

နုနုထွဋ်က သူ့အခန်းဝမှာလာရပ်တော့ သူ အထိတ်တလန့်
တုန်တုန်ယင်ယင်။

နုနုထွဋ်က အပြုံးလေးနှင့် MD သွားကြမယ်လေဟု ပြော
အင်း...မင်းသွားနှင့်ပါဟု ပြောလိုက်သည်။





'MD နေခဲ့မလို့လားဟင်။ ချိန်းထားတာရှိလို့လား၊ ထွဋ်ရော'

'ပြန်မှာပါ၊ ကိုယ်အခုပဲလာခဲ့မယ်'

'ဟုတ်ကဲ့၊ ကားထဲမှာပဲ စောင့်နေပါ့မယ်'

'နုနုထွဋ်'

'ရှင်'

'ဘာမှမဟုတ်တော့ပါဘူး။ အောက်မှာပဲ စောင့်ပါ'

သေလိုက်စမ်း၊ ဖန်နေဝန်းလ်ရာ။

ကိုယ်တို့ အတူတူသွားမယ်။ ဒီညစာ ကိုယ်ကျွေးမယ်ဆိုတဲ့
ားပြောဖို့တောင် မင်းမှာ သတ္တိမရှိ ဘူးလား။

သူ ကုမ္ပဏီရုံးခန်းထဲကနေ ထွက်လာခဲ့သည်။ ဓာတ်လှေ
ားထဲဝင်ပြီး အောက်ထပ်ဆင်းလာခဲ့၏။

နုနုထွဋ်က ကားနောက်ခန်းမှာ ထိုင်နေတာ တွေ့နေရပြီး
နေဝန်းလ် သတ္တိကိုမွေးကာ တည်တည်ငြိမ်ငြိမ်ထွက်လာသည်။

'ဂျိမ်းစ်ဘွန်းရော MD'

'ရုံးဆင်းသွားပြီ၊ ကိုယ်နဲ့ နုနုထွဋ် ညစာသွားစားကြမယ်'

'ရှင်...အိမ်မှာ အန်တီထိပ်တင်က ညစာစီစဉ်နေမယ် ထင်
ယ်။ အားနာစရာကြီး'

'ကိုယ် ဖုန်းဆက်ပြောထားပြီးပြီ'



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှဆက်မပြောတော့ဘဲ ကားထဲဝင်ထိုင်ကာ မောင်း ထွက်လာခဲ့သည်။

နုနုထွဋ်ရဲ့မျက်နှာလေးက ဘက်ကြည့်မှန်ကနေ မြင်နေရ ဖန်နေဝန်းလ်ရင်ကို တသိမ့်သိမ့်တုန်နေစေသည်။ ချစ်တယ်ကွာ ချစ်တယ်။ ကိုယ်ပိုင်ဆိုင်နိုင်အောင် ကြိုးစားမယ်။

မင်းပျော်ရွှင်ရမှာပါ။ နုနုထွဋ် နွမ်းပါးတာကိုတော့ ဖန် ဝန်းလ် သိထားသည်။ သူ့အပေါ် ဖြူစင်စွာဆက်ဆံပြောဆိုနေ နုနုထွဋ်အား ပို၍ပင် အထင်တကြီး နှစ်သက်ချစ်မြတ်နိုးနေရ၏။

သူ့အပေါ် တည်တည်တင်းတင်းလေး ဆက်ဆံနေတာ သူ ကိုယ်သူမ တန်ဖိုးမြင့်တက်လာအောင် မာယာများပြနေတာမဟုတ် ဟု သူ့စိတ်တွေ ဖြူစင်အေးမြစွာ ခံစားယုံကြည်သည်။

'MD'

'ကိုယ်တို့ Western Park မှာ ညစာစားကြမယ်။ ပြီးမှ ကားလျှောက်မောင်းမယ်။ ကိုယ့်စိတ်တွေ အရမ်းပင်ပန်းနွမ်းနယ် လို့ပါ'

'MD မှာ စိတ်ရှုပ်စရာကိစ္စတွေ ရှိနေလို့လားဟင်။ သိရသလောက်လေတော့ MD ဘဝက အရမ်းပြည့်စုံတယ်။ အောင်မြ နေတယ်။ ပျော်ရွှင်ရေးအပြည့်ပဲ'

'အရင်ကတော့ ဟုတ်တယ်'





'အခု ဘာတွေဖြစ်နေလို့လဲဟင်၊ ထွဋ်ကြောင့်လား။ ထွဋ် မှုန်းညှုံ့ဖျင်းနေလို့ စိတ်ရှုပ်ရတာလား MD။ ပြောပါ၊ ထွဋ်ဖြူဖြင်ပါ့ ယ်'

'ပြောမယ်၊ အခုတော့ ညစာစားကြမယ်'

ဖန်နေဝန်းလ် နည်းနည်းလေး သွေးပူပြီး ပြောရဲဆိုရဲ ဖြစ်လာ သည်။ ဘက်မှန်မှာ သူနှင့် နုနုထွဋ်တို့ မျက်ဝန်းအကြည့်တွေ ဆုံမိကြ တာ မကြာခဏပါပဲ။

ဖန်နေဝန်းလ် အကြည့်ကို လွှဲမပစ်၊ အကြင်နာတွေပြည့်လျှမ်း နေတဲ့ မျက်ဝန်းတွေက သူမမျက်ဝန်းလေးတွေထဲအထိ ထိုးဖောက် သွားသည်။

သူ ကန်တော်ကြီးထဲရှိ Western Park ရှေ့ကား Packing ၌ ကားကိုထိုးရပ်လိုက်၏။ မင်းဆရာ အရမ်းသတ္တိရှိသွားပြီ ဂျိမ်းစ် ဘွန်း။

ဆင်းလေဆိုတော့ သူမက နှေးနှေးကွေးကွေး လေးလေး ပံလံဆင်းသည်။

ဖန်နေဝန်းလ် နှလုံးသားတွေထဲသို့ ဘယ်ကနေ ဘယ်လို သတ္တိတွေ ဝင်ရောက်သွား မှန်းမသိအောင်ပင်။

ကျိုးဆိုင်းဆိုင်းဖြစ်နေတဲ့ နုနုထွဋ်လက်ကို ဆွဲကိုင်ကာ ဆိုင်ထဲသို့ ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'MD'

'လာပါ ထွင်း'

'ရှင်…ရှင်၊ ဘာလုပ်တာလဲ။ ထွင်းကို ဒီလိုဆောက်ဆဲတာ မကြိုက်ဘူးနော်'

ပတ်ဝန်းကျင်မှာ လူတွေရှိနေ၍ ထွင်း လေသံတိုးတိုးလျှ လေးဖြင့် ဟန်မပျက် ငြင်းသည်။

ဖန်နေဝန်းလ်က မလွှတ်။ မကျေနပ်ရင် ကိုင်ပေါက်လိုက် ခပ်တိုးတိုးကပ်ပြောပစ်တော့ လူတွေရှိနေလို့တဲ့။

MD ဂုဏ်သိက္ခာကို ထောက်ထားတာနော်တဲ့။

ဖန်နေဝန်းလ်ကလည်း ဖြစ်ချင်ရာဖြစ် သူမလက်လေး ခပ်တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ဆွဲခေါ်လာသည်။

'ဦးဖန်နေဝန်းလ်တို့ကုမ္ပဏီက လူကြီးတွေက မိန်းကလေး တွေကို ပိုင်စိုးပိုင်နင်း ဒီလိုပဲ ဆက်ဆံတတ်လား'

စားပွဲမှာထိုင်တော့ နုနုထွင်းက စူစူအောင့်အောင့် ပြောဆို ပေမယ့် ဖန်နေဝန်းလ် ဂရုမစိုက်ဘဲ စားစရာတွေ မှာသည်။

'MD ဒီမှာ'

'ကိုယ်ဗိုက်ဆာနေပြီ။ နုနုထွင်းရော၊ ဘာစားမလဲ။ ကြိုက်တာ မှာလေ'

'အန်တီက'





'ကိုယ်ဖန်းဆက်ထားပါတယ်။ အေးအေးဆေးဆေး စားကြ တဲ့'

နုနုထွင်း ရယ်ပစ်ချင်သည်။

ဒေါ်ထိပ်တင်ရတနာရဲ့ရင်ထဲမှာ မီးတောက်တွေ ထတောက် လောက်ပြီထင်တယ်။ သူမရဲ့ ပထမဆုံး ခြေလှမ်းလေ။ MD ဖန်နေဝန်းလ်က ရိုးသားသူ။ ရှင်က အဖေတူတာပဲဖြစ်မယ်။

ဒေါ်ထိပ်တင်ရတနာရဲ့သွေးတွေ ဖြတ်သန်းရောနှောစီးဆင်း နေတာ မုန်းစရာပါ။

MD က သွက်လက်နေသည်။ အရမ်းလည်း ရှက်နေသည်။ မျက်နှာကြီးနီမြန်းလို့။ သူမမျက်ဝန်းလေးတွေက တင်းနေတာပဲလေ။ MD ဖန်နေဝန်းလ်ကို အပီချုပ်မယ်။ နုနုထွင်းကို မရရင် သေတော့ တော်ဖြစ်နေအောင်ပါ။ သူမ စိုးထိတ်ရှက်ရွံ့နေသည်။

'ထွင်း'

'ရှင်'

တိုးတက်လာပြီပဲ၊ ထွင်းတဲ့။ အသံတွေ တုန်ယင်ယင်၊ နှုတ်ခ တည်းကမှ စိုရဲနေတဲ့ နှုတ်ခမ်းတွေက ရဲရဲတွတ်တွတ်။

MD ဖန်နေဝန်းလ် တော်တော်လေး သတ္တိတွေမွေးနေရသည်။

'စားလေ၊ မဆာဘူးလား။ မာမီနဲ့အတူတူ စားရရင် ထွင်း မရဲနဲ့ အားနာရတယ်လေ။ ကိုယ်က ထွင်းကို ပျော်ရွှင်စေချင်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ထွင့်ကို အဲဒီလောက်ကြီး ဂရုမစိုက်ပါနဲ့၊ မနေတတ်လို့ပါ ထွင့်က MD ရဲ့ လက်အောက်ငယ်သား ဝန်ထမ်းပါနော်'

'ထွင့်ရယ်၊ ဘယ်အထိများ ကိုယ့်ကို MD လို့ ခေါ်နေမှာလဲ'

'ရှင်'

'ဟိုလေ…အရမ်းစိမ်းနေလို့ပါ။ ကိုဖန်နေဝန်းလ်လို့ပဲ ခေါ် လေ'

'ဟာ…MD ကလဲ၊ မဖြစ်နိုင်တာ။ ကုမ္ပဏီမှာရှိနေတဲ့ ဝန် ထမ်းတွေ ကဲ့ရဲ့အတင်းပြောစရာဖြစ်နေပါ့မယ်'

'ထွင့်'

'ဟင်'

'ကိုယ်ပြောစရာရှိတယ်။ ထွင့်ကိုပြောချင်နေတဲ့ ကိုယ့်ရင်ထဲ က အပြင်းပြဆုံးစကားလုံးတွေ ရှိနေတယ်။ ဆုံးအောင်တော့ နားထောင် ပေးပါ ထွင့်။ ဒေါသတွေလည်း ထိန်းပါဦး။ ကိုယ့်ကိုတော့ ကိုယ် ပေါက်မပစ်လိုက်နဲ့နော်။ ဒါက ကုမ္ပဏီရုံးခန်းမဟုတ်ဘူး၊ စားသောက် ဆိုင်ပါ'

'ရှင်'

ပတ်ဝန်းကျင်မှာရှိနေတဲ့လူတွေကြောင့် နုနုထွင့် ဒေါသဖြစ် သွားရင်လည်း သိပ်သရုပ်ပျက်မှာမဟုတ်။

အပြင်မှာမပြောရဲဘူး။ ညစာစားပြီးမှ ပြောသင့်တာပါ။





ဖန်နေဝန်းလ် မထိန်းချုပ်ဘဲ ပြောမိသွားသည်။

'ကိုယ်လေ၊ စိတ်ရင်းနဲ့ သိလား၊ ထွင့်ရင်ထဲမှာရှိနေတဲ့ ဆန္ဒ၊ ဟိုလေ…ကိုယ် တော်တော်လေးကိုသတ္တိမွေးပြီး အရမ်းဆန္ဒတွေပြင်းပြ နေလို့ ကိုယ့်ရင်ထဲမှာ ဒီစကားတွေနဲ့ ပြည့်ကျပ်နေလို့'

'MD ဘာများပြောမှာမို့လို့ ဒီလောက်အထိ နိဒါန်းတွေချည် နေရတာလဲ။ ပြောပါ'

ကိုဖန်နေဝန်းလ်က ရှီးသားဟန်ဆောင်နေတာ မဟုတ်။ သူ့ မျက်ဝန်းတွေက ကြွေနေပြီး ရီဝေစိုစွတ်နေသည်။

ရှင့်လိုယောကျ်ား တစ်ယောက်က ဘာဖြစ်လို့များ ဒေါ်ထိပ် တင်ရတနာလိုမိန်းမကြီးရဲ့ သားဖြစ်နေရတာလဲ။

MD ဖန်နေဝန်းလ်က လက်တွေကို စားပွဲစောင်းတွေပေါ် တင်ကာ ဖိရင်း သတ္တိတွေ မွေးနေလေ၏။ နုနုထွင့် ရယ်ချင်သည်။

'ပြောလေ MD'

'ကိုယ်…ကိုယ်လေ၊ ဟိုကွာ၊ ထွင့်ကို ချစ်နေတယ်။ လက် ထပ်ပါရစေ။ မာမီကလည်း သဘောတူတယ်တဲ့။ အဲဒါ ထွင့်လက်ခံ ပေးပါလို့ အနူးအညွတ် တောင်းပန်ပါတယ်ကွာ၊ နော်'

'ဟူး'

ပြောပြီး သက်ပြင်းမောမောကြီးပင် မှုတ်နေရသည်။

သူမ ရယ်ပစ်ချင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖန်နေဝန်းလ်မှာ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေတာ ထွင့်သိထား၏။

ယင်မတောင် မသမ်းဖူးသေးတာ ဖြစ်နိုင်နေသည်။

'ကိုယ့်ကို လက်ခံပေးပါ ထွင့်။ ကိုယ့်ဘဝမှာ ပထမဆုံးပါ ထွင့်ရယ်။ ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေး၊ ကိုယ့်အချစ်ဦးက ထွင့် ပါပဲ'

■ ■ ■



## အခန်း (၁၀)

သူလန့်နေပေမယ့် ထွင့်က ခေါသတကြီး မတုံ့ပြန်။ မျက်ဝန်းလေးအစုံက တည်တင်းနေသော်လည်း ပေါက်ကွဲရန်မူမည့်အရိပ်မတွေ့။

ဖန်နေဝန်းလ် စိတ်သက်သာသွားသည်။ မထူးတော့ဘူး၊ သူ့နှလုံးသား တွေထဲမှာ ထွင့်အပေါ်ချစ်လွန်း၍ မျိုသိပ်မထားနိုင်။ ထွင့်ဆီမှအဖြေကို စောင့်နေ၏။

သူမက အေးဆေးပဲ။ ညစာကိုစားရင်း MD လည်း စားပါဦးတဲ့။ နည်းနည်းလေးမှ မတုန်လှုပ်ပါလား ထွင့်ရယ်။

ယောက်ျားလေးတွေနဲ့ပတ်သက်ပြီး အတွေ့အကြုံတွေများ အရမ်းများနေပြီလားကွာ။ သူကြောက်လာသည်။

'ထွင့်'

'ထွင့်ကို စဉ်းစားခွင့်ပေးပါ။ MD အကြောင်း ထွင့် ဘာမှ မသိသေးဘူးလေ။ ထွင့်က ချစ်သူကို နှလုံးသားနဲ့ပဲ ရွေးချယ်ချင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ထွန့်ချစ်မြတ်နိုးရတဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်တွဲပြီး ဘဝကို ရှင်သန်ဖြတ်သန်းလိုပါတယ်'

'ကိုယ့်ကို လေ့လာပါ။ အဖြေကို အတင်းအကျပ်ကြီး မတောင်းဆိုပါဘူး ထွန့်ရယ်။ ကိုယ်လည်း ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ဘဝတစ်လျှောက်လုံး လက်တွဲချင်တာပါ။ တကယ်ပါ၊ ထွန့်။ ကိုယ်လေ၊ မိန်းကလေးတစ်ယောက်ကို ချစ်တယ်ပြောတာ ပထမဆုံးပါ။ ယုံကြည်ပေးပါနော်'

ထွန့်ရင်ထဲမှာ အချစ်မြားလေးတစ်စင်းကတော့ မသိမသာ လာစိုက်ဝင်သွားရသည်။

အမုန်းတွေနဲ့ တည်ဆောက်ထားချင်တဲ့ ထွန့်ရဲ့ အသည်းနှလုံးက ဖန်နေဝန်းလ်ဆိုတဲ့လူအပေါ် အမုန်းတွေအပြည့်နဲ့ ဖိအုပ်တိုက်ခိုက် ထိုးနှက်ပစ်ချင်ခဲ့၏။ ကြိုတင်ကြံစည်မှုတွေနှင့် သည်းသည်းမဲမဲ တိုက်ခိုက်ရန်မှုဖို့ လေ့ကျင့်လာခဲ့တာပါ။

ဖြူစင်သော၊ ထက်မြက်သော၊ ချောမောတည်ကြည်ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ဟာ သူမအမုန်းဆုံးယောကျ်ား ဖြစ်လာရတော့မည်။ နုနုထွန့် တွေဝေမသွားပါနဲ့။

MD ဖန်နေဝန်းလ်အပေါ် နည်းနည်းလေး၊ နှမ်းစေ့လေး တစ်စေ့လောက်တောင် မြူမှုန်လေးတစ်မှုန်လောက်တောင် စိတ်ဝင်စားမိသွားလို့ မဖြစ်ဘူး။ ကမ္ဘာမကြေနိုင်တဲ့ရန်သူ။ သူမက စတင်၍





စိန်ခေါ်မှုတွေနဲ့ ခေါင်းထိပ်တင်ရတာနှာအား စစ်ကြေညာပြီး ဘာမှ လက်နက်တောင် မထုတ်ရသေးဘဲနှင့် ကျဆုံးမခံနိုင်။

စားသောက်ပြီး သူမကပဲ အရင်ထပြီး အပြင်ထွက်ခဲ့သည်။

'ထွန့်၊ ဘာဖြစ်လို့လဲကွာ။ စိတ်ညစ်သွားပြီလား။ ကိုယ် မပြောသင့်ဘူး၊ တောင်းပန်ပါတယ်။ စိတ်မဆိုးပါနဲ့ ထွန့်ရယ်၊ နော်'

ထွန့် ထထွက်သွားသဖြင့် ဖန်နေဝန်းလ် ကပျာကယာ ငွေရှင်းပြီး နောက်မှ အပြေးအလွှား လိုက်လာခဲ့သည်။ ထွန့်က ကားနောက်ခန်းမှာ ဝင်ထိုင်နေ၏။

လမ်းဘေးမာတ်တိုင်တွေဆီက အလင်းရောင်နှင့်ပင် ထွန့်မျက်နှာဖြူဖြူနုနု ဝင်းဝင်းဖန့်ဖန့်လေးက ခေါသတကြီးတော့ ဖြစ်မနေ။ ဖန်နေဝန်းလ် အားတက်သွားသည်။

'စဉ်းစားပေးပါ ထွန့်ရယ်။ မင်းဖြစ်ချင်တဲ့ဆန္ဒတွေကို ပြောနိုင်ပါတယ်။ မင်းဘဝအခြေအနေကိုလည်း ကိုယ်သိပါတယ်။ မာမီလည်း သိပါတယ်။ ကိုယ်ရော၊ မာမီရော အထင်မသေးပါဘူး။ အဆင့်အတန်းလည်း မခွဲခြားတတ်ကြပါဘူး'

'ပြန်ကြရအောင်ပါ MD'

'အင်း...ထွန့်သဘောပဲလေ။ ကိုယ်ပြန်ပို့ပေးပါမယ်။ ထွန့် စိတ်အနှောင့်အယှက်တွေဖြစ်သွားရင် တောင်းပန်ပါတယ်။ ထွန့်ကော ကိုယ့်ဆန္ဒပါ'



www.burmeseclassic.com

www.burmeseclassic.com



ဖန်နေဝန်းလ်် တောင်းပန်စကားတွေပြောနေရင်း ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။

သူမှားသွားတယ်။ မနေနိုင်၊ မထိုင်နိုင် ညစာစားတုန်း ပြောမိတယ်။ မပြောသင့်ဘူး။ အေးအေးဆေးဆေး လေညင်းခံရင်း ပြောရမှာပါ။

စီးပွားရေးလောကမှာ တိကျပြီး ဆုံးဖြတ်ချက်တွေချတဲ့နေရာမှာ အတော်ဆုံး၊ အမှန်ကန်ဆုံးဟု နာမည်ကြီးတဲ့ ဖန်နေဝန်းလ် တစ်ယောက် အချစ်ရေးမှာတော့ အူတူတူ ကြောင်တောင်တောင်။

ဂျိမ်းစ်ဘွန်းသင်ပေးထားတာက လူပျိုလက် ဝက်မြီးတဲ့။ သူ့လက်ကတော့ မထိမတို့ရဲ၊ နုနုထွန်း စိတ်ဆိုးဒေါသထွက်၍ ကြောက်ရွံ့ထိတ်လန့်ပြီး ပြန်လာခဲ့သည်။

'ထွန်း အနားယူပါ။ ကိုယ့်စကားတွေကြောင့် စိတ်သောက မရောက်ပါနဲ့။ အရာရာ ထွန်းဆန္ဒအတိုင်းပါပဲ။ ဒီကလည်း ထွက်မသွားပါနဲ့နော်'

'ဟုတ်ကဲ့ပါ'

သူက တံခါးလာဖွင့်ပေးရင်း တောင်းတောင်းပန်ပန် ခယယ ပြောနေသည်။

ထွန်း တိုက်ကြီးဆီ မော့ကြည့်မိတော့ ဒေါ်ထိပ်တင်ရတနာက အပေါ်ထပ်ပြတင်းကလန့်ကာအား မသိအသာ ဖယ်ရင်း ကြည့်နေတာ တွေ့လိုက်ရ၏။





ကားပေါ်ကနေအဆင်းတွင် ထွန်းဒေါက်မြင့်ဖိနပ် ချော်သလိုနှင့် အမေ့ဆိုပြီး သူ့ရင်ခွင်ထဲ လဲပြိုကျသွားသည်။

'အား…အမေ…အို'

'ဟာ'

ကိုဖန်နေဝန်းလ်ရဲ့လက်တွေက သူမကိုယ်လုံးလေးအား ထွေးပွေ့သိုင်းဖက်ပြီး ရင်ခွင်မှာ အပ်ထားသည်။

ကွက်တိပဲ။

ခဏလောက် ကြာသွားပြီးမှ ထွန်းက စတင်၍ ကိုယ်ကို တည့်မတ်ဖို့ ရုန်းထွက်လိုက်သည်။

'ဆောရီးနော်၊ ထွန်း။ မင်း ဖိနပ်ချော်သွားတာလား။ ကိုယ်… ကိုယ် တမင်လုပ်တာ မဟုတ်ဘူးနော်'

'ဟုတ်'

'ထွန်း ဝင်နင့်ပါ။ အနားယူတော့နော်။ ဘာမှမတွေးပါနဲ့တော့ ထွန်းရယ်။ မင်း တစ်ခါမှ ချော်တယ်ဆိုတာမှ မရှိခဲ့တာ။ စိတ်လှုပ်ရှားသွားလို့ ထင်တယ်။ ရရဲ့လား ထွန်း။ ခြေထောက်နာသွားသေးလား'

'မနာပါဘူး၊ ကိုဖန်နေဝန်းလ်။ ရပါတယ်၊ သွားပြီနော်'

'ထွန်း'

ထွန်းက လုံးဝပြန်မလှည့်၊ မကြည့်တော့။ တိုက်ကြီးထဲ ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူအရမ်းပျော်ပြီး ကျန်ရစ်ခဲ့၏။ ကိုဖန်နေဝန်းလ်တဲ့၊ စိတ်မဆိုးဘဲ ရင်းနှီးကြောင်းပြတာပါ။ သူတိုက်ထဲမဝင်သေးဘဲ ခြံထဲမှာ ထိုင်နေ၏။

ဂျိမ်းစ်ဘွန်းက သူ့အနားရောက်လာသည်။

'MD၊ အိုကေတယ်နော်။ တကယ်သတ္တိရှိတာပဲ။ ရင်ခွင်ထဲတောင် ဖက်ထားတာပဲ၊ မိုက်တယ်'

တကယ်တော့ နုနုထွေးက ဒေါက်ဖိနပ်ချော်ပြီး လဲပြိုကျလာတာပါ။

တပည့်ကြီးဂျိမ်းစ်ဘွန်းက အထင်တကြီးနဲ့ ဖန်နေဝန်းလ်မျက်နှာကြီးကလည်း ပြုံးဖြဲဖြဲ အောင်မြင်တဲ့စစ်သူကြီးရဲ့ ဝံ့ကြွားမှုနှင့် ရင်ကော့ ခေါင်းမော့နေသည်။

'ဒါကြောင့် တပည့်ကြီးပြောတာပေါ့။ MD ကို နုနုထွေးက ကြိတ်ပြီး ကြွေနေတာပါလို့၊ တပည့်ကြီးက မိန်းမကြမ်းကြေပြီးသား'

'ဂျိမ်းစ်ဘွန်း'

'အခြေအနေကိုပြောပါ MD'

'အိုကေလာတာ မဟုတ်ဘူးကွ။ နုနုထွေးက သူ့ဟာသူ ဒေါက်ဖိနပ်ချော်ပြီး လဲပြိုသွားတာ ကိုယ်က ထိန်းပေးလိုက်တာပါ'

'ဒါတောင် MD မျက်နှာကြီးက ဘာကြောင့် ဒီလောက်ပီတိတွေ ဖြာဝေပြီး သဘောကျလာရတာလဲ၊ ဒုက္ခပါပဲ။ ဂျိမ်းစ်ဘွန်းရဲ့





ဆရာဖြစ်ပြီးဗျာ၊ ညှိလိုက်တာ။ နုနုထွေးကို ချစ်တယ်လို့ ပြောလိုက်သား'

'ပြောတယ်၊ ထွေးလို့တောင် ခေါ်လိုက်တယ်။ လက်ထပ်ခွင့်လည်း တောင်းလိုက်တယ်ကွာ'

'လူပျိုလက် ဝက်မြီး'

'ဟော့ကောင်'

'ဘာဖြစ်လို့လဲ MD ရ'

'ကိုယ်ရော၊ နုနုထွေးရော လူကြီးလူကောင်း၊ ကိုယ့်အဆင့်နဲ့ကိုယ် နေထိုင်ကြတာလေ။ ချစ်တယ်လို့ပြောတာတောင် ကိုယ် သတ္တိတော်တော်မွေးရတာကွ၊ ဟူး...'

MD ကို ကြည့်ပြီး ဂျိမ်းစ်ဘွန်းရယ်နေသည်။ ရှိုးအလွန်းတာပဲ။ အသံတွေတောင် တုန်နေရှာသည်။

MD က မိန်းကလေးတွေနှင့် ကင်းကင်းရှင်းရှင်းနေထိုင်တတ်တာ သူအသိဆုံးပင်။ နုနုထွေးကို ချစ်လွန်းလို့သာ ပြောမိခြင်းဖြစ်နိုင်သည်။

'MD ရယ်၊ စိတ်မပူပါနဲ့။ တပည့်ကြီးဂျိမ်းစ်ဘွန်းတာဝန်ထားပါ။ ကောင်မလေးက ဒေါက်ဖိနပ်ချော်ချင်ယောင်ဆောင်ပြီး MD ရင်ခွင်ထဲ တိုးဝင်တာလဲ ဖြစ်နိုင်တယ်။ မိန်းမမာယာ သဲကိုးဖြာတဲ့'

'နုနုထွေးက မာယာများမယ့်မိန်းမတစ်ယောက် မဟုတ်ဘူးကွ'



www.burmeseclassic.com

www.burmeseclassic.com



'ခက်တာပဲ၊ ဒါကြောင့် MD လူပျိုကြီးဖြစ်နေတာ။ ဒီလောက် ချမ်းသာပြီး ရုပ်ကာဖြောင့်နေတာတောင် မစွံဘူး'

'ဝင်မယ်ကွာ'

'ကောင်မလေးက ရင်ခွင်ထဲ လဲပြိုကျလာတယ်။ ဘာလို့ သေးလဲ၊ ကြွေပြီ'

ဂျိမ်းစ်ဘွန်းပန်းကို ပုတ်ပြီး ဖန်နေဝန်းလ် တိုက်ကြီးထဲဝင် လာခဲ့သည်။ နုနုထွဋ်ကိုတော့ မတွေ့ရ။ မာမီက ဧည့်ခန်းမှာထိုင်နေ ဆဲပင်။ ဖန်နေဝန်းလ် ဝင်ထိုင်လိုက်သည်။

'ထွဋ် အပေါ်တက်သွားပြီလား မာမီ'

'တက်သွားပြီ သား။ ထိုင်ပါဦး'

'ဟုတ်ကဲ့'

ဒေါ်ထိပ်တင်ရတနာကတော့ သားကို ဘယ်လိုမှ တားဆီးလို့ မရမှန်း သိ၍ စိတ်ဆင်းရဲရသည်။ နုနုထွဋ်၊ ကျူပ်ချွေးမအဖြစ် ကျူပ် ဘယ်လိုမှ လက်မခံနိုင်ဘူး။

သားမျက်နှာလေးက ပျော်နေပုံ။ ကျူပ်ရှေ့မှာ ကျူပ်သား ရင်ခွင်ထဲ ညည်းဝင်ပြလိုက်တာ ရင်ထဲမှာ ဆူးတစ်ချောင်းနဲ့ ထိုးစိုက် လိုက်သလိုပဲ။

'အန်တီထိပ်တင်၊ ဒါ နမူနာပဲ ရှိသေးတယ်နော်'

ပြောသွားတဲ့စကားကိုပဲကြည့်။ ဒေါ်သတွေ ပေါက်ကွဲပစ်ချင်





တာ။ သားရှိနေလို့ပါ။ နုနုထွဋ်ရဲ့ ထောင်ချောက်ထဲ သားတိုးဝင်မိနေ တာ် သေချာသည်။

'နုနုထွဋ်ကို သားချစ်တယ်လို့ ပြောပြီးပြီလားကွယ်။ နုနုထွဋ် ကေးကရော လက်ခံလား'

'သား လက်ထပ်ခွင့်တော့ တောင်းထားပြီးပါပြီ မာမီ။ ထွဋ် က လက်မခံသေးပါဘူး။ စဉ်းစားပါရစေတဲ့'

'အင်းလေ…မိန်းကလေးပဲ၊ စဉ်းစားဦးမှာပေါ့။ မာမီ သား ကို ညွှင်းဆန်လိုက်ရင်တော့ ဒီမိန်းကလေး ငွေမမက်ဘူးဆိုတာ သေ ချာတယ်၊ ရိုးသားတယ်ပေါ့။ တစ်ခါတလေ မိန်းကလေးရဲ့မာယာက ကြောက်စရာကောင်းတယ်နော် သား'

'ထွဋ်က အဲဒီလိုမဟုတ်ပါဘူး မာမီ။ ထကယ့်ကို ဖြူစင်တာ ပါ။ မာနလည်းကြီးတယ်။ သားရဲ့စီးပွားရေးလုပ်ငန်းတွေမှာလည်း အားအရမ်းကိုးရတယ်။ အရည်အချင်းလည်း ရှိပါတယ်'

သားက မြှောက်စားနေပြီ။ နုနုထွဋ်မှ နုနုထွဋ်ဖြစ်နေတာပဲ။ အင်းလေ၊ ဒီကောင်မက မာယာများနေတာကိုး။

သားက မိန်းကလေးနဲ့တောင် အနီးကပ်နေဖူးတာမဟုတ်။ အရင်အတွင်းရေးမှူးမတွေဆို ရောရောနှောနှော မနေခဲ့။ မာမီကြောင့် သားတန်ဆာခံ ပေးဆပ်ရတော့မယ် ထင်တယ်။

ချောချောက အအေးလာချပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုလေး၊ အအေးသောက်ပါဦး။ ချောချောလေ၊ အစ် လေးအခန်းကို သန့်ရှင်းပေးထားတယ်။ ဒီညနေ အစ်ကိုလေးကြိုက် ပုစွန်ထုတ်ကြီးတွေ ချက်ထားတာပါ။ ထပ်စားလိုက်ပါလားဟင်'

'ရတယ် ချောချော။ တော်ပါပြီ၊ အစ်ကိုလေး စားခဲ့တယ် ချောချော၊ မမလေးနုနုထွဋ်ကိုလည်း ဂရုစိုက်ဦးနော်'

ချောချော မဖြေချင်ပါဘူး။ မမလေးက အကြောကြီးနေ တာပါ။

မာမီကြီးသဘောကျနေတာက ချောချောပါ။ အစ်ကိုလေ မသိဘူး။ မာမီကြီးက အသာနေတဲ့၊ အခြေအနေကို စောင့်ကြည့်နေ တဲ့။

အစ်ကိုလေးက ချောလိုက်တာ။ ခန့်တယ်၊ နုဖတ်နေတာ ချောချောစိတ်ထဲမှာလေ အစ်ကိုလေးခန္ဓာကိုယ်တစ်ခုလုံး ကိုင်တွ ပွတ်သပ်ကြည့်ချင်တယ်။

အစ်ကိုလေးက အပေါ်တက်သွားသည်။

'ဟဲ့…ချောချော၊ နင့်အစ်ကိုလေးက နုနုထွဋ်နဲ့ ချစ်သူ ဖြစ်နေကြပြီထင်တယ်'

'ဘာပြောတယ် မာမီကြီး'

'စောစောက ကားနားမှာဖက်နေကြတယ်။ နမ်းနေကြ'

'ဟင်'





ချောချောရင်ထဲမှာ နာကျင်စူးနင့်စွာ မခံမရပ်နိုင် ဖြစ်သွား သည်။ မာမီကြီးက ချောချောကို ချွေးမအဖြစ် ရွေးချယ်ထားတာပါ။ အစ်ကိုလေးက ချောပြီး ချမ်းသာတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်။

ချောချော သူဌေးဇနီးဖြစ်ရမှာ။ နုနုထွဋ်ကို မုန်းတယ်။ နုနုထွဋ်ရှိနေသရွေ့ ချောချော အပယ်ခံဖြစ်နေနိုင်သည်။

'နောက်ဆုံးတော့ မာမီကြီး ဘာတတ်နိုင်မှာလဲ။ နုနုထွဋ်ကို ပဲ ချွေးမအဖြစ် လက်ခံရတော့မှာပဲကွယ်'

'မာမီကြီး'

'ဟင်'

'ဘာမှမဟုတ်တော့ပါဘူး'

ချောချောမျက်ဝန်းတွေထဲမှာ မနာလိုဝန်တိုမှုတွေနှင့် မာထန် နေသည်။ တဖြည်းဖြည်း မိမိထောင်ချောက်ထဲ တိုးဝင်နေပြီပဲ။

နုနုထွဋ်၊ ညည်းကို ကျုပ်စောင်ယှဉ်စရာမလိုပါဘူး။ အဆင့်မတူလို့၊ ကျုပ် အိမ်ဖော်နဲ့ပဲ ယှဉ်စမ်းပါ။

ချောချောက မိမိကို တယုတယတွဲကာ အပေါ်ထပ်အိပ်ခန်း ထဲအထိ တွဲခေါ်လာသည်။

'မာမီကြီး ညောင်းနေလားဟင်။ ချောချော နှိပ်ပေးမယ်လေ'

'ရပါတယ်ကွယ်'



www.burmeseclassic.com

www.burmeseclassic.com



"အားမနာပါနဲ့၊ ချောချောကို မာမီကြီး ငယ်ငယ်လေးကတည်း က ကျွေးမွေးစောင့်ရှောက်လာခဲ့တာပါ။ ချောချောမှာ မိဘတွေလည်း မရှိတော့ မာမီကြီးက ချောချောအမေပါ"

"အေးပါကွယ်၊ မာမီကြီးကလည်း သမီးအဖြစ် သတ်မှတ် တယ်။ မာမီကြီးအနားမှာ ချောချောမရှိလို့မှ မဖြစ်တာပဲ။ တစ်သ လုံးရှိနေရင်ကောင်းမယ် သမီးရယ်"

ဒေါ်ထိပ်တင်ရတနာက အထာနပ်ပြီးသားပဲ။ ချောချော ပညာမတတ်၊ ဘာမတတ် အိမ်ဖော်အဆင့်ပဲရှိတာပါ။

သားက ချောချောလိုကောင်မလေးမျိုးကို အဖက်ပင်မ တာ မိမိသိထားသည်။ မတတ်နိုင်ဘူး ချောချောရေ။ ညည်းကို မာမီကြီး သံယောဇဉ်ရှိပါတယ်။

နုနုထွဋ်ဆိုတဲ့ကောင်မကို ဖြစ်နိုင်ရင် လူသတ်သမား ပြီး သတ်ပစ်ချင်တယ်။ ညည်းသတ်ပေးစမ်းပါ။

ချောချောက မိမိအား နှိပ်နယ်ပေးနေ၏။ ဒေါ်ထိပ်တင်ရ ကလည်း သားနှင့်ပတ်သက်ပြီး ချွေးမ ငြိမ်ငြိမ်ဝပ်ဝပ် ဝိဝိပြား လေးလိုချင်ကြောင်း ပြောနေသည်။

"မာနတွေထောင်လွှားပြမယ့် ချွေးမတော့ တကယ်ပဲ ချင်တာ။ ချောချော၊ သားဆိုတာ ချွေးမစကားပဲ အောင်မှာ"

"မမလေးနုနုထွဋ်ကတော့ မာန်တက်နေတယ် မာမီ





နေသာ ရိုကျိုးပြနေတာ၊ ချောချောတော့လေ ဟန်ဆောင်ပြနေတာလို့ ထင်တယ်။ မျက်လုံးတွေက တင်းမာခက်ထန်နေတာပဲ"

"အင်း…နုနုထွဋ်က ရှိနေတာကိုး။ မာမီကြီးက သားဆန္ဒ ပဲ လိုက်လျောနေရတာပါ။ မောင်းထုတ်လည်း တစ်နေရာရာမှာ တွေ့ကြမှာပဲ။ တားဆီးဖို့ မလွယ်ပါဘူး။ သားက နုနုထွဋ်ကို အရမ်း စ်မက်စွဲလမ်းနေတယ်"

ပညာမတတ်၊ ဘာမတတ်၊ ဆင်ခြင်တုံတရားကင်းမဲ့တဲ့ ချောချောအသိထဲ နုနုထွဋ်အား အပြတ်ရှင်းပစ်မှဖြစ်မည်ဟု မသိမသာ သား ရိုက်သွင်းနေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကိုဖန်နေဝန်းလ်က ရှိုးသားဖြူစင်သည့်ယောကျ်ားတစ်ယော
ဖြစ်နေ၍ မိန်းကလေးတွေအတွက် အားကိုးမှီတွယ်သင့်သော ခင်ပွန်း
လောင်းဖြစ်နေသည်။

သူ့အချစ်တွေကို ထွေးမခံယူလိုပေ။ အမုန်းတွေပဲ ရှိနေ
ချင်မိ၏။ ဒါပေမဲ့လည်း ထွေးနှလုံးသားတွေထဲမှာ အမုန်းတွေ
ပျောက်ဆုံးနေသည်။ နာကျင်ရတယ်။

ဖေဖေ့နောက်မိန်းမမှာ သားတစ်ယောက်ပါတယ်လို့ အန်တီ
မာလာတင်ပြောကတည်းက ထွေး မုန်းတီးစွာ လက်တုံ့ပြန်လိုနေခဲ့၏
ထွေးကို မြင်တွေ့လိုက်တာနှင့် အကြွေကြီး ကြွေသွားစေရုံ
ထွေး ထက်မြက်ပြီး ပတ်ဝန်းကျင်မှ လူတွေ စိတ်ဝင်တစားဖြစ်နေစေရုံ
လေ့ကျင့်ခဲ့သည်။

'ထွေးကို ချစ်တယ်၊ လက်ထပ်ပါရစေ။ ထွေးဖြစ်စေချင်တဲ့
ဆန္ဒတွေကို ပြောပြပါ။ ထွေးဆန္ဒက ကိုယ့်ဆန္ဒတွေပါပဲ'





MD ဖန်နေဝန်းလ်လိုယောကျ်ားမျိုးက ထွေးအား ခယတောင်း
ပြောဆိုခဲ့သည်။

ရယ်ရတယ်နော်၊ မိန်းကလေးတွေနဲ့ပတ်သက်ပြီး အတွေ့အကြုံ
ဘာကပဲ ကျွန်မအတွက် အခွင့်အရေးပေးခဲ့တာပဲလေ။ ထွေး
ရောပေါ် ပစ်လှဲချမိ၏။

ဘာလဲဟာ၊ အိပ်ချင်စိတ်တွေ ဘယ်ရောက်နေတာလဲ။ ကြောင်
သည်။

'ထွေးကိုချစ်တယ်၊ လက်ထပ်ပါရစေ ထွေးရယ်'

ခန့်ညားချောမောတဲ့ ငွေကြေးချမ်းသာကြွယ်ဝပြီး ဂုဏ်ဖြစ်
မြင့်မားလွန်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လက်ထပ်ခွင့်ပြုဖို့
တောင်းဆိုခြင်းခံရတာ ဘယ်လောက်ဝမ်းမြောက်ဂုဏ်ယူပျော်ရွှင်ကြည်
နူးရကောင်းလဲ။

ရှင့်ကို မချစ်ဘူး၊ မုန်းတာ။ ဒေါ်ထိပ်တင်ရတနာရဲ့ သား
ဖြစ်လို့ ဖြစ်နေရတာလဲ။ မကျေနပ်လိုက်တာ။

ထွေးလည်း အဖိုးဆို၍ ယင်ဖိုတောင် မသမ်း
အပျိုစင်မလေး။ သူမစိတ်ထဲမှာ အမှတ်ထားတာက ဒေါ်ထိပ်တင်
ရတနာကို လက်စားချေဖို့ပဲ။

ထွေး ပျော်အောင်ကြိုးစားရသည်။

'မာမီကလည်း ထွေးကို ချွေးမအဖြစ် လက်ခံတာ



www.burmeseclassic.com

www.burmeseclassic.com



အလိုက်ဖက်ဆုံးပဲတဲ့၊ ဟား…ဟား…ဟား၊ ရယ်ရတယ်။ ရှင့်အမေက ဒီလိုပဲ မာယာများတတ်တဲ့မိန်းမကြီးလေ'

ဒေါသတွေက ပေါက်ကွဲချင်သည်။

ကိုဖန်နေဝန်းလ်က ဘာဖြစ်လို့ ဖြူစင်ရိုးသားနေရတာလဲ။ ထွဋ်ရဲ့ စိတ်မှုပျော့စမ်းပါနဲ့။ ဖန်နေဝန်းလ်လိုယောက်ျားကို ထွဋ် လုံးဝမချစ်မိစေနဲ့နော်။

ညည်းရှုံးသွားမယ်။ ဒေါ်ထိပ်တင်ရတနာနဲ့ စိန်ခေါ်ထားတာလေ။ သူမ အိပ်မရ။ ခန့်ညားချောမောသော ဖန်နေဝန်းလ်ရဲ့မျက်နှာနှင့် နှာတံချွန်မြမြ၊ နှုတ်ခမ်းစိုရဲရဲတွေ ဘာဖြစ်လို့ မြင်ယောင်နေရတာလဲ။

ရင်တွေပူလာ၍ ရေခဲရေ ထသောက်သည်။

'ချွတ်'

'ဟင်'

'ချွတ်…ချွတ်'

တစ်လှမ်းချင်း လျှောက်လာတဲ့ခြေသံပဲ။ ဘယ်သူလဲ၊ ဒေါ်ထိပ်တင်ရတနာလား၊ ဒါမှမဟုတ် ကိုဖန်နေဝန်းလ်ပဲလား။ သူမအခန်းဆီ လှမ်းလာနေသည်။ ထွဋ်အိပ်ခန်းက မီးပိတ်ထားသည်။ သူမက အမြဲတမ်း နိုးကြားနေသူ။

'ရှပ်…ရှပ်'

'ရှပ်'





'ဟင်'

ခြေသံက တရှပ်ရှပ်၊ အသံလုံနေအောင် ခပ်ဖွဖွနင်းလာနေသံ။ ထွဋ်က နားပါးပြီးသားပဲ။ ဒေါ်ထိပ်တင်ရတနာရဲ့ တိုက်ကြီးထဲ တစ်ယောက်တည်း ဝင်လာတာပဲကြည့်လေ။ တော်ရုံပါးနပ်မှုနဲ့တော့ ခံသွားရမယ်။ သူမ ငြိမ်နေသည်။

'ရှပ်…ရှပ်'

'ရှပ်…ရှပ်'

'ရှပ်'

'ရှပ်'

တစ်လှမ်းခြင်းပဲ၊ သူမအခန်းဝမှာ ခြေသံက ရပ်သွားသည်။

လမိုက်ည သန်းခေါင်းယံအချိန်မှာ မီးအမှောင်ချထား၍ အမှောင်ထုက ပိန်းပိတ်မှောင်နေ၏။

တစ်စုံတစ်ယောက် သူမထံ လာနေတာ အသေအချာပင်။ အငွေ့အသက်တွေ ရနေသည်။ ဘယ်သူလဲ၊ ဒေါ်ထိပ်တင်ရတနာ ဖြစ်နိုင်၏။

သူမအခန်းအား သော့ဖွင့်နေသည်။ တစ်တိုက်လုံးရဲ့ အပို သော့တွေက ဒေါ်ထိပ်တင်ရတနာထံတွင်ပဲ ရှိနေနိုင်တာပါ။ သူမ တရှူးရှူးနှင့်ပင် အိပ်ချင်ယောင်ဆောင်နေလိုက်သဖြင့် အခန်းတံခါး ဖွင့်လာပြီး အခန်းထဲဝင်မလာဘဲ အခန်းအပြင်မှာရပ်ကာ တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပိတ်သွားသည်။ ထွန်း ထပြီး မီးဖွင့်လိုက်ကာ ပတ်ဝန်းကျင်ကို ကြည့်တော့ ဘာမှမတွေ့ရ။

တစ်စုံတစ်ယောက် သူ့မအိပ်ခန်းထဲဝင်ဖို့ ကြိုးစားရင်း နောက်ဆုံး ကြောက်ပြီး ပြန်ထွက်သွားတာပဲဖြစ်သည်။

'ဘယ်သူလဲ၊ အခန်းထဲဝင်မယ်လုပ်ပြီးမှ ဘာဖြစ်လို့ ပြန်ထွက်သွားရတာလဲ'

ထွန်း ထသည်။ တံခါးကို ဖွင့်ကြည့်သည်။ ထွန်းအခန်းတံခါးကို သော့တုန်း ဖွင့်ခဲ့တာပါ။ ဒေါ်ထိပ်တင်ရတနာပဲ ဖြစ်နိုင်တယ်။ ထွန်း အခန်းအပြင် ထွက်လိုက်ကာ အခြေအနေကို ကြည့်သည်။ ဘာမှမတွေ့ဘူး။

အပေါ်ထပ်မှာက ဒေါ်ထိပ်တင်ရတနာရယ်၊ ကိုဖန်နေဝန်းလင်းရယ်၊ ထွန်းရယ်ပဲရှိတယ်။ ချောချောက မီးဖိုခန်းနှင့် ကပ်လျက် အိပ်ခန်းမှာပါ။

ခြံစောင့်ကြီးနှင့် ဂိုမ်းစ်ဘွန်းက အလုပ်သမားတန်းလျားမှာ နေကြတယ်။ ဒေါ်ထိပ်တင်ရတနာ ရှင်ကြီးပဲ ကျွန်မကို အသေသတ်ဖို့ ရောက်လာတာမဟုတ်လား။

သူမ လေ့ကားထိပ်ရောက်လာသည်။

'အား'

'ဝုန်း'





ခြေသံကြား၍ လှည့်ကြည့်ချိန်ပင်မရဘဲ သူမအား တစ်ယောက်ယောက်က နောက်ကနေ ဆောင့်တွန်းခြင်း ခံလိုက်ရသည်။

သူမ သတိရှိ၍သာ ဒလိမ့်ကောက်ကွေး ကျမသွားခဲ့။ တွန်းချလိုက်တဲ့ သူက ခန္ဓာကိုယ်တစ်ခုလုံး အဝတ်အနက်ရောင် ဝတ်ဆင်ထားကာ ရိပ်ခနဲ တွေ့လိုက်ရတာပဲဖြစ်ပြီး ဒေါ်ထိပ်တင်ရတနာ မဟုတ်ပေ။ ထွန်း လိမ့်ကျမသွားအောင် သတိထားနေရ၍ တွန်းချတဲ့သူကို သေသေချာချာ မတွေ့လိုက်ရဘဲ ဖြစ်သွားသည်။

'ထွန်း၊ ဘာဖြစ်တာလဲ။ မင်းအော်သံကြားလို့ ကိုယ်ထွက်လာတာ'

ပထမဆုံးထွက်လာသူက ကိုဖန်နေဝန်းလင်း။

ထွန်း ကြမ်းပြင်မှာ လဲပြိုနေတာတွေ့၍ အလျင်အမြန် ပြေးလာပြီး ပွေ့ထူသည်။

'ထွန်း၊ ဘာဖြစ်တာလဲ။ လှေခါးထစ်တွေကနေ ချော်ကျတာလား။ အောက်ဆင်းမလို့လား'

'အင်း...ဟုတ်တယ်၊ ကော်ဖီသောက်ချင်လို့ အောက်ဆင်းတာပါ။ ခြေချော်ကျတာ'

'ထွန်းရယ်၊ ဖြစ်မှဖြစ်ရလေကွာ။ ထနိုင်ရဲ့လား။ ချောချော ဒီလောက်အော်သံကြားရတာတောင် ထွက်မလာဘူး။ အိပ်ပုတ်ကြီးတောင်မလေးပဲ၊ ချောချော...ချောချော'



www.burmeseclassic.com

www.burmeseclassic.com



'မခေါ်ပါနဲ့တော့ MD၊ ခြေထောက်ခေါက်သွားတယ်ထင်တယ်။ အား…ကျွတ်…ကျွတ်'

'ထလို့မရဘူးလား'

'အင်း…အား…'

'ကိုယ်တွဲပေးမယ်။ အကျကောင်းလို့ပေါ့။ ကိုယ်အိပ်ပျော်နေတာ၊ ထွန်းအော်သံကြားလို့ ပြေးထွက်လာတာပါ'

သူမ အိပ်ခန်းထဲဝင်ဖို့ ကြိုးစားတာ ကိုဖန်နေဝန်းလ်မဖြစ်နိုင်။ သူမ လှေခါးထိပ်ကနေ ပျောက်ကွယ်သွားတဲ့သဏ္ဍာန်က ငယ်ရွယ်သူ ချောချောလား။ သူမနှင့်ပတ်သက်စရာအကြောင်းမရှိပေမယ့် ဒေါ်ထိပ်တင်ရတာမှာ စေခိုင်းထားတာလည်း ဖြစ်နိုင်သည်။

'ကိုယ်လိုက်ပို့ပေးမယ်နော် ထွန်း၊ ထလို့ရမလား'

'ဟင့်အင်း'

သူမ ထနိုင်ပါတယ်။ ဘာမှမဖြစ်ပေမယ့် ဒေါ်ထိပ်တင်ရတာမှာ အိပ်ခန်းထဲမှ ထွက်လာတာတွေ့လိုက်၍ တမင် ကိုဖန်နေဝန်းလ်ရဲ့ ရင်ခွင်ထဲ မှီတွယ်ထားသည်။

'သား၊ ထွန်းလေးဘာဖြစ်တာလဲ။ မာမီ အသံတွေကြားရလို့ လန့်နိုးသွားတာလေ'

'ထွန်းလေ မာမီ၊ လှေကားက ချော်ကျလို့ပါ'

'ဟင်'





'ဗိုက်ဆာလို့တဲ့၊ ကော်ဖီယူမလို့သွားတော့ ထွန်းက သတိရှိတတ်တဲ့သူပါ'

'ဟုတ်ပါတယ် အန်တီ၊ ရုတ်တရက် အိပ်ရာကလန့်နိုးပြီး ဆာလာတာနဲ့ စားသောက်ခန်းသွားမလို့ပါ။ ခြေချော်ကျသွားတာလေ'

နုနုထွန်းလို မိန်းကလေးတစ်ယောက်က လှေကားပေါ်ကနေ ခြေချော်ကျစရာ မရှိနိုင်ပေ။

တစ်ခုခု မသင်္ကာစရာတွေ့လို့ပဲ၊ ဒါမှမဟုတ် သားကို မြူဆွယ်ဖို့လား။ ညည်း မာယာများတာပဲ နုနုထွန်း။ မိမိပါတွဲပြီး အခန်းထဲ ပို့ပေးရသည်။

'ထွန်း ဗိုက်ဆာလို့လား။ ကိုယ် ကော်ဖီဖျော်ခဲ့မယ်။ ခဏလေး'

'ထွန်း မသောက်ချင်တော့ပါဘူး ကိုဖန်နေဝန်းလ်။ ရပါပြီ၊ သောက်ချင်စိတ်တောင် မရှိတော့ပါဘူး'

'ထွန်းဆာနေမှာပေါ့။ ချောချောကို ပြောထားပါဦး မာမီ၊ ထွန်း အခန်းထဲ စားစရာတွေ ပို့ပေးထားပါဦးလို့'

'အေးကွယ်၊ မာမီပြောထားရဦးမယ်။ သမီးလေးထွန်းက အားနာနေတာကိုး။ သား၊ သွားတော့လေ။ မာမီရှိပါတယ်'

'ခြေထောက်က'

'မနက်ဖြန်မှ ဆေးခန်းပြရမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ထွင်ရပါပြီ၊ သွားပါတော့နော်။ အားနာလိုက်တာ'

ကိုဖန်နေဝန်းလ် ပြန်ထွက်သွားတော့မှ နဂါးနဲ့ ဂဠုန် အားမာ ချင်း ဖြိုင်ကြသည်။

'ညည်းဘာသဘောနဲ့လုပ်ရတာလဲ၊ နုနုထွင်။ ကျုပ်သား ထွက်လာအောင်လား'

'ကျွန်မအခန်းကို သော့တုနဲ့ဖွင့်တာ မိန်းမတစ်ယောက်ပဲ။ သော့အမိုတွေက ဘယ်သူ့ဆီမှာ ရှိနေနိုင်လဲ ဒေါ်ထိပ်တင်ရတနာ'

'ငါ့ဆီမှာလေ'

'ကျွန်မကို လုပ်ကြံဖို့ကြံစည်တာပဲ။ ကျွန်မကို လှေကားထိပ် ကနေ တွန်းချပစ်တာ'

ချောချောပဲဖြစ်မယ်။ ဒီကောင်မလေး ထင်ထားတာထက် တောင် လက်သွက်နေတာပဲ။

'ကျုပ်လူမသတ်ဘူး နုနုထွင်။ အသက်ကြီးပါပြီအေ။ ကျုပ် က ကျုပ်သားနဲ့ ညည်း လက်မထပ်ဖြစ်ဖို့ပဲ ခွဲပစ်မှာပါ။

'အတိတ်ကအကြောင်းတွေ ပေါ်တင်ပြောပြီး ခွဲပစ်လိုက်ပါ လား ဒေါ်ထိပ်တင်ရတနာ'

'ညည်း'

'ပြောပြလိုက်ပါ၊ ဘာကြောက်နေရတာလဲ။ MD ကို ကျွန်မ လက်ထပ်ပြီးရင်လည်း ပြောပြရမှာပဲ'





'ကျုပ်သားကို ညည်းက လက်ထပ်မယ်၊ ဟုတ်လား'

'ဟုတ်ကဲ့၊ ကျွန်မအဲ့မေကို ယောက္ခမအဖြစ် လက်ခံရမယ်။ နှုတ်တောက်တောင်းပန်စေရမယ်'

'ဘာပြောတယ်'

ဒေါ်ထိပ်တင်ရတနာ သွေးတွေ ဘယ်လောက်အထိ ဆောင့် တက်သွားပြီလဲမသိ။ ခေါင်းထဲ မိုက်ခနဲ မူးဝေသွားသည်။

နုနုထွင် အမေ သီတာတင်က ကိုယ်ရေပြားရောဂါရနေသူ အနူမ။ သားကို ဘယ်လိုတားဆီးရမလဲ။

ညည်းကို သေမိန့်ပဲ ချရမယ်။ ငါ့လက်နဲ့ကို လည်ပင်းညှစ် သတ်ပစ်ချင်တာပါ။ ချောချောကတော့ စတင်လှုပ်ရှားနေပြီပဲ။

ဒေါ်ထိပ်တင်ရတနာ အံသွားတွေကို တင်းကျပ်စွာ ဖိကိုက် ထားမိသည်။

'ညည်းလည်း ငါ့စည်းစိမ်ဥစ္စာတွေ အပိုင်စီးဖို့ ကြံစည်နေ တာနဲ့ ကိုယ့်လုံခြုံရေးကိုလည်း သတိထားဦးနော်၊ နုနုထွင်။ မသာပေါ် ရဦးမယ်'

'ဟွန်း…အဟွန်း'

ဒေါ်ထိပ်တင်ရတနာ လှည့်ထွက်သွားမှ သူမ ဟားတိုက်ရယ် မောပစ်မိသည်။

ရှင်ကြီး ဘာတတ်နိုင်သေးလဲ။ နုနုထွင်ကို တမင်သတ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် သေကြောင်းကြံစည်တာ သိသာသည်။ ဘယ်သူလဲ၊ ဒေါ်ထိ
တင်ရတနာရဲ့လက်မှပါးမဲ့ ချောချောလား။ ဒီကောင်မလေး ဒီလော
အထိ သတ္တိရှိပါ့မလား။ သူမ စဉ်းစားနေသည်။ သတိတော့ထားမှ
အန်တီမာလာတင်ဆီ ဖုန်းဆက်လိုက်သည်။

'ထွဋ်လေးပါ'

'ဟင်…ထွဋ်လေး၊ အန်တီမာလာ စိတ်ပူလိုက်ရတာကွယ်
ဘယ်လိုလဲ၊ မမသီတာတင် သိသွားရင် အရမ်းစိတ်ဆိုးမှာပါ'

'မေမေရော'

'အိပ်နေတယ်၊ နေတော့ကောင်းပါတယ်။ မမက အရမ်းထွ
သွားချင်နေတယ်။ ထွဋ်လေးခြေတပ်ပုံတွေကိုတောင် မပြရဲဘူး'

'မေမေ လုံးဝထွက်သွားလို့ မဖြစ်ဘူးနော်။ စောင့်ရှောက်ထ
ပေးပါ။ ထွဋ် အိုကေနေပြီ။ ဒေါ်ထိပ်တင်ရတနာကို ကောင်းကော
ဒုက္ခပေးနေတယ်။ သူ့သားဖန်နေဝန်းရှိန်က ထွဋ်ကို အရမ်းစွဲလမ်း
တယ်'

'ဟဲ့…ထွဋ်လေး၊ ဒီကောင့်ကိုတော့ လုံးဝပြန်ချစ်မိသွ
စေနဲ့နော်။ ကိုယ့်ကိုယ်ကိုယ် သားကောင်အဖြစ်မခံနဲ့'

'ချစ်စရာလား၊ ထွဋ်က စိတ်မာတယ်။ ဒေါ်ထိပ်တင်ရတ
ကလဲ ထွဋ်လေးကိုတွေ့တာနဲ့ ဖေဖေ့သမီးဆိုတာ သိတယ်'

'သိမှာပေါ့၊ ညည်းအဖေ ကိုသစ်လွင်က ညည်းနဲ့ အရ





တယ်။ အဲဒီမိန်းမယုတ်မကြီးကြောင့် မမသီတာတင် ဒီလို လူတော
ဆိုးနိုင်အောင်ဖြစ်ရတာ။ အဲဒီမိန်းမကြီးကို အလဲထိုးပစ်ခဲ့'

'ဟုတ်ကဲ့၊ စိတ်ချပါ'

'ကိုယ့်ကိုယ်ကိုယ်လည်း သတိထားဦးနော်။ ထွဋ်လေး၊ ဒီ
န်းမကြီးက ယုတ်မာတယ်။ နည်းပရိယာယ်ကြွယ်တယ်'

'ထွဋ်လေးသိပါတယ်။ မေမေ့ကိုပဲ စိတ်ပူတာ။ လိုအပ်ရင်
ဖုန်းဆက်နော်'

'မမ နေကောင်းပါတယ်။ အရမ်းသည်းခံတတ်ပြီး တရား
ည့်ဝသူပါကွယ်။ စိတ်မပူပါနဲ့၊ အန်တီမာလာလည်း . သမီးလေး
တ်ထိနိုက်အောင် မလုပ်ဖို့ နားချထားပါတယ်'

'ဒါပဲနော်'

'ထွဋ်လေး'

'ရှင်'

'ဟိုဟာမကြီးသားကို မချစ်မိစေနဲ့နော်။ လုံးဝရန်သူ သွေး
ဘူး။ အချစ်ဆိုတာ ခက်တယ် ထွဋ်လေး။ ဘာမှစဉ်းစားမနေ
တော့ဘဲ သူ့သားကို ဒီမိန်းမကြီးအကျင့်ယုတ်ခဲ့တာတွေ ဖွင့်ချလိုက်
ီး ပြန်ခဲ့တော့နော်'

'ဖွင့်ချမှာပါ။ သူ့သားဖန်နေဝန်းလ်က ထွဋ်လေးကို အရူးအမူ
ချင်စွဲလမ်းတဲ့နေလေ။ ထွဋ်လေးကိုမှမရရင် သေမတတ်ဖြစ်မယ်နေ'



www.burmeseclassic.com

www.burmeseclassic.com



'အနံ့တီမာလာ စိတ်ပူတာက ထွေင့်လေး ပြန့်ချစ်မိသွားမှာ
ဟိုမိန်းမယုတ်မကြီးရဲ့သွေးတွေ သူ့သားခန္ဓာကိုယ်ထဲမှာ စီးဝင်နေတာ
နော်။ သွေးပုတ်၊ သွေးညစ်တွေ'

'ထွေင့်လေးကို စိတ်ချနေပါ၊ လုံးဝပဲ'

သူမ ဖုန်းပိတ်လိုက်သည်။ အနံ့တီမာလာတင်က ကိုဖန်
ဝန်းလ်အား မချစ်မိစေရန် တဖွဖွ မှာကြားနေသည်။ မနက်ဖြန် သူ
အိပ်ခန်းကို သော့ပြောင်းပစ်ရမယ်။

နုနုထွေင့်ကို ဒီလိုလာလုပ်လို့ ဘယ်ရမလဲ။ တစ်နေ့နေ့ လ
ပူးလက်ကျပ်ဖမ်းမိဖို့ လုပ်ပစ်ရမည့် ဖြစ်သည်။

■ ■ ■



## အခန်း (၁၂)

'ထွေင့်'

'ရှင်'

'ခြေထောက် သက်သာလား'

'သက်သာပါတယ်။ ညက ဆေးလိမ်းအိပ်တာလေ။ နည်း
ည်းလေးပါ'

'အမြဲတမ်း သတိနဲ့နေပြီး ဓနစ်ကျတဲ့ထွေင့်က ဘယ်လိုဖြစ်ရ
တာလဲ။ ဂရုစိုက်နော်၊ ကိုယ်ဘယ်လောက်စိတ်ပူသွားရလဲ သိလား။
ညက အိပ်လို့တောင် မပျော်ဘူး။ စိတ်တွေ အရမ်းပူနေတာလေ'

'ရပါတယ်'

'ချောချော၊ နင်အရမ်းပေါ့လျော့တယ်။ ထွေင့်အိပ်ခန်းထဲ ရေ
ည့်ပေးရမယ်။ ဘာလိုအပ်လဲ အမြဲတမ်းစောင့်ကြည့်နေရမယ်လို့
ပြောထားတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



နုနုထွေး့က သူမဟာသူမ ခြေချော်ကျတာကို ပြောထား[illegible]
ချောချော မသေသပ်တာ။ ခင်းအိပ်ခန်းထဲဝင်ပြီးမှ ကြောက်ပြီး [illegible]
ထွက်လာခဲ့တာ၊ လှေကားထိပ်မှာ တွန်းချပစ်တာ မသေဘူး။

သတိအရမ်းရှိတယ်။ အစ်ကိုလေးဖန်နေဝန်းလ်က ချော[illegible]
ကို လေသံမာမာဖြင့် ဆူနေသည်။ ချောချောရင်ထဲမှာ နာကျင်[illegible]
အခုမှရောက်လာတဲ့ နုနုထွေး့ကိုတော့ တယုတယနဲ့။

ဒီမိန်းမလိုအပ်တာတွေ ချောချော အမြဲတမ်း ဖြည့်ဆွမ်း[illegible]
ရသည်။

'စားစရာ၊ သောက်စရာတွေကအစ နင်ကြည့်ရမယ်။ ထွေ[illegible]ပါ'
ဒီတိုက်ကြီးကို မကျွမ်းဘူး။ နင်ဂရုစိုက်'

'ဟုတ်ကဲ့ပါ အစ်ကိုလေး။ မမထွေး့ ရေကုန်နေပြီလား'

'အင်း'

'နောက်ဆို လိုအပ်တာတွေရှိနေရင်လည်း ချောချောကို [illegible]
တင်ပြောပါနော်'

ချောချောမျက်ဝန်းတွေကို ထွေး့မနှစ်သက်မိ။

ဒေါ်ထိပ်တင်ရတနာရဲ့ လူယုံ၊ ငယ်ငယ်လေးကတည်း[illegible]
ကျွေးမွေးထားသူပဲ။ ပြီးတော့ ချောချောမျက်ဝန်းတွေထဲမှာ နာ[illegible]
ကြေကွဲမှုတွေ ရှိနေသည်။

ကိုဖန်နေဝန်းလ်ကိုများ ကြိတ်ကြိုက်နေတာလား။





ဒေါ်ထိပ်တင်ရတနာရဲ့ အသုံးတော်ခံ ဖြစ်သွားနိုင်သည်။
[illegible]ချောကို စမ်းသပ်ကြည့်ရမယ်။ စိတ်မချရ။

ကိုဖန်နေဝန်းလ်က ထွေး့အား တယုတယနှင့် ပြောဆိုနေ
[illegible] ထွေး့ကလည်း အလိုက်သင့်ပဲ ချွဲချွဲပျစ်ပျစ်လေး ပြောနေလိုက်

ချောချောအကြည့်တွေက ကြောက်စရာကောင်းအောင် တင်း
[illegible]ကတ်ထန်နေသည်။

'ထွေး့… ဒီနေ့ ကုမ္ပဏီကို မလိုက်တော့ဘဲ အိမ်မှာပဲ

'ရပါတယ် MD ရဲ့။ ထွေး့ တကယ်မနာတော့ပါဘူး။ ဟို…
[illegible]ာလေ နည်းနည်းလေးနာသွားတာပါ'

'ကိုယ် စိတ်မချဘူးကွာ'

'တကယ်ရတာပါ၊ ထပြီးလျှောက်ပြမယ်လေ'

သူမ မတ်တတ်ရပ်ပစ်လိုက်၍ ကိုဖန်နေဝန်းလ်က သူမအနား
[illegible] နှီးရိုမ်တကြီး ရောက်လာသည်။ သူမ လမ်းလျှောက်ပြရင်း အားဟု
[illegible]ပြီးတော့ သူက သူမခန္ဓာကိုယ်လေးအား ဖမ်းယူသိုင်းဖက်လိုက်၏။
[illegible] ပြန်မတ်သည်။

'ချွမ်…ဂျလွမ်း…လွမ်း'

'အမလေး'



www.burmeseclassic.com

www.burmeseclassic.com



ချောချောလက်ထဲမှဖန်ခွက် လွတ်ကျသွားခြင်းဖြစ်သည်။ ချောချောလက်ကို နည်းနည်းရှသွား၏။

သူမ ရှင်ဆိုင်မိတာက ချောချောရဲ့ မနှာလို့ဝန့်တိုစွာ မှန်းတီး နေဟဲ့အကြည့်တွေ။ ကိုဖန်နေဝန်းလ်က အရေးအရာမလုပ်၊ သူမသွား မယ်လုပ်တော့ တားသည်။

'ဒီကောင်မလေး နှမော်နှမဲ့နဲ့၊ ဘာဖြစ်တာလဲ။ အလုပ်လုပ် တာ မသေမသပ်နဲ့။ ထားလိုက်ပါ ထွင့်ရယ်။ ကိုယ်တို့ ဘုမ္မဇော် သွားဖို့ ပြင်ရအောင်ပါ'

'ရရဲ့လား ချောချော'

'ဟုတ်ကဲ့'

'နင် အခုတလော အရှမ်းပေါ့တယ် ချောချော။ သတိထား ပါ'

အစ်ကိုလေးရယ်၊ ရက်စက်လိုက်တာ။ ချောချောက အစ်ကို လေးအပေါ် အမြဲတမ်း လိုလေသေးမရှိအောင် ပြုစုယုယခဲ့ရတာပါ။ တကယ်ရက်စက်တယ်။

အင်းလေ၊ ချောချောက အိမ်ဖော်ပဲ။ မာမီကြီးက ချွေးမတော် ချင်နေတာ၊ သိလား။ တစ်နေ့နေ့ ဟိုကောင်မနုနုထွင့် သေတဲ့အခါ အစ်ကိုလေးကို ချောချောရမှာပါ။

ချောချောလက်မှာ ရှသွား၍ သွေးထွက်တာ ကိုယ့်ဟာကိုယ်





ပဲ ဆေးထည့်ရသည်။ ဟိုမိန်းမကိုတော့ အဖြစ်သည်းနေလိုက်တာ။ ချောချော ဆေးထည့်နေ၏။

မာမီကြီး ရောက်လာသည်။

'ချောချော၊ ဘာဖြစ်တာလဲ သမီးလေး။ လက်မှာလည်း သွေးတွေနဲ့ပါလား'

'ဖန်ခွက်ကျကွဲတာပါ။ ဟိုလေ၊ အစ်ကိုလေးက မမထွင့်ကို အရှမ်းယုယကြင်နာနေတယ်။ ချောချောက အစ်ကိုလေး ဒီလောက် ဖြစ်နေရင် မာမီကြီးအတွက် အရှမ်းစိတ်ပူတယ်။ မမထွင့်က အစ်ကို လေးရင်ခွင်ထဲ တစ်ချိန်လုံး လဲပြိုကျနေတာပါ'

'အင်းလေ၊ ဘယ်တတ်နိုင်မလဲ။ သားက နှစ်သက်နေတာ ကိုး။ ချွေးမတော်ရမှာပဲ ချောချောရယ်'

ချောချော ဒီကောင်မလေး အရှမ်းခံစားနေရပြီး မီမီဆင်ထား တဲ့အတွက်ထဲ တန်းဝင်တာပဲ။

သားက အိမ်ဖော်ကောင်မလေးကို ဘယ်တော့မှ အဖက် လုပ်မှာမဟုတ်။ ချောချောကလည်း ရုပ်ဆိုးမ။ ဒီဟာမလေးကလည်း တန်ရာတန်ရာမလုပ်ဘဲ သားကိုများ မှန်းရတယ်လို့၊ အော့နှလုံးနာ ရော။

ဘာပဲဖြစ်ဖြစ် ချောချောကိုတော့ အသုံးချရမည်ဖြစ်သည်။

'သမီးလေးကို မာမီကြီးက သံယောဇဉ်ပိုကြီးရတာပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်လေးကတည်းက သားနဲ့ မာမီကြီးကို သမီးလေးပဲ ...
ရှောက်လာတာပါ'

'မာမီကြီးရယ်၊ အစ်ကိုလေးအကြိုက်ကို သမီးပဲ သိပါတယ်
ပြုစုပေးနိုင်တာပါ'

'ဟုတ်ပါတယ်ကွယ်။ သမီးလေးအပေါ်ပဲ မာမီကြီး သံယော
ဇဉ်ကြီးရတာပါ။ နာသေးလား၊ ဆေးခန်းပြရမလား'

'ရပါတယ်၊ နည်းနည်းလေးပါ'

'သမီးလေး ဖြစ်မှဖြစ်ရလေကွယ်။ အမှန်အတိုင်းဝန်ခံရရင်
နုနုထွဋ်နဲ့ သားကို လက်ထပ်ပေးရမှာ စိတ်ပူတယ်။ ချွေးမက ...
တယ်လေ'

'မာမီကြီးကို အမေလို ချစ်ကြောက်ရိုသေကြရတာ သံယော
ဇဉ်လည်း အရမ်းကြီးပါတယ်'

ချောချောက မိမိကို ပွေ့ဖက်လိုက်တော့ စိတ်ထဲမှာ ရွံရှာသွား
ရသည်။

ဒီကောင်မလေး လွန်နေပြီ။ မတန်မရာ၊ ဒေါ်ထိပ်တင်ရဲ့ ...
မတတ်သာ၍ ပြန်ဖက်ကာ ခေါင်းလေးကို ပွတ်သပ်ချော့မြှူနေရ...

နင်ကများ၊ ချောချောကို နှိမ်ထားတာ နုနုထွဋ်ကြောင့်ပဲ ...
ဒင်းကြောင့် ညည်းကို ဒီကနေ့ အမြန်ထွက်သွားအောင် နှိပ်ကွပ်ပ...
ရမယ်။ ဒေါသတွေ ပေါက်ကွဲနေသည်။





'သမီးလေး လက်နာနေရင် နားတော့။ မာမီကြီး အလုပ်
...အားတစ်ယောက် ထပ်ငှားမယ်။ သမီးလေးကိုလည်း တစ်သွေး
...ချွေးလေးဖြစ်အောင် လုပ်ရမယ်။ သမီးအဖြစ် မွေးစားရမယ်။
...မွေးစားအမွေခံ စာချုပ်စာတမ်းနဲ့လေ'

'မာမီကြီးရယ်၊ ချောချော ဝမ်းသာလိုက်တာ'

နုနုထွဋ် ဒီတိုက်ကြီးထဲမှာ နင်ရှိနေဖို့ မလိုအပ်တော့ဘူး။
...ကိုလေးဖန်နေဝန်းလ်က နင်မရှိမှ ငါ့ကို စိတ်ဝင်စားမှာ။

မာမီကြီးကလည်း ငါ့ကို ချွေးမတော်ချင်နေတာ သိတယ်။
...ချော စိတ်ကူးတွေ ယဉ်နေမိသည်။

'နုနုထွဋ်သာမရှိရင် တို့မိသားစု မပြီမကွဲလေး စုစုစည်းစည်း
...နိုင်မယ်'

မာမီကြီးပြောတဲ့စကားရဲ့ အဓိပ္ပာယ်ကို ချောချော သဘော
...ပေါက်၍ အစ်ကိုလေးကို ဘယ်လိုစွဲဆောင်နိုင်မလဲဆိုတာ ကြံစားရ
...ယ်။

ဟိုမိန်းမကို လူ့လောကကြီးထဲကနေ မောင်းထုတ်ပစ်ရမယ်။
...ချော သူ့ချွေးမတော်ဖြစ်ရမှာ။ အခုတလော မာမီကြီးရဲ့ ဂရုစိုက်မှု
...တွေကို ခံနေရသည်။

'အလုပ်သမားတော့ ငှားရမယ်။ မဖြစ်ပါဘူး၊ ချောချောလေး
...င်ပန်းနေတာ မကြည့်ရက်တော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ချောချောကို ဒေါ်ထိပ်တင်ရတာမှာ အသုံးချရမယ်။ နင့်ထို ငါ့လက်နဲ့ သတ်ပစ်ချင်ပေမယ့် ငါက မဗိုက်မဲဘူး နုနုထွင်။

ဘာပြောတယ်... နင့်အမေကို ငါ့သားက ဒူးထောက် တောင်းပန်ရမယ်၊ ဟုတ်လား။ ဒေါသတွေ အလိပ်လိုက် တက်နေသည်။

'သမီး အနားယူခဲ့တော့၊ မာမီကြီးပဲ ချက်ပြုတ်မယ်။ သား အတွက်က ချောချောလေးပဲ ဖြစ်မှာပါလေ'

ချောချောကို အတင်းအနားယူခိုင်းသည်။ ဒါမှ ချောချောက နုနုထွင့်ကို ဘယ်လိုလုပ်ကြံရမလဲဆိုတာ စဉ်းစားချိန်ရမှာ။ မိမိကိုယ်တိုင် စားသောက်စရာတွေ စီစဉ်သည်။

'နုနုထွင်၊ ညည်း ကျုပ်သားကို ဘယ်တော့မှ မပိုင်ဆိုင်စေရဘူး။ နင် ငါ့ကို အလွယ်တကူ အနိုင်ရမယ်လို့ ထင်လား'

ကြိမ်းဝါးပစ်မိသည်။

ချောချောကိုလည်း မျှော်လင့်ချက်တွေ အပြီးပေးထားသည်။ ပါးပါးနပ်နပ်ပဲ၊ ထိပ်တင်ရတာမှာပဲ၊ ခင်းကို အသုံးချပြီးရင် ဂျိမ်းစ်ဘွန်းနဲ့ ပေးစားမယ်။ ညည်းဟာညည်း တောင်နှန်းစံချင်လည်း စံလေ။

ဒေါသတွေ ပေါက်ကွဲရလွန်း၍ ဟင်းရွက်တွေကို ဓားနှင့် နုပ်နုပ်စဉ်းနေမိသည်။





နုနုထွင့်ကတော့ ကိုဖန်နေဝန်းလ်အား ချစ်သူအဖြစ် လက်ခံဖို့ အချိန်ကျနေပြီဖြစ်ကြောင်း၊ အရယူမြဖို့ အချိန်ပဲဟု သတ်မှတ်လိုက်သည်။

ဒေါ်ထိပ်တင်ရတာနှင့်ရဲ့ခြေလှမ်းတွေကို နုနုထွင့် ကြိုတင်တွေးထားပြီးသားပဲ။ ချောချောကို အသုံးချနေတာပါ။

ညနေ ကုမ္ပဏီက အပြန်မှာ ဂျိမ်းစ်ဘွန်းက သူမနှင့် ကိုဖန်နေဝန်းလ်ကို တွေ့ပေးရန် အကြောင်းပြပြီး တစ်ယောက်တည်း ပြန်သွားသည်။

ထွင့် မသိချင်ယောင်ပဲ ဆောင်နေလိုက်သည်။

'ထွင့်'

'ရှင်'

'ကိုယ်ကို ညစာစားကြရအောင်နော်။ ထွင့်ခြေထောက်ရောဂါသက်သာရဲ့လားကွာ'

'ဟုတ်ကဲ့'

'ထွင့်နဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်'

'အင်း'

'ထွင့် ဘာစားချင်လဲ၊ ဘယ်ကိုသွားချင်လဲ'

'MD သဘောပါ'

'ကိုယ့်ကို MD လို့ပဲ ခေါ်နေတော့မှာလား ထွင့်ရယ်'



www.burmeseclassic.com

www.burmeseclassic.com



'MD က ထွင့်ရဲ့ အထက်လူကြီးပါနော်။ ထွင့် ရိုသေလေးစားရပါတယ်'

ထွင့်ကို ကားပေါ်တင်ပြီး မိုးအဆုံး မြေအဆုံး မောင်းပစ်ချင်သည်။ ဖန်နေဝန်းလိန့်လုံးသားထဲမှာ ချစ်မြတ်နိုးရလွန်းတဲ့ မိန်းကလေးပါ။

ထွင့်အတွက်ဆို အရာအားလုံးကို ပေးဆပ်ချင်တယ်။ စွန့်လွှတ်ချင်တယ်။ ဘယ်သူ့ကိုမဆို ကိုယ်ဒူးထောက်အညံ့ခံမယ်။ နှစ်ယောက်တည်း အေးချမ်းစွာ နေထိုင်ရမယ့် နေရာလေးကို သူရွေးချယ်ရောက်လာခဲ့သည်။

မီးရောင်မလင်းတလင်း အပြာရောင် မှိန်ပျပျလေးအောက်မှာ ထွင့်နှင့် နှစ်ယောက်တည်း ထိုင်နေရတာ ဘယ်လောက်ကြည်နူးရလဲ။

ထွင့်ကလည်း ရှက်ရဲရဲမျက်နှာလေး ငုံ့ကာ သူ့ကို မကြည့်ရဲသလို အရမ်းလည်း ကျေနပ်ပီတိဖြစ်နေသည်။

'ထွင့်'

'ဟင်'

'ကိုယ့်ကိုလက်ထပ်ပါ'

'ထွင့်လေ…ထွင့်၊ MD ကို လုံးဝမမှန်းရဲပါဘူး။ MD လိုယောကျ်ားတစ်ယောက်ကို ငြင်းပယ်ရင်လည်း MD က မိန်းကလေးတစ်ယောက် အားကိုးအားထားပြုသင့်တဲ့ ယောကျ်ားပါ'





'ထွင့် ဘာကိုစဉ်းစားနေတာလဲ၊ ပတ်ဝန်းကျင်ကိုလား။ အားလုံးက သဘောတူနေကြတယ်လေ။ MD နဲ့ နုနုထွင့်တို့ အရမ်းကိုလိုက်ဖက်တယ်တဲ့'

'အဲဒါကတော့ ဟုတ်ပါတယ်။ ထွင့်မေမေကြောင့်ပါ'

'ထွင့်မေမေ ဘာဖြစ်လို့လဲ၊ ဆင်းရဲလို့လား။ ဇာယန်းထိုးရလို့လား။ ပြောပါ၊ ကိုယ်ကြိုတင်ပြောထားမယ်နော်။ ဆင်းရဲတာတွေ၊ ဘာတွေ မပြောနဲ့။ ထွင့်အကြောင်း ကိုယ်သိတယ်'

'ဆင်းရဲတာထက် ထွင့်မိသားစုအကြောင်းပါ'

'ပြောလေ၊ ထွင့်နဲ့ပတ်သက်တာတွေအားလုံး ကိုယ်သိထားသင့်ပါတယ်'

ကိုဖန်နေဝန်းလိကာ ခေါ်ထိပ်တင်ရတာနာအား ထိုးနက်ဖို့အကောင်းဆုံးသဲ့ချွန်လက်နက်တစ်ခုပဲ။ ထွင့်အပေါ် စွဲလမ်းနှစ်သက်နေပြီဖြစ်၍ အချိန်အခါက ကျရောက်လာပြီဖြစ်သည်။

'ပြောလေ ထွင့်။ ဘာလဲ၊ အရမ်းခက်ခဲနေလို့လားကွာ'

'အင်း…MD စဉ်းစားပါဦး။ ထွင့်က အရမ်းလှပချောမောပြီး ထက်မြက်ပေမယ့် ဘဝက မလှပဘူး'

'ပြောလေ ထွင့်'

'အတိတ်က ကျွန်မတို့မိသားစုမှာ ဆိုးဝါးတဲ့ကံကြမ္မာဆေးရင်ဆိုင်တွေ့ဆုံခဲ့ကြရတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမတို့အတိတ်က မိသားစုပြဿနာတွေကို ပြောပြလိုက်သည်။

မေမေ သွေးနုနုမှာ စိတ်သောကတွေနဲ့ အနေအထိုင်မဆင်ခြင်လို့ ကိုယ်ရေပြားရောဂါသည်ကြီးဘဝနှင့် နေထိုင်ရကြောင်း ပြောပြလိုက်သည်။

'မေမေက ထွေး့ကိုစွန့်ပစ်ပြီး တခြားကို ထွက်သွားချင်တာ… အဲဒါ ထွေးလုံးဝလက်မခံနိုင်ပါဘူး။ ထွေးနဲ့လက်ထပ်မယ့်ယောကျ်ား တစ်ယောက်က ထွေးမေမေ ဘယ်ဘဝပဲဖြစ်ဖြစ် လက်ခံရပါမယ်'

'ထွေး'

'ရှင်'

'ကိုယ်လက်ခံပါတယ်။ မိဘက မိဘပဲလေ။ ထွေးမှာ ဒီလို… စိတ်ဓာတ်မျိုးရှိနေတာ ကိုယ်အရမ်းလေးစားတယ်။ ထွေးမှာ ပညာဉာဏ် ထက်မြက်မှုရော၊ စိတ်သဘောထားဖြူစင်ပြည့်ဝမှုရော ပြည့်စုံနေတယ်… ကိုယ်ပိုပြီးတော့တောင် ချစ်မြတ်နိုးရပါတယ်'

ကိုဖန်နေဝန်းလင်းရဲ့ စိတ်သဘောထားပြည့်ဝမှုကလည်း ထွေး… နှလုံးသားတွေကို စူးနစ်နာကျင်သွားစေသည်။

ဒေါ်ထိပ်တင်ရတနာနှင့် လုံးဝဆန့်ကျင်ဘက်ပါ။ ရှင် အ… ဖြူစင်လွန်းနေတယ်။ ကျွန်မတို့ မိသားစုဘဝကို ဖျက်ဆီးပစ်လိုက်တာ… ရှင့်မာမီပါ။





ထွေးရင်တွေ ထိခိုက်နာကျင်သွားရတာကို မကျေနပ်၊ ဒေါသ… ဖြစ်ရသည်။

'ထွေးလေး၊ ထိပ်တင်ရတနာရဲ့သားကို လုံးဝမချစ်မိစေနဲ့နော်။ ထွေးလေး ခံစားရမယ်၊ ရှုံးလိမ့်မယ်'

အန်တီမာလာတင် သတိပေးထားတဲ့စကားတွေကို ထွေး ကြား… ယောင်ပြီး သူနှင့်ပတ်သက်၍ မခံစားစေရန် အထူးသတိထားရမည် ဖြစ်သည်။

'ထွေးမေမေနဲ့ ကိုယ်တွေ့မယ်။ ကိုယ်ဖြည့်ဆွမ်းပေးချင်တယ်။ …ကိုယ် အားပေးနှစ်သိမ့်ပေးပါရစေ ထွေးရယ်'

'MD တကယ်ပြောတာလား။ တကယ်ပဲ လက်ခံနိုင်တာလား …ရှင်'

'တကယ်ပါ ထွေးရယ်။ ပြီးတော့ ကိုယ့်ကို MD ဆိုတဲ့ …ဟုံးအနွံ့းကြီးက စိမ်းနေတယ်။ ကုမ္ပဏီမှာဆိုရင် တစ်မျိုးပေါ့'

'ထွေး ဘယ်လိုခေါ်ရမှာလဲ'

'မောင်လို့'

'အာ…'

'ဘာဖြစ်လဲ၊ မောင်ဆိုတာ အရမ်းနူးညံ့သိမ်မွေ့တဲ့ အချစ်တွေ …နေတယ်။ မောင်လို့ပဲ ခေါ်ပါကွာ။ ထွေးနဲ့ မောင်က အသက်ချင်း …ည်း သိပ်မကွာဘူးလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ…ဟို၊ ထွဋ်က MD ကို ဟို…ချစ်ပါတယ်လို့ အဖြေမှ မပေးရသေးတာ'

'ထွဋ်မေမေကို လက်ခံတဲ့ယောကျ်ားကိုပဲ ချစ်သူအဖြစ် လက်ခံပြီး ထွဋ်က လက်ထပ်မှာဆို။ မောင်က လက်ခံတယ်။ ကိုယ့်အ… အဖြစ် စောင့်ရှောက်မယ်'

'မောင်ရယ်'

ထွဋ် တဒင်္ဂ တွေဝေမူးယစ်မေ့မြောစွာ မောင်ဟု ခေါ်… သည်။

■ ■ ■



## အခန်း (၁၃)

'ကျုပ်သားအချစ်ကို ညည်းလက်ခံလိုက်ပြီလား နုနုထွဋ်'

'ကျွန်မမေမေအကြောင်းပါ ပြောပြလိုက်တယ်'

'ဘာပြောတယ်'

'စိတ်ချပါ၊ ကျွန်မအမေကို ဒီလို လူတောထဲ မတိုးနိုင်တဲ့ …ရောက်အောင်လုပ်ခဲ့တဲ့သူက ရှင့်မှာမီပါလို့တော့ မပြောရသေးပါ…'

'ညည်း…ညည်း'

ဘယ်လောက် ဒေါသဖြစ်စိဖို့ကောင်းလဲ။

သားဖန်နေဝန်းလိက စိတ်သဘောထားပြည့်ဝသူပါ။ အဖြစ်…၊ မိမိကိုလည်း ရိုသေလေးစားလွန်းတဲ့သားက တန်ဆာခံဖြစ်နေ…သည်။ မိမိအတိတ်ကအကြောင်းတွေ သားသိလို့မဖြစ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုသစ်လွင်ကို ဖခင်အရင်းပွဲထင်ပြီး စံပြအဖေဟု သတ်မှတ်

ထားခဲ့တာပါ။

နုနုထွဋ်ကိုလည်း သားက စွဲစွဲလမ်းလမ်းချစ်နေ၏။ ဘယ်လို

လုပ်ရမလဲ။

ချောချောကို အသုံးချရမယ်။ ဒင်းကို သတ်ပစ်ရမယ်

လူ့လောကကြီးထဲမှာ ညည်း မရှိတော့မှ အေးမှာပါ။

နုနုထွဋ်က ရယ်နေသည်။

'ညည်း၊ ကျုပ်သားကို ချစ်ချစ်ခင်ခင်နဲ့ မြတ်မြတ်နိုး

လက်ထပ်ပါ နုနုထွဋ်။ အတိတ်တွေအကြောင်း သင်ပုန်းချေပစ်ပါ

ကျုပ်တောင်းပန်ပါတယ်။ ကျုပ်ကတော့ နိုင်ငံခြားကို ထွက်သွားမယ်

ညည်းအမေကို ကျုပ်သားက လက်ခံတယ်မဟုတ်လား'

'လက်ခံတယ်၊ မေမေ့ကိုလည်း တွေ့မယ်တဲ့'

သားရယ်၊ မာမီကိုရော အရေပြားရောဂါရှင်တစ်ယောက်

ခမည်းခမက် တော်နိုင်းတော့မှာလား။ မာမီ့ဘက်ကို မတွေးပေးတော့

ဘူးလား။

ဒေါ်ထိပ်တင်ရတနာရဲ့ နှလုံးသားတွေ မီးတောက်

လောင်မြိုက်ခံရသလို ဖြစ်လာသည်။

'ဒေါ်ထိပ်တင်ရတနာရဲ့သားက ကျွန်မကို ဒူးထောက်

ဒူးထောက်တောင်းပန်ပါ့မယ်တဲ့'





'ဒုန်း'

'ဒေါ်သတွေ ဒီလောက်အထိ မထွက်ပါနဲ့ ဒေါ်ထိပ်တင်ရ

နာ။ ကိုယ်ချင်းစာတရားလေး ရှိစေချင်တာပါ'

'ကျုပ် အရှုံးပေးပါ့မယ်။ ကျုပ်သားကိုတော့ ကျုပ်အကြောင်း

တွေ မပြောပါနဲ့ နုနုထွဋ်။ တောင်းပန်ပါတယ်။ အနူးအညွတ်ပါ'

'မောင်နဲ့ ကျွန်မတို့ မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပမယ့်

နေရာမှာ ဒေါ်ထိပ်တင်ရတနာ ရှိသင့်ပါတယ်'

'အဲဒါ ညည်းအမေရဲ့ တောင်းဆိုမှုလား။ ညည်းအမေက

ထွက်မှာလား'

'အင်း'

'ဘာ'

'ကျွန်မအမေရဲ့ဆန္ဒလေ၊ ဘာဖြစ်လို့လဲ။ ဒေါ်ထိပ်တင်ရတနာ

ရဲ့ ဂုဏ်သိက္ခာတွေ အရှမ်းကျဆင်းသွားမှာ စိုးရိမ်လို့လား'

'လက်မခံဘူး'

'မောင်က တောင်းဆိုရင်ရော'

'ကျုပ်သားဖန်နေဝန်းလ်က အရူးလား။ ကျုပ်အမှားအတွက်

ခြားနည်းနဲ့ ပေးဆပ်ပါရစေ နုနုထွဋ်။ ညည်းအမေကို ခြေသလုံး

တ်ပြီး ကျေအေးဖို့ တောင်းပန်ရမှာလားဟင်'

တကယ်တော့ မေမေက လုံးဝလက်ခံမှာမဟုတ်။ နုနုထွဋ်



www.burmeseclassic.com

www.burmeseclassic.com



အန်တီမာလာတို့အကြံအစည်အတွက် မေမေသာသိသွားလျှင် ခွင့်လွှ
မှာ မဟုတ်ပေ။

မေမေက ,သူမရဲ့အတိတ်က ဝဋ်ကြွေးအဖြစ်ပဲ သတ်မှတ်
စိတ်မဆိုးဖို့ ပြောထားပြီးသားဖြစ်သည်။ နုနုထွဋ်ကတော့ ထို
ခွင့်မလွှတ်နိုင်ပါဘူး။

ဒေါ်ထိပ်တင်ရတနာကို ထိခိုက်နာကျင်မှုတွေ အပြင်းထန်
ခံစားစေချင်သည်။ ကမ္ဘာမကျေပဲ။ မေမေ့အတွက်ကတော့ ရှင်ပြ
ပေးကို ပေးဆပ်ရမှာပဲ။

'နုနုထွဋ်၊ ညည်းကို အနူးအညွတ်တောင်းပန်ပါတယ်။
သားမှာ အပြစ်မရှိပါဘူး။ အရမ်းဖြူစင်ခဲ့တာပါ။ ငါထွက်သွားပေ
ညည်းစည်းစိမ်တွေ ခံစားရမယ်ဆိုရင် ကျေနပ်သင့်ပါတယ်အေ'

'မကျေနပ်နိုင်ပါဘူး။ ရှင်တို့မိသားစုဘဝကို တစ်စစီ
ခြေပစ်ရမှ ကျေနပ်မယ်'

'ညည်း…ညည်း၊ တော်တော်လေး အကြံပက်စက်ပါလ
နုနုထွဋ်။ ကြောက်စရာကောင်းလိုက်တာ'

'ဒေါ်ထိပ်တင်ရတနာရဲ့ လုပ်ရပ်လောက်တော့ ကြောက်
မကောင်းပါဘူးနော်'

'ဆက်မပြောပါနဲ့တော့။ ကောင်းပြီလေ၊ ညည်းလုပ်ချင်သ
သာ လုပ်တော့။ စောင့်ကြည့်ကြတာပေါ့အေ'





ဒေါ်ထိပ်တင်ရတနာ အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။
နုနုထွဋ်ကို ဘယ်လိုရှင်းပစ်ရမလဲ။ ခင်းက မီးတောက်
ခါတစ်ရံ မိမိရဲ့ အတိတ်ဇာတ်ကြောင်းတွေ ပြန်တွေးမိတိုင်း
ဝင်တာတော့ ရမိနေ၏။

နောက်ပြန်လှည့်၍ မရတော့။ ချောချော ရောက်လာသည်။
'မာမီကြီး နေမကောင်းဘူးလားဟင်။ ချောချော နှိပ်ပေး
ပ်နော်'

'အေးကွယ်၊ သမီးလေးရှိနေလို့ မာမီ အရမ်းစိတ်ချမ်းသာရ
တ်။ လိမ္မာလိုက်တာကွယ်။ ဒီလိုသမီးလေး မာမီကြီးအနားမှာ
ခွဲတမ်းရှိနေစေချင်တယ်'

ရှိနေမှာပါ မာမီကြီးရယ်။ ချောချော အထပ်ထပ်စဉ်းစားပြီး
ပါပြီ၊ မာမီကြီးရဲ့ချွေးမအဖြစ်လေ။ အခုတလော မာမီကြီး
က ချောချောကို ချွေးမအဖြစ် လိုလားနေကြောင်း အဓိပ္ပာယ်တွေ
နေသည်။ မာမီကြီးက အတင်းအကျပ် လက်ထပ်ပေးရင်
ဘာတတ်နိုင်မှာလဲ။

အရေးကြီးတာက မမနုနုထွဋ်ကို ရှင်းပစ်ဖို့ပဲလေ။
'ဟိုနှစ်ယောက်ကတော့ လက်ထပ်ကြတော့မယ်
'ရှင်'
'လူကြီးချင်းတောင် တွေ့ဆုံဖို့ နုနုထွဋ်က



www.burmeseclassic.com

www.burmeseclassic.com



ပြီ ချောချော။ သားကလည်း နုနုထွန်းမှ နုနုထွန်းပဲ။ ဘယ်တတ်
မလဲ၊ လက်ထပ်ပေးရမှာပေါ့။ မာမီကြီး အမှန်အတိုင်း ဝန်ခံရ
နုနုထွန်းလိုချွေးမမျိုး မလိုချင်ပါဘူး။ ဒါပေမဲ့လည်း ဖွားစာထင်တ
နုနုထွန်းက မာမီကြီးတိုက်ထဲရောက်လာရတယ်။ ဘယ်လိုလုပ်

ပညာမတတ်၊ ဘာမတတ် ချောချောခေါင်းထဲသို့ နုန
ကို ဖယ်ရှားပစ်ဖို့ အတွေးတွေကို မသိမသာ ရိုက်သွင်းသည်။
လင့်ချက်တွေ ပေးပစ်လိုက်၏။

နုနုထွန်းကို မမြင်မတွေ့ချင်တော့ဘူး။ ရှေ့ဆက် ယု
ကောက်ကျစ်မှုတွေ ကြောက်စရာကောင်းလောက်အောင် ရင်
တော့မည်။ ညည်းကို အပြတ်ရှင်းဖို့ပဲ လုပ်ရမယ်။

ဆေါ်ထိပ်တင်ရတနာရဲ့မျက်ဝန်းတွေ တင်းမာခက်ထန်
သည်။

'ချောချော သွားတော့၊ မာမီကြီး ကျေးဇူးတင်ပါတယ်
မာမီကြီးသမီးလေး၊ လိမ္မာတဲ့သမီးလေးကိုပဲ ချွေးမတော်ချင်တ

'ရှင်'

'စကားအဖြစ်ပြောတာပါ၊ မာမီကြီးဆန္ဒလေ။ နုနုထွ
ရှိနေတယ်။ ဒင်းဘဝနဲ့ ဆန္ဒက တစ်ထပ်တည်း မကျနိုင်ပါဘူ

ချောချော ပြန်ထွက်လာခဲ့သည်။

နုနုထွန်းရှိနေလို့ မာမီကြီး ဆန္ဒက ဘဝနဲ့တစ်ထပ်
မကျတာပါ။ ချောချော မကြာခင် သူ့ချွေးချွေးမဖြစ်စေရမယ်။





ချောချော အိပ်လို့မရ။ နုနုထွန်းကို မုန်းတီးနေမိသည်။
အစ်ကိုလေးရဲ့ချစ်သူ။

အခုလည်း ခြံထဲမှာ အစ်ကိုလေး ဖန်နေဝန်းလ်နှင့် နုနုထွန်းတို့
ရှိနေကြသည်။ ကြည့်စမ်း၊ နှစ်ယောက်သား ပွေးကပ်ထိုင်နေကြ၏။
ညည်းက အစ်ကိုလေးကို မြှူဆွယ်နေတာပါ။ နုနုထွန်းကလည်း
သာမန်ဆင်းရဲနွမ်းပါးသူပဲ။ ရုပ်ရည်ကသာ မြင်ရ သူငေးလောက်အောင်
ချောနေတာပါ။

ချောချောရင်ထဲမှာ ဒေါသတွေ ပေါက်ကွဲလာသည်။

'နုနုထွန်း၊ ညည်းကတော့ ဒီနေ့ သေနေ့ပဲ။ လူ့လောကကြီး
ထဲကနေ ထွက်သွားရမယ်။ နင်နဲ့ငါ တွေ့ကြသေးတာပေါ့အေ'

အစ်ကိုလေးရင်ခွင်ထဲမှာ နုနုထွန်း ရှိနေသည်။

အမလေး... နမ်းနေတာလား။ မျက်နှာချင်းဆိုင် ထိကပ်
နေတယ်။

အစ်ကိုလေးက သူ့ဖွေးဆိုတော့ ညည်းက ခန္ဓာကိုယ်တစ်ခု
လုံးပေးပြီး ဖြားယောင်း သွေးဆောင်နေမှာပေါ့။ ဒေါသဖြစ်လိုက်တာ။
ချောချော အိပ်မရ။

သေချာတာက မာမီကြီးက သူမအား ချွေးမအဖြစ် တော်
ချင်နေသည်။ သေချာပါတယ်၊ နုနုထွန်းကြောင့်ပဲ။

ချောချော အကြံကြီးကြံစည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ယော...အစ်ကိုလေးတို့ တိုက်ကြီးထဲ ဝင်သွားပြီ။ နုနုထွေး နင်...နင်၊ အစ်ကိုလေးကို ဘယ်တော့မှ မရစေရဘူး'

ကြည့်ပါဦး၊ အစ်ကိုလေးလက်မောင်းကို ဖက်တွယ်ပြီး အဖြစ်သည်းပြနေတယ်။

အရှက်မရှိလိုက်တာ၊ နင့်လို ပုံတံတံ နန့်တုံ့တုံ့ မိန်းကလေးမျိုး ဘယ်လောက်ပဲတော်နေပါစေ မာမီကြီးက ချွေးမတော် ချင်နေတယ် ထင်နေလား။ ငါ့ကို ရွေးချယ်ထားတာပါ။

သူမ စားသောက်ခန်းထဲ ဝင်ပြီး မမလေးနုနုထွေးအတွက် အအေးဖျော်နေသည်။ ခဏကြာတော့မှ မမလေးအိပ်ခန်းထဲ ဝင်လာခဲ့၏။ ချောချော ညတိုင်း အိပ်ချိန်မှာ မမလေးနုနုထွေးအတွက် အအေးဖျော်ပေးခဲ့သည်။

'မမလေး၊ အအေး'

'အင်း...ထားခဲ့ပါ'

'မမလေး'

'ပြော'

'အစ်ကိုလေးနဲ့ လက်ထပ်တော့မှာလားဟင်'

'ဟုတ်တယ်လေ၊ မောင်က မကြာခင် လက်ထပ်ကြမယ်လို့ ပြောတယ်။ မမလေးက အလောတကြီး လက်မထပ်ချင်သေးပါဘူး။ ကိုဖန်နေဝန်းလ်က တောင်းဆိုနေတာ၊ မမလေး လက်ခံလိုက်





တယ်။ မောင့်လို ယောကျ်ားတစ်ယောက်ကလည်း မိန်းကလေးတစ်ယောက် မှီခိုအားထားသင့်တာပဲလေ'

မောင်တဲ့၊ နားခါးလိုက်တာ။ လည်ပင်းကိုတောင် ညှစ်ပစ်ချင်တယ်။ သူမ အအေးကိုသောက်ဖို့ ပြောနေသည်။

'အအေးသောက်ပါ မမလေး၊ အမောပြေလေ'

'ထားခဲ့ပါ'

'ဟုတ်ကဲ့ပါ၊ သောက်ဖြစ်အောင်တော့ သောက်ပါ။

'အင်း...ကြိုက်ပါတယ်၊ သောက်မှာပါ'

ချောချောမျက်ဝန်းတွေ ဂုနာမငြိမ်ဖြစ်နေတာ သူမ သတိထားမိနေသည်။

နုနုထွေးက အမြဲတမ်း သတိနဲ့နေတာပါ။ ချောချောက မယုံရဆုံးပဲ။ ဒေါ်ထိပ်တင်တနာရဲ့ သေဆိုသေ၊ ရှင်ဆိုရှင်မည့်သူ။ သူ့အခန်းဝမှာ ထပ်ပြီး လှည့်ကြည့်နေသေး၏။

ထူးခြားနေတာက သူမအခန်းဝမှာ အကြာကြီးရပ်နေခြင်းပင်။ ခြေသံရွေ့လျားမှုမရှိ၊ ဘာကြောင့်လဲ။ သူမ သိနေတာက ချောချော အခန်းအပြင်မှာ ရှိနေသေးသည်ဟုပင်။ ချောချောလာပေးသော အအေးကို မသင်္ကာဖြစ်လာ၍ သူမ ယူပြီး အပြင်ထွက်လာခဲ့၏။

သူမ ရုတ်တရက်ထွက်လိုက်သဖြင့် အခန်းအပြင်မှာ ရပ်နေသဲ့ ချောချော အထိတ်တလန့်နှင့် မျက်နှာဖြူရော် သွေးဆုတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ချောချော ဒီမှာဘာလုပ်နေတာလဲ'

'ရှင်…ဟို…ဟို'

'မမလေး ဒီအအေးကို မသောက်ချင်တော့ဘူး။ ချောချောပဲ သောက်လိုက်ပါ'

'ဟုတ်ကဲ့ မမလေး။ ဘာဖြစ်လို့လဲ၊ သောက်ပါ။ ချောချောက စေတနာနဲ့ပါနော်၊ မယုံလို့လား'

'နင်ပဲ သောက်လိုက် ချောချော။ ပါးစပ်ဟ'

'ရှင်…ဘာဖြစ်လို့သောက်ရမှာလဲ။ ကျွန်မ ပြန်ယူသွားပါ့မယ်နော်၊ ပေးပါ'

'မရဘူး။ နင့်ကို ငါတိုက်မယ်၊ ဟ'

'မသောက်ပါဘူး။ ဘာဖြစ်လို့ သောက်ရမှာလဲ။ ပေး…ပြန်ပေး၊ ပေးနော်'

'နင်…နင် ဒီအထဲမှာ ဘာတွေခတ်ထားလဲ၊ ပြော'

'မခတ်ပါဘူး။ ရှင် ဘာတွေပြောနေတာလဲ'

သူမ သက်ဆိုင်ရာကို ဖုန်းဆက်ခေါ်လိုက်တော့ ချောချောက သူမဖုန်းကို လိုက်လုနေသည်။

'မဆက်နဲ့။ ပေးစမ်းဖုန်း'

'နင် တစ်ခုခုအကောက်ကြံထားတယ်။ သေချာတယ်၊ ဖော်စမ်း'





ဒေါ်ထိပ်တင်ရတနာနှင့် MD ဖန်နေဝန်းလ်တို့နှစ်ယောက် ရောက်လာသည်။

'ဘာဖြစ်တာလဲ နုနုထွေး'

'ထွေး၊ ချောချော ဘာဖြစ်လို့လဲ'

'ဒီမှာ ထွေးကို သေကြောင်းကြံတယ်။ အအေးထဲမှာ တစ်ခုခု ခတ်ထားတယ်။ သက်ဆိုင်ရာကို တိုင်ရမယ်မောင်။ သူ…သူ၊ ထွေးကို သေကြောင်းကြံစည်တာ'

'ချောချော၊ ဟုတ်လား။ နင်ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ။ ပြောစမ်း၊ ဒီအအေးထဲမှာ ဘာခတ်ထားလဲ'

'ချောချောကို ခွင့်လွှတ်ပေးပါ အစ်ကိုလေးရယ်။ တောင်းပန်ပါတယ်။ နောက်မလုပ်တော့ပါဘူး'

နုနုထွေး ဖုန်းဆက်ထားသဖြင့် သက်ဆိုင်ရာတွေ ရောက်လာသည်။

ချောချောကို ဖမ်းဆီးကြ၏။ အအေးကိုလည်း ဓာတ်ခွဲ စစ်ဆေးရန် ယူသွားကြသည်။

'ဟုတ်တယ်၊ ငါ နင့်ကိုသတ်ချင်တယ်။ လူ့လောကကြီးထဲမှာ နင်မရှိတော့မှ ငါ့အခွင့်အရေးတွေရမှာ'

ချောချော ရူးသွပ်စွာ အော်ဟစ်နေသည်။ ဓာတ်ခွဲခန်းအဖြေကတော့ အအေးထဲတွင် အိပ်ဆေးတွေ မြောက်မြားစွာ ခတ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ချောချောကို စစ်ဆေးတော့ အစ်ကိုလေးနှင့် လက်ထပ်မှာ သဘောမတူ၍ မုန်းတီးပြီး ကြံစည်ခြင်းဖြစ်ကြောင်း ပြောသည်။

'ဘယ်သူစေခိုင်းတာလဲ'

'ဘယ်သူမှ မခိုင်းပါဘူး။ ကျွန်မစိတ်ထဲမှာ မုန်းလို့ပါ'

နုနုထွေးကတော့ ဒေါ်ထိပ်တင်ရတနာရဲ့အသုံးချခြင်းကို ခံရတာဟု ထင်သည်။

ခိုင်းစေသည့်သူကို သေသေချာချာမေးပေမယ့် ချောချောက မပြော။ ဒေါ်ထိပ်တင်ရတနာရဲ့ လိမ္မာပါးနပ်စွာ ကြံစည်လုပ်ကြံမှုပဲ။

မောင်ကွယ်သွားသည်နှင့် ဒေါ်ထိပ်တင်ရတနာကို ထွေး စေ့စေ့ကြည့်ပြီး ရှင်ကြီးလုပ်ကြံတာ မဟုတ်လားဟု ပေါ်တင်ပဲ မေးသည်။

'ညည်း အထင်မှားနေပြီ နုနုထွေး။ ငါမခိုင်းဘူး။ ချောချော ဖြေနေတာ ရှင်းနေတာပဲ'

'ချောချောကို ရှင်ကြီး တန်ဆာခံလုပ်တာပဲ။ ကျွန်မကို အလွယ်တကူ ဒီလိုလာလုပ်ကြံလို့ ဘယ်ဖြစ်မလဲ၊ ရမယ်မထင်နဲ့'

'ညည်းမြန်ပါ နုနုထွေး။ ဘယ်လောက်ပေးရမလဲ'

'ရှင်ကြီး ကျွန်မမေမေရှေ့မှာ သွားပြီး ဒူးထောက်တောင်းပန်ပါ'

ချောချော မသေသပ်၊ မဝိရိဘူး။ အခုတော့ အချုပ်ထဲမှာ





ချောချော သူ့ဟာသူ လုပ်ကြံခဲ့၍ မိမိအပေါ် လွှဲချမရဖြစ်နေသည်။ တာမီကြီး စိတ်မကောင်းပါဘူး၊ ချောချောရယ်။

မအောင်မြင်တာတော့ မတတ်နိုင်ဘူး။ သားကတော့ နုနုထွေး အား ယခင်ကထက်ပင် တယုတယနှင့် စိုးရိမ်တကြီးဖြစ်နေ၏။

အမြန်ဆုံးလက်ထပ်ဖို့လည်း စီစဉ်နေသည်။ နုနုထွေးမေမေကို ဒီတိုက်ကြီးထဲမှာ ခေါ်ထားမယ်တဲ့၊ အမလေး။ ဒေါ်ထိပ်တင်ရတနာ ဘာလုပ်ရမှန်းပင် မသိ။ တားဆီးဖို့ကလည်း ခက်နေ၏။

ချောချော မသေသပ်လိုက်တာ ဒေါ်ထိပ်တင်ရတနာရဲ့ ချက်ဝန်းတွေက မာကျောတောက်ပလွန်းသွားသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

'ထွဋ်၊ မောင်တို့ မေမေနဲ့သွားတွေ့ကြရအောင်နော်။ မောင် အရမ်းတွေ့ချင်နေတာ။ ထွဋ်မေမေ့ဘဝက အရမ်းသနားစရာကောင်း တယ်။ သွားတွေ့ကြရအောင်'

'မဖြစ်သေးပါဘူး၊ မောင်။ မေမေက ရုတ်တရက်ဆိုရင် လက်ခံတွေ့ဆုံမှာ မဟုတ်ပါဘူး။ အန်တီမာလာနဲ့ တိုင်ပင်ရဦးမယ်။ မောင့်မာမီကရော လက်ခံနိုင်မလား'

'မောင်ပြောပြမယ်၊ အိမ်ထောင်ရေးမှာက မောင့်ကို ရွေးချယ်ခွင့်ရှိပါတယ်။ မာမီက နားလည်ထားပြီးသားပါ'

မောင်က သူမပခုံးလေးကို သူ့လက်တွေနှင့် ဆုပ်ကိုင်ပြီး ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထား၍ ထွဋ် နာကျင်ရသည်။

ထွဋ်ကို ဘာဖြစ်လို့များ ဒီလောက်အထိ ချစ်မြတ်နိုးနေရ





တာလဲ။ သန့်ရှင်းဖြူစင် ရိုးသားမှုတွေက မောင့်စိတ်ကို အပြည့်အဝ ဖမ်းစွမ်းထား၏။ ထွဋ်ဖက်က မရိုးသားတာပါ။

မောင့်မိခင် စိတ်သောကတွေရောက်ပြီး မအိပ်နိုင်၊ မစားနိုင် ဖြစ်နေပြီ။ ဒီကြားထဲ ချောချောက ထောင်ထဲမှာ။ မောင်က လုံးဝ ခွင့်မလွှတ်ရဘူး။ သူ့အပြစ်ဒဏ် သူခံပါစေတဲ့။ ချောချောကို ဘယ်လို ပဲစစ်စစ်၊ သူမဆန္ဒနှင့် လုပ်ဆောင်ခဲ့တာပါဟုပဲ ဖြေနေသည်။

နုနုထွဋ်ကတော့ ဒေါ်ထိပ်တင်ရတနာရဲ့ လှည့်ကွက်ထဲ ချောချောဝင်သွားတာ သိနေ၏။ အရေးကြီးတာက MD ဖန်နေဝန်းလ် ချော်မိသွားဖို့ပဲ။ ဒါပေမဲ့ MD ဖန်နေဝန်းလ်က ချောမောခန့်ညားလွန်းတဲ့ ယောက်ျားပါ။

မျက်ဝန်းဖန့်ဖန့်ညို့ညို့၊ နှာတံစင်းစင်း၊ တိကျပိရိသော သပ်တဲ့ နှုတ်ခမ်းရဲရဲစိုစို၊ MD ဖန်နေဝန်းလ်ကို မဖွဲ့လမ်းဖို့၊ မချစ်မိဖို့က တဖြည်းဖြည်း ခက်ခဲလာနေကြောင်း နုနုထွဋ် ဝန်ခံရမည်ဖြစ်သည်။

'မာမီက ကိုယ့်ဆန္ဒပါပဲကွာ။ ထွဋ် စိတ်မပူပါနဲ့။ ထွဋ်ကို တွေ့တွေ့ချင်းပဲ မောင်လက်ထပ်လိုတဲ့မိန်းကလေးပါလို့ ပြောခဲ့တယ်။ မာမီက အိုအေတဲ့'

မောင့်အနမ်းတွေကို ထွဋ် ငြင်းပယ်လိုပေမယ့် ခြေမနိုင်။ သူမမေးသားကို လာထိတာနှင့် အဲဒီလူကို ကိုင်ပေါက်ပြီးသားပဲ။ ထွဋ် ငေးလျှော့နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခု မောင့်အနမ်းကို ထွင့်ရဲ့ နှစ်နှစ်သက်သက် တပ်မက်ခြင်းများစွာဖြင့် ငုံလင့်ခံယူခဲ့မိ၏။ ထွင့်ရင်တွေ နာကျင်ရသည်။

'မောင့်မာမီနဲ့ တိုင်ပင်မယ်။ မာမီကလည်း သနားတတ်ပါတယ်။ မောင်ကတော့ ဘယ်လိုအကြောင်းကိစ္စမျိုးနဲ့မှ ထွင့်ကို မစွန့်လွှတ်နိုင်ပါဘူး။ မောင်မစွန့်လွှတ်ဘူး'

ထွင့်က မောင်တို့မိသားစုဘဝလေးကို ဖြိုချဖျက်စီးပစ်ဖို့၊ မောင့် မာမီရဲ့ဂုဏ်သိက္ခာတွေကို တစ်စစီ ဖဲ့ချေပစ်ဖို့ အကောက်ကြံနဲ့ ရောက်လာခဲ့တာပါ။

မောင်နဲ့ ထွင့် ပေါင်းဖက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်။ မောင်က အရှုံးအမူးချစ်ပြနေပြီး အကြင်နာ အယုအယတွေ နွေးထွေးပြလွန်းသည်။

'ထွင့်'

'ရှင်'

'မောင့်ကို ချစ်ရဲ့လား'

'အင်း'

'အဲဒီလို စိမ်းစိမ်းမာမာကြီး မဖြေပါနဲ့ ထွင့်ရယ်။ ထွင့်က တကယ့်ကို တောင့်တောင့်ကြီးနဲ့။ မသက်မသာဖြစ်နေလားကွာ'

'ထွင့်စိတ်ပူတယ်။ မောင်နဲ့ ထွင့်တို့က ဘဝချင်း အရမ်းခြားနားလွန်းပါတယ်။ ထွင့်မေမေကလည်း'





'ထွင့်၊ ဆက်မပြောပါနဲ့တော့ကွာ။ မောင်ပိုင်ဆိုင်သမျှအရာတွေအားလုံး ထွင့်ကို ပေးဆပ်ချင်တယ်။ မောင် အရမ်းချစ်တယ်၊ မြတ်နိုးတယ်။ တန်ဖိုးအထားရဆုံးမိန်းကလေးပါ'

ဖန်နေဝန်းလ်စိတ်တွေ ထိန်းချုပ်နိုင်စွမ်းမရှိ။ ထွင့်အတွက်ပဲ အရာအားလုံး ဖြစ်စေချင်သည်။ ထွင့်တို့မိသားစုဘဝအကြောင်း သိရတော့ ပိုပြီး နာကျင်ရ၏။

ထွင့်ကို အရိပ်လေးလိုကြည့်ပြီး လိုအပ်သမျှ ဖြည့်စွမ်းပေးလိုခဲ့သည်။ မာမီနှင့်တွေ့ပြီး ထွင့်မိသားစုအကြောင်း ပြောဖို့လည်း ဆုံးဖြတ်ထား၏။

ကုမ္ပဏီကပြန်လာတော့ မာမီနှင့် အေးအေးဆေးဆေး တွေ့သည်။

'မာမီ၊ သားပြောစရာရှိပါတယ်။ သားဘဝအတွက် အရေးကြီးသလို၊ သားဆန္ဒပဲ။ သားဆုံးဖြတ်ထားပြီးသား ကိစ္စပါ'

'ပြောပါ၊ သားရယ်။ သားဆန္ဒက မာမီဆန္ဒပါ။ မာမီက သားကို ဘယ်လောက်တန်ဖိုးထားရပြီး ချစ်မြတ်နိုးရလည်းဆိုတာ သားသိပါတယ်ကွယ်'

သားမြေးမည့်စကားတွေကို ဒေါ်ထိပ်တင်ရတနာ ထိတ်လန့်တုန်လှုပ်လာသည်။

နနထွင့်ကို လက်ထပ်ဖို့ပဲ နေမှာပါ။ ဘယ်လို တားဆီးရ



www.burmeseclassic.com

www.burmeseclassic.com



မလဲ။ အိမ်ထောင်ရေးကိစ္စ သားဆန္ဒနဲ့ ရွေးချယ်ပိုင်ခွင့်ရှိတယ်ဟု မိမိ ကတိပေးထားခဲ့၏။ သားရွေးချယ်တဲ့ နုနုထွေး့ကလည်း အရာရာ ပြည့်စုံသူ။

မီဘဆင်းရဲတာ၊ ချမ်းသာတာ မာမီမခွဲခြားဘူး။ သားချစ် မြတ်နိုးဖို့ပဲအဓိကဟု ပြောခဲ့တဲ့စကားတွေကြောင့် မိမိမှာ ငြင်းပယ်ခွင့်မရှိ ဖြစ်နေသည်။

'ထွေး့ကို သား အရမ်းပဲချစ်မြတ်နိုးရပါတယ်လို့ ပထမဆုံး ပြောချင်ပါတယ် မာမီ'

'အင်းလေ၊ မာမီသိသားပဲ။ ချောချောကိုတောင် မာမီ သားမှ မကျေညီတာပဲကြည့်'

'တစ်ခုတော့ရှိပါတယ်၊ မာမီ။ နုနုထွေး့အမေက ကိုယ်ရေ ပြားရောဂါသည် ဖြစ်နေပါတယ်'

'ဟင်'

မိမိသိပြီးသားပဲ။ သားက လက်ခံတယ်ဆိုတာလည်း သိနေ သည်။ ဘယ်လိုတားဆီးရမလဲ။ စိတ်သောကတွေနှင့် အအိပ်၊ အစား တွေပင် ပျက်နေ၏။

နုနုထွေး့ကိုတော့ အရှုံးမပေးနိုင်၊ ရတဲ့နည်းနဲ့ တားမယ်။ ကိုယ်ရေပြားရောဂါသည်ဟု သားက ပြောလိုက်သဖြင့် ဒေါ်ထိပ်တင် ရတာမှာ တားဆီးဖို့ ဖြစ်သွားသည်။





'ဖြစ်ပါ့မလား၊ သားရယ်။ ဆင်းရဲတာ၊ ချမ်းသာတာက အရေးမကြီးပေမယ့် ရောဂါသည်ကြီးကို မာမီရော၊ သားရောက လက် ခံနိုင်ပေမယ့် ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမဲ့စရာ ဖြစ်ပါမယ်'

'မာမီ လက်ခံပေးဖို့ပါပဲ။ ပွဲထုတ်မှာမှ မဟုတ်တာ။ မာမီ ကိုယ်တိုင် တစ်ကြိမ်တစ်ခါလောက်ပဲ တွေ့ပြီး တောင်းပေးပါ။ ထွေး့ အမေကလည်း သမီးရဲ့ဘဝရေးရေးမှာ မနှောင့်ယှက်ချင်ပါဘူး'

အလကားဟာမ၊ ညည်းအကြံတွေ ငါမသိဘဲနေမလား။ ညည်းလွှတ်လိုက်တာပဲ။ ငါ့ကို လက်စားချေဖို့လေ။ နင်က သမီးကို သက်သပ်မွေးထားပြီး အသုံးချတာ။ ငါလာပြီး ဒူးထောက်ဖို့မဟုတ် သား။

ဒေါ်ထိပ်တင်ရတာမှာ ဒေါသတွေကို အနိုင်နိုင် ထိန်းချုပ်ထား ရသည်။

'မာမီ လက်ခံပေးပါ။ မိဘဆိုတာ မိဘပါပဲ။ လက်ခံပေးပါ နော်။ သားကိုချစ်တယ်မဟုတ်လား၊ နော်...မာမီ'

'မင်း အသေအချာဆုံးဖြတ်ထားပြီးပြီလား၊ သားရယ်။ မာမီ ကတော့ သားရဲ့ဂုဏ်သိက္ခာကို အကြီးမားဆုံး ထိခိုက်နစ်နာမယ်ထင် တာပဲ'

'သားဂုဏ်သိက္ခာထက် ထွေး့ကို ပိုပြီးတန်ဖိုးထားရပါတယ်။ မဖြစ်မနေ လက်ထပ်မယ်။ ထွေး့ကို အလေးအနက် တန်ဖိုးထားရှင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ မာမီ၊ ထွဋ်မေမေဖြစ်ရတာ မိန်းမတစ်ယောက်ကြောင့်ပဲ။ သူတို့မိသားစုဘ၀ကို ဖျက်ဆီးဖြစ်ခဲ့တာပါ။ အဲဒီမိန်းမက ထွဋ်အဖေကို အတင်းအကျပ် လုယူခဲ့တာပါ။ ထွဋ်မေမေက ကိုယ်ဝန်အရင့်အမာကြီးနဲ့လေ'

နုနုထွဋ်၊ ညည်းက ကျုပ်ကို အမြဲတမ်းထိုးနက်ဖို့ ကြိုးစားနေတာပဲ။ မိမိအား အသေသတ်ပစ်လိုက်တာထက်ပင် နာကျင်ရသည်။

ရင်တွေတုန်လိုက်တာ။ သားသိလို့ မဖြစ်ပါဘူး။ မိမိဂုဏ်သိက္ခာတွေ အဖတ်ဆယ်လို့မရအောင် ဖြစ်သွားနိုင်သည်။

'တော်တော်လေး ရက်စက်ယုတ်မာတာပဲ၊ မာမီ။ လင်ကြီးရှိရက်နဲ့ သူ့အဖေကို လုတာတဲ့။ သူ့အဖေက ရိုးအတယ်။ သူ့အမေကို အရမ်းချစ်တာတဲ့။ ထွဋ်မေမေ သွေးနုနုနဲ့ စိတ်လေလွင့်ပြီး နေချင်သလိုနေလို့ ရောဂါရသွားတာပါတဲ့'

'တော်ပါတော့ သားရယ်။ စိတ်မချမ်းမြေ့စရာတွေ ဆက်မပြောပါနဲ့တော့။ မာမီ မကြားပါရစေနဲ့တော့'

မိမိနေရာမှာပင် လဲပြိုကျသေမတတ်ပဲ၊ စိတ်တွေ ချောက်ချားလာသည်။

သားက အရှက်မရှိတဲ့မိန်းမတဲ့၊ ယုတ်မာကောက်ကျစ်ပြီး အကြံပက်စက်လွန်းတယ်တဲ့။ ဒေါ်ထိပ်တင်ရတနာ ထလိုက်၏။ သားစကားတွေကို ဆက်ပြီးနားမထောင်ရဲတော့။





နုနုထွဋ်ကို တားဆီးရမယ်။ မိမိမှာ ဆုပ်လည်းစူး စားလည်းရူး။ အမလေး၊ ဘယ်လိုလုပ်ရမလဲ။ နုနုထွဋ်ကို တစ်စစီဖြစ်အောင် ရုတ်ဖြဲပစ်ချင်လာသည်။

'စိတ်မကောင်းစရာပါပဲ။ မာမီလက်ခံတယ်။ စဉ်းစားပေးမယ်။ မိန်းမချင်း ကိုယ်ချင်းစာပါတယ်ကွယ်'

'မာမီ နားလည်ပေးလို့ တော်ပါသေးတယ်။ တစ်ခြကြိမ်ပဲတွေ့ပေးပါ။ ထွဋ်မေမေ ဒေါ်သီတာတင်က စိတ်ထားနူးညံ့ပါတယ်။ သမီးကိုတောင် စွန့်ခွာပစ်ဖို့ စဉ်းစားနေတာပါ၊ ထွဋ်က သူ့အမေကို အရမ်းချစ်တော့ မေမေ့ကို လက်မခံတဲ့ယောကျ်ားကို သမီး ဘယ်တော့မှ လက်မထပ်ဘူးလို့ ပြောခဲ့တာပါ'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ မေမေ နားလည်ပါတယ်။ တွေ့ကြတာပေါ့ကွယ်'

ဒေါ်ထိပ်တင်ရတနာ အပေါ်ထပ်ကို တက်လာခဲ့သည်။

ချောချောလည်း မရှိဘူး၊ အိမ်ဖော်အသစ်နှစ်ယောက် ရောက်လာပေမယ့် အားမကိုးရ။ ချောချောကပဲ လိုလေသေးမရှိအောင် တယုတယ မိခင်လို ပြုစုပေးတာပါ။

ဒေါ်ထိပ်တင်ရတနာ ဘယ်လိုတားဆီးရမလဲ။ နုနုထွဋ်ရဲ့ ခြေလှမ်းတွေက ကြောက်စရာကောင်းသည်။

'သားသိလို့မဖြစ်ဘူး။ ဘယ်လိုလုပ်ရမလဲ၊ သီတာတင်ကို



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ရမလားပဲ။ နှင့်သမီးကို နောက်ဆုတ်ခိုင်းပေးဖို့ ဒင်းကို တိုင်က လွှတ်လိုက်တာ။ ငါ့သားကိုများ'

ဒေါ်ထိပ်တင်ရတနာ တစ်ယောက်တည်း ဒေါသတွေ ထောင်းကွဲနေရသည်။

နုနုထွဋ်ဆီကို မိမိရောက်သွား၏။ မိမိဆီမှာ သော့အိုး ဖွင့်လိုက်သည်၊ မရ။

ဒင်းက သော့ပြောင်းတတ်ပစ်လိုက်ပြီပဲ။ ညည်းကို ငါမသော ပါဘူး။ ညည်းကြောင့် ထောင်ထဲမဝင်ဘူး။

ဒေါ်ထိပ်တင်ရတနာ တံခါးကို ခေါက်ပစ်လိုက်၏။ ကိုယ် တဲ့ တိုက်ကြီးထဲမှာ ဒင်းက လာပြီးမင်းမူနေသေးသည်။

'ဝင်ပါ၊ မာမီ'

'ညည်း'

'မကြာခင် မောင်နဲ့ လက်ထပ်မှာမို့ ခေါ်ကျင့်ရအောင် ကြည့်တာပါ၊ မာမီ'

'နုနုထွဋ်'

'ပြောပါ'

'ကျုပ်သားကို ဒုက္ခမပေးပါနဲ့။ ကျုပ်တောင်းပန်ပါတယ် ညည်းလက်ထပ်ပါ။ စည်းစိမ်ဥစ္စာတွေအားလုံး ညည်းပဲ ယူ ငါ ညည်းအမေကိုလည်း သွားတောင်းပန်ပါ့မယ်'





'ကျွန်မ ပြောထားပြီးပြီပဲ။ ဒေါ်ထိပ်တင်ရတနာလုပ်ရမယ့် ထိစွလေ'

'တောက်'

'ခံလိုက်ရတာ မေမေပါ'

'တော်စမ်းပါအေ၊ ထားလိုက်ပါတော့။ ညည်းပါးစပ်ကို ပိတ်ထားပါ'

'ချောချောကို ဘယ်လိုလုပ်ပြီး သတ္တိတွေရှိလာအောင် ရိုက်သွင်းလေ့ကျင့်ပေးလိုက်လဲ'

'ကျုပ်မသိဘူး။ အဲဒါ သူ့ဟာသူ အရူးထတာ'

'အဟွန်း...အဟွန်း...ဟွန်း'

သူမ ရယ်မောပစ်မိသည်။

ဒေါ်ထိပ်တင်ရတနာမျက်နှာက ညို့မောင်းပိန်ချုံးနေသည်။ သောကတွေ ဘယ်လောက်အထိရောက်နေပြီလဲ။ နုနုထွဋ်ဖြစ်ချေချင်တာပဲ။

သူ့သားကို ဆက်မပြောတော့ဘဲ ရပ်တန်းက ရပ်ဖို့ပဲ ပြောနေသည်။

'သီတာတင်ကို ငါသွားတွေ့မယ်။ တောင်းပန်မယ်။ ပြီးခဲ့တာတွေ ပြီးပြီပဲ။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်။ ကိုသစ်လွင်သမီးနဲ့ပဲလေ။ ညည်းရင်ထဲကအမုန်းတွေကို အဆုံးသတ်ပါတော့'



www.burmeseclassic.com

www.burmeseclassic.com



'အဆုံးမသတ်နိုင်ပါဘူး၊ ဒေါ်ထိပ်တင်ရတနာ။ ရေကုန်ရေခမ်းပဲ။ စိန်ခေါ်ထားကြတာလေ။ တိမ်ပေါ်အထိ တက်ရအောင်'

ဒေါ်ထိပ်တင်ရတနာ ချာခနဲ လှည့်ထွက်သွားသည်။

သူမ အုလိုက်သဲလိုက် ရယ်မောပစ်မိ၏။ ပြီးတော့မှ အရယ်ရပ်ပြီး ငိုပစ်ချင်သည်။

သူမရင်ထဲသို့ နာကျင်ကြေကွဲမှုတွေ ဘယ်ကနေ ရောက်လာရတာလဲ။ MD ဖန်နေဝန်းလ်ကို သူမ တကယ်ပဲမုန်းနိုင်လို့လား။ စွန့်ခွာနိုင်ရဲ့လား။

မောင်နဲ့ ထွေး့တို့ အတူတူပေါင်းဖက်လို့ မဖြစ်နိုင်ပါဘူး။ မေမေကိုယ်တိုင် လက်ခံမှာမဟုတ်။ အန်တီမာလာတင်ပင် ဒေါ်ထိပ်တင်ရတနာရဲ့သွေးကို ရွံတယ်တဲ့။ ဘယ်လိုမှ မဖြစ်ဘူးနော်တဲ့။

သူမ ငြိမ်သက်သွားသည်။

'ထွေး့ကို မောင်အရမ်းချစ်တယ်၊ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်'

'မောင်ရယ်'

ထွေး့ ဘာဖြစ်လို့ စိတ်ခံစားတွေ ဒီလောက်အထိ ပျော့ညံ့နေရတာလဲ။

မောင့်အနမ်းတွေကို ချိုမြိန်သည်ဟု ထင်နေခဲ့သည်။

ဒေါ်ထိပ်တင်ရတနာရဲ့သားကို မချစ်မိအောင် ထွေး့ ကြိုးစားရမှာပါ။ မေမေ့ ကိုတောင် အလွယ်တကူလက်ခံခဲ့တဲ့ ယောကျ်ား။





ထွေး့က ဘယ်လိုအကြောင်းတွေနဲ့ ရောက်လာရတာလည်း ဆိုတာ မောင်သိရင် အံ့ဩစွာ မောင့်အမုန်းတွေကို ထွေး့ မခံယူနိုင်ဘဲ ဖြစ်နေရသည်။

'ထိပ်တင်ရတနာရဲ့သားကို အတိတ်က သူ့အမေရဲ့ ယုတ်မာကောက်ကျစ်မှုတွေကို ဖွင့်ပြောပြလိုက်တော့။ ထွေး့လေး ပြန်လာပါ။ ထိပ်တင်ရတနာရဲ့သားအပေါ် လုံးဝသံယောဇဉ်တွယ်လို့ မဖြစ်ဘူးနော်'

အန်တီမာလာတင်က စိတ်ပူပြီး ပြန်ခေါ်နေသည်။ ထွေး့ မပြန်နိုင်။ မောင့်အမုန်းတွေကို ခံယူဖို့မှ မဖြစ်နိုင်သေးတာ။

မာကျောတဲ့ သူမရဲ့ ကျောက်ဆောင်လို နှလုံးသားတွေက ရေလှိုင်းပုတ်ခတ်မှုကြောင့်ပဲ ကြေမွပြုနေပြီလား။ တဖြည်းဖြည်း မောင့်ကို ချစ်နေမိသည်။

'ညည်းကို တောင်းပန်ပါတယ်၊ နုနုထွေး့ရယ်။ ရပ်တန်းကရပ်ပါ။ စည်းစိမ်ဥစ္စာတွေယူပြီး ငါ့သားကို လက်ထပ်ပါ။ ငါ့ရဲ့ အတိတ်ကအကြောင်းတွေ ဖွင့်ဟဖို့ မကြိုးစားပါနဲ့တော့အေ'

ဒေါ်ထိပ်တင်ရတနာရဲ့စကားတွေကို သူမ လက်ခံလိုက်လို့ မဖြစ်ဘူး။ မေမေက ထွေး့ကို ကြိမ်းသေ သမီးအဖြစ်ကနေ စွန့်လွှတ်ပစ်မှာပါ။

ဖွင့်မပြောဘဲ ရင်ထဲမှာကြိတ်ပြီး မုန်းတီးနေတဲ့ မေမေ့ခံစားချက်က ပို၍ပြင်းထန်ပေါက်ကွဲနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မသီတာတင်က ကြိတ်ပြီး ခံစားနေတာပါ ထွင့်လေး။ ထိပ်တင်ရတနာဆိုတဲ့ နာမည်ကိုတောင် ပြောလို့မရဘူး။ သမီးအတွက် သည်းခံနေတာ။ အကောင်းဆုံးက ပြန်လာခဲ့တော့'

အန်တီမာလာတင်က မောင့်ကို ထွင့်ချစ်သွားမှာ အစိုးရိမ်ဆုံး ပင်။ ဒီလောက်ဆိုရင် တော်ပါပြီတဲ့၊ ပြန်လာခဲ့တဲ့။ လက်ထပ်ဖို့အထိ လုံးဝစိတ်မကူးပါနဲ့တဲ့။

အခြေအနေတွေက ဒေါ်ထိပ်တင်ရတနာ လုံးဝရှုံးနေပြီး ထွင့်နိုင်နေပါပြီ။

အားလုံး မော်ထုတ်ပြကာ ထွင့်ပြန်ဖို့ပဲ ရှိသည်။

■ ■ ■



## အခန်း (၁၅)

ထွင့် တွေဝေနေတယ်။ မောင့်ကိုစွန့်ခွာဖို့ ထွင့် အခက်ခဲဆုံး ဖြစ်နေသည်။

နောင်တတွေလည်း ရလာ၏။ ထွင့် မှားသွားပြီလား။

မောင့်မာမီလည်း အိပ်ရာထဲ လဲလုမတတ် သောကတွေ ခံစားနေသည်။ ထွင့် ကျေနပ်မိသလို၊ ဒေါ်ထိပ်တင်ရတနာရဲ့သား ကိုဖန်နေဝန်းလ်ကို စွန့်လွှတ်ဖို့တော့ သူမနှလုံးသားတွေ နာကျင်နေရှာ၏။

ထွင့်ပြန်တော့မယ်။ မေမေသိသွားရင် ဒေါသထွက်မှာပါ။ ဘာပဲဖြစ်ဖြစ် ကိုဖန်နေဝန်းလ်ကို ထွင့် စွန့်လွှတ်ရမယ်။ သူက ထွင့်နှင့်လက်ထပ်ဖို့ မေမေ့ကိုတွေ့ဖို့ ပြင်ဆင်နေသည်။

'မောင့်ယောက္ခမကို တွေ့ရမယ်။ ထွင့်မေမေကို မောင် အရမ်းသနားတာပဲ။ အားပေးရမယ်။ ထွင့်မေမေ့ကို မောင်[illegible] လက်ခံရမယ်။ မောင်တို့ အမြန်ဆုံးလက်ထပ်ကြရအောင်'



www.burmeseclassic.com

www.burmeseclassic.com



မောင်က သူမထံတွင် တတွတ်တွတ် တောင်းဆိုနေသည်။ မင်္ဂလာပွဲကျင်းပဖို့ကအစ ပြင်ဆင်နေ၏။ သူမ တားဆီးရသည်။

'လက်ထပ်ပွဲအတွက်တော့ မပြင်ဆင်ပါနဲ့ဦး။ မောင့်မေမေဆီမှာ ခွင့်တောင်းရဦးမယ်'

'မောင်တို့ သွားတွေ့မယ်။ အမြန်ဆုံးတွေ့ရမယ်။ မာမီ့ကိုလည်း ခေါ်သွားမယ်။ ထွေး့ ဘာဖြစ်လို့ ငြင်းပယ်နေရတာလဲ။ ဘာကြောင့်လဲကွာ၊ ဒီတစ်ပတ်အတွင်း တရားရုံးမှာ လက်ထပ်မယ်။ မောင် အားလုံးစီစဉ်ထားပြီးပြီ'

'မဖြစ်နိုင်ဘူးထင်တယ် မောင်။ မေမေက အတွေ့ခံမှာ မဟုတ်ပါဘူး။ မောင်အလျှော့တကြီး မစီစဉ်ပါနဲ့ဦး'

ထွေး့ ပြန်တော့မယ်။

ကျွန်မတို့မိသားစုကို ဒုက္ခကောင်ကောင်းပေးသွားတာ ရှင့်အမေပါပဲလို့ ပြောပြီး ပြန်ရမှာပါ။

ဒေါ်ထိပ်တင်ရတနာကတော့ စည်းစိမ်ရတနာတွေ ပေးအပ်နေသည်။ သူ့အတိတ်အကြောင်းတွေ မဖော်ထုတ်ဖို့ပါပဲ။ မေမေ့ဆီမှာလည်း သွားတောင်းပန်ပါ့မယ်တဲ့။ မေမေ ဘယ်တော့မှ လက်ခံမှာ မဟုတ်။

ထွေး့လုပ်ရပ်ကိုလည်း မေမေ လက်ခံမှာမဟုတ်။

ပြီးတော့လည်း ထွေး့နှလုံးသားတွေက မောင့်ကို ချစ်သည်။





'မောင့်ကိုစွန့်ခွာသွားဖို့ ထွေး့ လုံးဝမကြိုးစားပါနဲ့ကွာ။ ထွေး့မေမေကြောင့်ဆိုပြီး အကြောင်းမပြပါနဲ့။ မောင်လက်မခံနိုင်ဘူး'

ထွေး့လက်လေးကို မောင် တင်းကျပ်စွာ ဆုပ်ကိုင်ရင်း တောင်းပန်သည်။ ထွေး့က ဘယ်လိုမိန်းကလေးတစ်ယောက်လဲဆိုတာ မောင် သိလိုက်ရင်ရော။

ဒေါ်ထိပ်တင်ရတနာက သူမအား သတ်ပစ်ချင်နေ၏။ ချောချောကို အကွက်ဆင်လုပ်ကြံစေတာပါ။ ချောချော ထောင်ဒဏ်ကျခံရဖို့ဖြစ်နေတာ ဒေါ်ထိပ်တင်ရတနာက ဥပက္ခာပြုနေသည်။

'ထွေး့ကိုလုပ်ကြံတာ မာမီ လုံးဝသည်းမခံနိုင်ဘူး။ ပစ်ထားလိုက်ပါ'

ဒေါ်ထိပ်တင်ရတနာက အမှုပိတ်မှာစိုး၍ ရှောင်နေသည်။ ထွေး့ ပြဿနာကို ဖောက်ခွဲပြီး ပြန်သင့်နေပါပြီ။ သူမ လေးလံတွေဝေနေခဲ့၏။ ဒေါ်ထိပ်တင်ရတနာကို စတင်စိန်ခေါ်တာ နုနုထွေး့ပါ။ အနိုင်လည်း ရနေပြီပဲ၊ ပြန်ရမယ်။

ထွေး့ နှောင့်နှေးနေတာတော့ အမှန်ပဲ ဖြစ်သည်။

'ညည်းကို ကျုပ်အရှုံးပေးပါတယ်၊ နုနုထွေး့။ ငါ့သားကိုညည်း တစ်သက်လုံး စိတ်သောကရောက်အောင် လုပ်မသွားပါနဲ့ တောင်းပန်... (?)

'ဒေါ်ထိပ်တင်ရတနာရဲ့သားက လက်ထပ်ချင်နေတာ ... ကျွန်မမှာ ဆန္ဒမရှိပါဘူး။ မကြာခင် ကျွန်မပြန်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ညည်း…ညည်း၊ ပြန်ကာနီး ကျုပ်တို့သားအမိ စိတ်ဝမ်းကွဲအောင် လုပ်မှာလား။ ကျုပ်အတိတ်အကြောင်းတွေကို ညည်း ထုတ်ဖော်ပြောမှာမဟုတ်လား'

'အင်း'

'နုနုထွေး'

'ပြောဖို့ရောက်လာတာပဲ။ ဒေါ်ထိပ်တင်ရတနာ ကျွန်မရဲ့နောက်ဆုံးရည်ရွယ်ချက်က ရှင်ကြီးရဲ့ အတိတ်အကြောင်းတွေကို ဖော်ထုတ်ဖို့လေ'

'မလုပ်ပါနဲ့၊ ကျုပ်တောင်းပန်ပါတယ် နုနုထွေး။ သားကို မသိစေချင်ဘူး။ ညည်း မပြောပါနဲ့။ ကျုပ်ဘာလုပ်ပေးရမလဲ'

'ရှင်ကြီးဆီက ဘာမှမလိုချင်ပါဘူး။ ရှင့်သားက ရှင့်ကို အမြဲတမ်း အထင်သေးနေစေရမယ်။ အခု ကျွန်မကို အရမ်းချစ်နေပြီလေ။ တမ်းတမ်းစွဲပဲ၊ ဘယ်လိုလုပ်မလဲ'

'ကျုပ်တောင်းပန်ပါတယ်၊ နုနုထွေးရယ်။ ကျုပ်သီတာတင်ဆီ သွားပြီး တောင်းပန်ပါ့မယ်။ ဒူးထောက်တောင်းပန်ပေးရမလား၊ ပြောစမ်းပါ'

'ကျွန်မအမေက လက်ခံမှာမဟုတ်ဘူး။ သွားတောင်းပန်နေလည်း မလိုဘူး။ မကြာခင် ကျွန်မပြန်တော့မယ်'

'ညည်း တစ်နေ့ကျုပ်အကြောင်း ပြရသေးတာပေါ့၊ နုနုထွေး စောင့်ကြည့်နေလေ'





နုနုထွေးအမေ သီတာတင် ဘယ်မှာနေလဲဆိုတာ မသိ။ သားဆီမှာ အလုပ်ဝင်စဉ်က လိပ်စာအတုပဲနေမှာပါ။ ဉာဏ်များလိုက်တဲ့ကောင်မပဲ။

ဒေါ်ထိပ်တင်ရတနာ မောဟိုက်လာသည်။

'မောလိုက်တာ။ အမလေး၊ အသက်ရှူလို့တောင် မရတော့ဘူး။ မြခင်…ဟဲ့…မြခင်'

သူမရှေ့မှာ ဒေါ်ထိပ်တင်ရတနာ မောနေသည်။ မျက်နှာဖြူဖြူ ညိုမည်းနေ၏။ အသက်ရှူမဝသလိုပင်။

နုနုထွေး ကြည့်နေမိ၏။ ဒေါ်ထိပ်တင်ရတနာရဲ့မျက်ဝန်းတွေ ဖြူးကျယ်ဝိုင်းစက်ကာ ဆရာဝန်ဆီ ဖုန်းဆက်ပေးရန် တောင်းဆိုနေပုံပင်။

ထွေး ကျေနပ်သွားရသည်။ သူမ အပြင်ထွက်လာခဲ့၏။ နုနုထွေး ပြန်တော့မယ်။ မောင့်ကို ထားခဲ့တာ သူမ အလုပ်သင့်ဆုံး အလုပ်ပါပဲ။

ဒေါ်ထိပ်တင်ရတနာ တော်တော် လေး လူးလိမ့်ခံစားနေတာ ကြည့်ပြီးမှ ဆရာဝန်ဆီ ဖုန်းဆက်လိုက်သည်။

'ဒေါ်ထိပ်တင်ရတနာကို ဒီလောက်အထိ နှိပ်စက်ရတာပဲ ကျွန်မ ကျေနပ်ပါပြီ။ နှုတ်ဆက်ပါတယ်၊ ကျွန်မပြန်ပါတော့မယ်'

'ညည်း…ညည်း၊ ကျုပ်သားကို ကျုပ်အတိတ်အကြောင်းတွေ မပြောပြပါနဲ့။ ညည်းနိုင်ပါတယ်၊ ကျုပ်အရှုံးပေးပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မကြာခင် ဆရာဝန်ရောက်လာတော့မယ်။ ကျွန်မပြန်မှာပါ။ ဒေါ်ထိပ်တင်ရတနာကို မုန်းတီးရွံရှာနေပေမယ့် မောင့်မျက်နှာကိုငဲ့ညှာ ထောက်ထားပြီး မပြောတော့ပါဘူး'

'ညည်း…ညည်း၊ ကျုပ်သားကို လက်မထပ်တော့ဘူးပေါ့။ ကျုပ်အတိတ်တွေကို'

'ဟုတ်တယ်၊ ကျွန်မ ဒီလောက်နဲ့ပဲ ကျေနပ်သွားပါပြီ။ ကျွန်မ လုံးဝမပြောတော့ပါဘူး။ ကိုယ့်သားကိုပဲ တားဆီးထိန်းချုပ်ထားပေ'

ဆရာဝန်ရောက်လာ၍ နုနုထွင့် အခန်းထဲကနေ ထွက်လာခဲ့ သည်။ သူမပြန်တော့မယ်။ အတိတ်ကိုလည်း ထားခဲ့လိုက်ပြီဖြစ်၍ မောင်နှင့် ဆက်နေဖို့ မဖြစ်နိုင်တော့လို့ပါ။'

ကိုဖန်နေဝန်းလ်ကို မုန်းပစ်ချင်တယ်။ လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူမ ပစ္စည်းတွေ သိမ်းသည်။

'ကျွန်မတောင်းပန်ပါတယ်။ အပြစ်ကင်းမဲ့တဲ့ မောင့်ကို ဒဏ် နာတွေ ပေးထားခဲ့မိလို့ပါ။ မေမေကလည်း မောင့်ကို လုံးဝလက်ခံမှာ မဟုတ်လို့ပါ'

ဒေါ်ထိပ်တင်ရတနာ အနားယူနေကြောင်း၊ အားနည်း ကြောင်း ဆရာဝန်က ပြောသွားသည်။ နုနုထွင့် ကြားချင်တော့ ဘူး။ ကိုဖန်နေဝန်းလ်က ဈေးစပ်ပွဲကိစ္စတွေ စီစဉ်ဖို့ အပြင်ထွက်နေ အချိန်တွင် သူမ ထွက်လာခဲ့သည်။





'နုနုထွင့်'

'စိတ်ချပါ၊ ကျွန်မ အတိတ်ကို ပြည်ဖုံးကာချပစ်လိုက်ပါပြီ။ ဒီလောက်ပါပဲ'

'ညည်းရဲ့ နစ်နာကြေးအတွက် ညည်းတို့သားအမိ ဒုက္ခ ရောက်ခဲ့ရတဲ့အတွက် ကျုပ် ညည်းနာမည်နဲ့ ဘဏ်မှာ သိန်းနှစ်ထောင် အပ်ပေးပါ့မယ်။ ပြီးတော့ ကားတစ်စီး၊ တိုက်တစ်လုံး'

'ဆက်မပြောပါနဲ့တော့၊ ဒေါ်ထိပ်တင်ရတနာ။ ကျွန်မ အား လုံးကို ရုပ်ပစ်လိုက်ပါပြီ၊ မလိုပါဘူး။ ဘာမှမပေးပါနဲ့။ အရှုံးရှာ ပြီးဆုံးနေပါပြီ'

ဒီပြဿနာက မအေးချမ်းသေးဘူးဆိုတာ ဒေါ်ထိပ်တင်ရတနာ သိသည်။ ပြန်တွေးကြည့်တော့ သီတာတင်နစ်နာခဲ့တာပဲ။ မာနနဲ့ ထောက်ပံ့တဲ့ ငွေတွေ၊ အိမ်တွေကို လက်မခံ၊ မိမိလည်း အသက်ကြီး လာမှ နောင်တတွေ ရနေခဲ့တာပဲ။ ဆရာဝန်က အနားယူဖို့ ပြောခဲ့သည်။

'ကျွန်မဘဝကို ကျွန်မ ရပ်တည်နိုင်ပါတယ်။ တစ်ခုပဲ သတိ ပေးချင်တာက ဒေါ်ထိပ်တင်ရတနာရဲ့သား လာပြီး မဝတ်သက်ပါစေနဲ့။ ခင်ကြီးရဲ့ အတိတ်အကြောင်းတွေ မပေါ်စေချင်ရင်ပေါ့'

မိမိက သားကို ဘယ်လိုတားဆီးရမလဲ။ နုနုထွင့်ကို လက် ထပ်ဖို့ကိစ္စတွေ အကြီးအကျယ် စီစဉ်နေသည်။ အခုတောင် ဈေးစပ်ပွဲ အဖို့ သွားစီစဉ်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



နုနုထွေး ပြန်ထွက်သွားပေမယ့် ခေါ်ထိပ်တင်ရတာနာ
နိုင်။ သားကို ရင်ဆိုင်ဖို့တွေ၊ နုနုထွေးအား မုန်းတီးနာကြည်းသွား
ဘယ်လိုပြောပြရမလဲ။

သားမပတ်သက်တော့ရင် ပြဿနာက အေးချမ်းသွား
သည်။

'မာမီကြီး၊ ဆရာဝန်ခေါ်ရတယ်ဆို၊ ဘာဖြစ်လို့လဲ'

'ကျိမ်းစ်ဘွန်း'

'ပြောပါ၊ မာမီကြီး'

'နုနုထွေး ပြန်သွားပြီ'

'ဟင်…ဘာဖြစ်လို့လဲ'

'မာမီကြီး မောင်းထုတ်ပစ်လိုက်တာပါ'

'ပြဿနာပဲ မာမီကြီး၊ MD က နုနုထွေးကို အရမ်းချစ်တာ
လက်ထပ်ဖို့ကိစ္စတွေ စီစဉ်နေတယ်၊ အရှုပ်အရှင်းပဲ။ မာမီကြီးပဲ ချွေး
အဖြစ် လက်ခံတယ်ဆို'

'သားရှေ့မှာရှိပါ။ သူ့အမေက ကိုယ်ရေပြားရောဂါသည်ကြီး'

'ဗျာ'

'ဒီမိန်းကလေးက သားကို ငွေကြေးဥစ္စာတွေကြောင့် အပို
ချူပ်တာပဲ။ ကျိမ်းစ်ဘွန်း စဉ်းစားကြည့်လေ။ ချောချောက သိနေတယ်
ဒါကြောင့် လုပ်ကြံတာပါ။ ပြီးတော့ မာမီကြီးကို သေကြောင်းကြံတယ်'





'ဘာဖြစ်လို့လဲ'

'စောစောက မာမီကြီး အသက်ရှူကျပ်ပြီး မောနေတာ ဆရာ
ခေါ်မပေးဘူး။ အကြာကြီးနေမှ မာမီကြီး အတင်းအကျပ်တောင်း
မှ ခေါ်ပေးတယ်။ သူ့အမေဆီသွားတောင်းဖို့ဆိုတာ မဖြစ်နိုင်ဘူး'

'MD သိလား'

'သိတယ်၊ မင်းဆရာရဲ့ ဂုဏ်သိက္ခာအတွက်ပါ။ နုနုထွေးက
တဲ့အစည်နဲ့ ဒီကိုရောက်လာတာပါ'

'ဘယ်ဖြစ်မလဲ။ MD ဂုဏ်သိက္ခာရှိသေးတယ်။ ထွက်သွား
တာ ကောင်းပါတယ်။ နုနုထွေးရောက်လာမှ ကျွန်တော်တို့ တိုက်ကြီးထဲ
လည်း ရှုပ်ထွေးနေတယ်။ နုနုထွေးကိုကြည့်ရတာ ထင်တောင်
ထင်ရဘူး'

'မာမီကြီး သိတယ်။ ပထမတော့ ဘယ်ထင်မလဲ။ နောက်မှ
ဖြည်းဖြည်း သိလာရတာ။ သူ့အမေ ကိုယ်ရေပြားရောဂါသည်ကြီး
ဘယ်လိုပွဲထုတ်မလဲ၊ ကျိမ်းစ်ဘွန်းရယ်။ မင်းဆရာကို ကြည့်ပြီး
ပြောဆိုတားဆီးပေးပါဦး'

'ကျွန်တော် တားဆီးမယ်၊ စိတ်မပူနဲ့။ ဘယ်ဖြစ်မလဲ MD
က လက်ခံပေမယ့် မဖြစ်နိုင်တာပဲ။ ဆရာ့ဂုဏ်သိက္ခာတွေ အထိနိုက်
ခံနိုင်ဘူး'

ကျိမ်းစ်ဘွန်းကို စည်းရုံးသိမ်းသွင်းနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ချောချောကိုလည်း သက်သက်၊ မညှာမတာ ရဲကိုက်
တယ်။ မာမီကြီးတို့ ပြဿနာတက်ပြီး သိက္ခာကျအောင်ပါ။ ချော
ကို အလုပ်ထုတ်ပစ်လိုက်ရင်လည်း ပြီးတာပဲ'

သားပြန်ရောက်လာတော့ နုနုထွဋ်ကို မေးသည်။ စေ့စပ်
ကိစ္စအတွက် ဟိုတယ်တောင် ငှားထားပြီးပြီတဲ့။ နုနုထွဋ်မိခင်န
တွေ့ဖို့ စီစဉ်နေ၏။

နုနုထွဋ် ပြန်သွားပြီဆိုတော့ သားဒေါသတွေ ပေါက်ကွဲတော
သည်။

'ထွဋ်ထွက်သွားမှာကို သားအရမ်းစိုးရိမ်သောကတွေ ရော
ခဲ့ရတာပါ။ မာမီကြောင့်ပဲ။ ထွဋ်မေမေကို မာမီလက်မခံနိုင်တာ မဟုတ်
လား။ မာမီ ကိုယ်ချင်းစာပါဗျာ။ သူတို့မိသားစု မိန်းမတစ်ယောက်
ရဲ့ ရက်စက်မှုကြောင့်'

'တိတ်စမ်း သား၊ မင်း ဆက်မပြောနဲ့တော့။ အဲဒါ သူ့
အတိတ်ပဲ။ ပြီးတော့လည်း နုနုထွဋ်က အကြံနဲ့ရောက်လာတာ
ဒီနေ့မှ မာမီသိတာ။ မင်းတပည့် ဂျိမ်းစ်ဘွန်းကိုပဲ မေးကြည့်တော့'

သားပြောနေတဲ့စကားတွေကို ဒေါ်ထိပ်တင်ရတာမှာ မကြား
တော့ပါဘူး။ အဲဒီမိန်းမက မိမိပဲဆိုတာ သားသိရင် အမလေး၊ ရှ
တယ်။

သားမျက်နှာကိုပင် မကြည့်ရဲတော့ဘဲ အိမ်ပေါ်ထပ်ကို ပြ
တက်လာခဲ့သည်။





'ဂျိမ်းစ်ဘွန်း'

'ဗျာ'

'ဘာတွေဖြစ်တာလဲ။ ထွဋ်နဲ့ မေမေ ဘာတွေဖြစ်သွားတာ
ပဲ။ ပြောစမ်းပါ'

'မာမီကြီးက နုနုထွဋ်အမေကို လက်မခံချင်ဘူး MD။ ပြီး
တော့လည်း ဒီနေ့ မာမီကြီးမောနေတာ ဆရာဝန်မခေါ်ပေးဘဲ ဒီအတိုင်း
ကြည့်နေတယ်။ တော်တော်မကောင်းတာပဲ။ နုနုထွဋ်က ဟန်ဆောင်
နေတာပါ။ MD ရဲ့ ရိုးသားမှုကို ခုတုံးလုပ်ပြီး'

'အဓိပ္ပာယ်မရှိတာကွာ၊ မဖြစ်နိုင်ဘူး။ နုနုထွဋ်အကြောင်း
ကိုယ်အသိဆုံးပဲ။ မာမီ အထင်လွဲတာ။ ထွဋ်အမေ ဘာပဲဖြစ်ဖြစ်ကွာ၊
ကိုယ်လက်ခံတယ်'

'MD ဂုဏ်သိက္ခာ'

'ဘာဂုဏ်သိက္ခာလဲ၊ ကိုယ်အရမ်းချစ်ရတဲ့မိန်းကလေးပါ။
ကိုယ်လိုက်သွားမယ်။ ထွဋ်နဲ့လက်ထပ်ဖို့ အားလုံးစီစဉ်ထားပြီးပြီ။
ထွဋ်နဲ့ လုံးဝအဝေးမခံနိုင်ဘူး။ ထွဋ်က သူ့ဘဝကို ပွင့်ပွင့်လင်းလင်း
ပြောပြထားတယ်။ ဘယ်လောက်ရိုးသားလဲ'

'MD'

'မနက်ဖြန်ပဲ သွားမယ်။ မင်း ကားစီစဉ်ပါ။ ထွဋ်နောက်ကို
လိုက်သွားမယ်။ ကိုယ်လုံးဝပဲကွာ၊ ထွဋ်ကို မစွန့်လွှတ်နိုင်ဘူး။ ဘယ်
အကြောင်းမျိုးနဲ့ပဲဖြစ်ဖြစ် မစွန့်လွှတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပဲတားတား၊ ထွန်းနောက်ကို လိုက်သွားဖို့ပဲ ဆုံးဖြတ်သည်။ ကိုမ်းစ်ဘွန်းက မာမီနေမကောင်းဘူးတဲ့။ ဖန်နေဝန်းလ် လက်ခံသူနှလုံးသားက ထွင်းကိုမှ မစွန့်လွှတ်နိုင်တာ။ ကိုယ်ရှုးတော့မယ် ထွင်းရယ်။

ချစ်ရသူကို ရှာဖွေဖို့ပဲ ဖန်နေဝန်းလ် စဉ်းစားဆုံးဖြတ်ထားသည်။

■ ■ ■



## အခန်း (၁၆)

'မေမေ'

'ဟင်…သမီးထွင်း၊ ပြန်လာပြီလား။ ရန်ကုန်မှာ အလှစ်အဆင်မပြေဘူးလား'

'မေမေ့ကို သတိရလို့။ စိတ်လည်းမချဘူး။ မေမေ့အနားမှာ နေချင်လို့ပါ'

'ထွင်း၊ အရူးမလေး။ မေမေက နေတတ်ပါတယ်။ မာလာလည်း ရှိနေတာပဲ။ ဘာဖြစ်တာလဲ၊ မေမေပြောထားတယ်လေ။ ကိုယ့်အတက်လမ်းရှာပါလို့'

'ဟင့်အင်း၊ မေမေပျောက်သွားမှာ သမီးအရမ်းကြောက်တယ်။ မေမေစိတ်ဆိုးမှာ၊ ထွင်းကို ခွင့်မလွှတ်မှာ စိုးရိမ်နေတယ်'

မေမေ၊ ထွင်းလေ၊ မောင့်ကို ချစ်မိနေတယ်။ ထွင်းစိတ်တွေ အရမ်းပျော့ညံ့တာပဲ။ ကိုဖန်နေဝန်းလ်လေ၊ အရမ်းဖြူစင်တယ်။ ထွင်းကိုလည်း ချစ်မြတ်နိုးပြီး တန်ဖိုးထားတဲ့ယောကျ်ားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မေမေ အရမ်းမုန်းတဲ့၊ မေမေ့ဘဝကို ဖျက်ဆီးသွားတဲ့ မိန်းမတစ်ယောက်ရဲ့ သားလေ။ ဒေါ်ထိပ်တင်ရတနာက သူ့အတိတ် အကြောင်း သူ့သားသိမှာ ကြောက်နေတယ်။

ထွန်းရဲ့ နောက်ဆုံးရည်မှန်းချက်ကလေ ဒီမိန်းမကြီးကို အရှက် ခွဲပစ်ဖို့၊ သိက္ခာမဲ့သွားစေဖို့ပဲ။

ဒါပေမဲ့ မောင့်ကိုချစ်သွားမိလို့ ထွန်းရည်မှန်းချက်တွေ ပျက်ပြားသွားခဲ့ရပါပြီ။ သမီးကိုယ်တိုင် မောင်သိမှာ ကြောက်နေတယ်။ ထွန်း ဘယ်လိုလုပ်ရမလဲဟင်။ မေမေ့ရင်ခွင်ထဲ တိုးဝင်ပါသည်။

'ထွန်းလေး၊ သမီး ဘာတွေရင်ဆိုင်ကြုံတွေ့လာရလဲကွယ်။ တကယ်ပဲ မေမေ့ကြောင့်လား။ ထွန်းလေးမှာ ချစ်သူရှိနေလား'

'ဟင်'

'မေမေ့ကို လက်မခံလို့လား။ သမီး လမ်းခွဲလာခဲ့တာလား'

'မဟုတ်ပါဘူး မေမေ။ သူက လက်ခံပါတယ်'

'ဘယ်သူကလဲ'

'ဟို…ဟို၊ သမီးက သူ့ကို လက်မခံတာပါ။ အရမ်းချော ပြီး ချမ်းသာတယ်။ ရုပ်ရည်က ချောလွန်းတယ်။ ထွန်းက အဲဒီလို ယောက်ျားမျိုးကို လက်မခံချင်တာပါ'

'မေမေ့ကြောင့်လား၊ အဲဒါတော့ မဖြစ်သင့်ဘူးနော်။ နုနုထွန်း သမီးဘဝရှေ့ရေးအတွက်ပဲ ကြည့်ရမယ်'





'သမီးက ကိုယ့်အစွမ်းအစနဲ့ပဲ ချမ်းသာချင်တာပါ။ ချမ်းသာ တဲ့ယောက်ျားနဲ့ လက်ထပ်ပြီး လုံးဝမချမ်းသာချင်ပါဘူး'

'မေမေကတော့ ထွန်းကို အရမ်းချစ်တဲ့ယောက်ျားတစ်ယောက် နဲ့ လက်ထပ်စေချင်ပြီး စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံနေစေချင်တယ်။ မေမေ့လောဘထင်တယ်'

မောင့်အကြောင်းတွေ ရင်ဖွင့်မိတော့မလို့။ ထွန်းရင်တွေ ပြည့် ကျပ်နေတယ်။ နှလုံးသားတွေထဲမှာ ရှုးနင့်နာကျင်လွန်းပါတယ်။

ထွန်းအသည်းတွေ မာကျောမယ်ထင်ခဲ့မိတာပါ။ ဒေါ်ထိပ်တင် တာနာကို ထွန်း အရှုံးပေးခဲ့ရတာလား။

ထွန်းက ဘယ်လိုအကြောင်းတွေနဲ့ မောင့်အနား ရောက်လာ သလဲဆိုတာ မောင်သိမှာ ထွန်း စိုးရိမ်ပူပင်နေတယ်။ မေမေသာသိရင် အမုန်းတွေကို ထွန်းသင်ပုန်းခြေချင်နေသည်။

'မေမေ နားထောင်နော်။ ထွန်း ဘာမှမဖြစ်ပါဘူး။ ထွန်းအလုပ် တွေ လုပ်ရဦးမယ်။ သူများကုမ္ပဏီမှာ လုပ်ရတာ မကောင်းပါဘူး။ ကိုယ်ပိုင်လုပ်ငန်းပဲ ကောင်းလို့ ထွန်းမြန်လာတာပါ' ခမြဲမ

'ထွန်းလေးက ပညာတတ်လေ။ ဘာသာစကားတွေလည်း သင်ထားတယ်။ သမီး အရမ်းကြိုးစားခဲ့တာမဟုတ်လား။ ကိုယ်ပိုင် က ဘာလဲ။ စာတိုက်၊ ပန်းထိုးလား'



www.burmeseclassic.com

www.burmeseclassic.com



'မေမေကလည်း ဒါလည်း အထင်သေးလို့မရဘူးလေ။ သမီးက နိုင်ငံတကာအထိ တင်သွင်းမှာ၊ လေ့လာနေတာ'

'သမီးလေး တကယ်ပဲ ဘာမှမဖြစ်ခဲ့ပါဘူးနော်။ မျက်ဝန်းလေးတွေ ကြေကွဲမှေးမှိန်နေသလိုပဲ။ မေမေ့အတွက် ဘာမှမပူနဲ့။ သေသွားပြီလို့သာ ပြောလိုက်စမ်းပါ'

'မေမေ'

မေမေ့ကို တိုး၍ ဖက်တွယ်ထားမိသည်။ သူတို့နဲ့ပတ်သတ်တာ မေမေမကြိုက်။ ထွန်းကိုတောင် အတိတ်ကအကြောင်းတွေ ပြောပြတာ မဟုတ်။

မေမေက သမီးကိုယ်ဝန်ထဲက ဆုံးသွားတာတဲ့။ အန်တီမာလာတင်ပြောပြလို့ သိရတာပါ မေမေရယ်။

ထွန်း အမှားတစ်ခု လွန်ကျူးမိခဲ့ပြီ။ အတိတ်ကို တူးဖော်ရှာကြိုးစားခဲ့မိတယ်။

မောင်က ထွန်းချစ်သူဖြစ်နေတယ်။ လုံးဝပဲ မေ့ပစ်လို့မရတာ လွမ်းတယ်။

မေမေ့ရှေ့ကနေထွက်လာတော့ အန်တီမာလာတင်က ဆူလို့ မဆုံးပေ။

'ထွန်း၊ မမသိသွားရင် အားလုံးဒုက္ခရောက်လိမ့်မယ်။ လုံးဝ ခွင့်လွှတ်မှာ မဟုတ်ဘူးနော်'





'အန်တီမာလာ'

'ညည်းလေးကို အန်တီမာလာ ငယ်ငယ်လေးထဲက စိတ်မာတ်မာကျော့အောင် လေ့ကျင့်ပေးထားတာ။ ဒေါ်ထိပ်တင်ရတနာဆိုတဲ့ မိန်းမကြီးကို လက်စားချေဖို့လေ။ အခု ညည်းအရှုံးနဲ့ ရင်ဆိုင်ပြီး ပြန်လာခဲ့တယ်'

'မထင်မှတ်ဘဲ မောင့်ကို ချစ်မိသွားရတာပါ။ ထွန်း အရမ်း ပျော့ညံ့တယ်။ မေမေသာသိရင် ထွန်းကို ခွင့်လွှတ်မှာမဟုတ်ဘူး'

'ထွန်းလေးရယ်၊ အန်တီကတော့ လုံးဝသဘောမတူဘူး၊ မေ့ပစ်လိုက်။ ယုတ်မာကောက်ကျစ်တဲ့သွေး၊ မုန်းလိုက်တာ၊ ရွံတယ်'

ဒေါ်မာလာတင်ကတော့ အတိတ်ကို ဘယ်တော့မှမေ့မရခဲ့။ မိမိဘဝလည်း ဆုံးခဲ့ရသည်။ မမကိုယ်ဝန်ကြီးနှင့် အိမ်ထောင်ဖျက်သွား၍ မာလာချစ်သူကို စွန့်ခွာရ၏။

မမသိတာတင် အရှုံးတစ်ယောက်လိုပဲ။ မိမိထိန်းကျောင်းခဲ့ရသည်။

'လုံးဝမဖြစ်ဘူးနော်၊ နုနုထွန်း၊ ဒီမိန်းမကြီးကို ညည်း အသေသတ်ခဲ့ရမှာ၊ အရှက်ခွဲခဲ့ရမှာ၊ ဒင်းသားကို ဖွင့်ပြောပြရမှာ'

'မောင်ကလေ၊ မောင်က အရမ်းဖြူစင်နေတယ်။ အပြစ်မဲ့နေတယ်'

'တိတ်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာတင် ဒေါသတကြီး အော်ပစ်မိသည်။ ဘာဖြစ်ချင်တာလဲ၊ ဟန်ဆောင်လိမ်ညာနေတာပါ။ မိန်းမယုတ်မကြီးရဲ့သွေးပဲ။

မချစ်ရဘူး၊ မုန်းပစ်ရမယ်။

'မမသီတာတင်ရင်ထဲမှာ အရမ်းနာကျင်ခံစားခဲ့ရတယ်။ သွေးနုနုနဲ့ ရူးသွပ်ပြီး လျှောက်သွားနေတာ။ ကိုသစ်လွင်က မမကို ချစ်တယ်၊ သစ္စာရှိတယ်။ ဟိုမိန်းမကြောင့်ပဲ။ တောက်…တွေးမိရင် ငါကိုယ်တိုင်ဓားနဲ့ နုပ်နုပ်စဉ်းပစ်ချင်တယ်၊ နုနုထွဋ်'

ဟုတ်ပါတယ်၊ နုနုထွဋ်လည်း ဒေါ်ထိပ်တင်ရတနာတို့မိသားစုကို ဖြိုခွဲဖျက်ဆီးဖို့ မာကျောတဲ့နှလုံးသားတွေနဲ့ သွားရောက်ခဲ့ပေမယ့် သူမအောင်မြင်မှု မရခဲ့၊ ရှုံးခဲ့သည်။

'အဲဒီကောင်ကို မေ့ပစ်ရမယ်၊ မုန်းတီးရမယ်။ တို့မိသားစုဘဝတွေ ပျက်စီးခဲ့ရတာ။ အန်တီမာလာတောင် မဆီမဆိုင် မမနဲ့ တူမလေးအတွက် အန်တီမာလာအပေါ် အရမ်းချစ်ပြီး လူတော်လူကောင်း ယောကျ်ားတစ်ယောက်ကို အဆုံးရှုံးခံခဲ့ရတယ်'

'ထွဋ်လေး သိပါတယ်။ သူ့ကို ဘယ်တော့မှ လက်မထပ်ပါဘူး။ မဖြစ်နိုင်ဘူးဆိုတာလည်း သိပါတယ်'

'သိရင် ဒီကောင်ကြောင့် ကြေကွဲမနေနဲ့။ တကယ်လို့ လာတွေ့ရင်လည်း သူ့အမေအကြောင်း ပြောပြလိုက်'

'တွေ့စရာအကြောင်းမရှိတော့ပါဘူး၊ အန်တီမာလာ။ သူတို့ထွဋ်လေး လိပ်စာအမှန်မှ ပြောမပြခဲ့တာပဲ'





'ကောင်းတယ်၊ ညည်း တော်တော်အသုံးမကျတာပဲ။ ဘာကြွေတာလဲ၊ အမျိုးယုတ်ကို'

'ကိုဖန်နေဝန်းလ်ကိုတော့ အဲဒီလောက်အထိ မပြောပါနဲ့'

'နုနုထွဋ်'

'ထားလိုက်ပါတော့ အန်တီမာလာရာ။ လုံးဝပတ်သက်စရာမကြောင်းလည်း မရှိတော့ပါဘူး'

'ကောင်းပြီလေ၊ ညည်းက မပြောခဲ့တော့ ပြောရမယ့်တာဝန်က ကျုပ်ပဲပေါ့'

'ဟင်…အန်တီမာလာ'

'ဒီကောင့်လိပ်စာကို သိတာပဲ။ သူ့ကုမ္ပဏီက နာမည်ကြီးလေ။ အန်တီမာလာ ပြောမယ်။ ဒီမိန်းမကြီးကို ဘာမှငဲ့ညှာထောက်ထားနေစရာမလိုဘူး၊ ပြောပြရမယ်။ ထွဋ်လေး ဘယ်လိုနေထိုင်ခဲ့ရလဲ။ ဘဝကို ခက်ခက်ခဲခဲရုန်းကန်ခဲ့ရတယ်။ အခမဲ့ ပညာရေးဒါနကျောင်းတွေမှာ ပညာသင်ကြားခဲ့ရတယ်။ ထွဋ်လေးမေမေက စီးပွားရှာတတ်တယ်။ ဒင်းကြီး အရယူခဲ့တာပါ'

ဒေါ်မာလာတင်ကတော့ လုံးဝခွင့်မလွှတ်နိုင်ဘဲ ဖြစ်နေသည်။ နာကြည်းလွန်းလို့ပါ။ ရက်စက်ယုတ်မာလွန်းတဲ့ အဖြူအမူတွေပဲ။

ထို့ကြောင့်ပင် တူမလေးနုနုထွဋ်အား တယုတယ မွေးမြူကာ ပညာတွေ စုံလင်အောင် မိမိကြိုးစားလေ့ကျင့်သင်ကြားပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'သူ့အမေရဲ့ယုတ်မာမှုတွေကို သူသားသိရမှာပေါ့။ ဒီကောင့်ကိုတောင် ညည်းရှုးသွပ်လေလွင့် ဖျက်စီးသွားအောင် ပြုစားခဲ့ရမှာ'

ဒေါ်မာလာတင် ဘယ်လိုမှအခဲမကျေနိုင်။ ဒေါ်ထိပ်တင်ရတနာရဲ့ဘဝကို တစ်စစီ ဆုတ်ဖြဲပစ်ချင်တာပါ။ တူမလေး ရှုံးလာတယ်။ အနိုင်ရနိုင်ပါလျက်နဲ့နော်။ အသုံးမကျလိုက်တာ။

ဒေါ်မာလာတင်ကတော့ ဒီလောက်နဲ့ မပြီးနိုင်ပါဘူး။ တူမလေးနုနုထွန်း မလုပ်နိုင်ရင် မိမိကိုယ်တိုင် လုပ်ရမယ်။

ဒေါ်ထိပ်တင်ရတနာရဲ့ သားဖန်နေဝန်းလ်ရဲ့ ဖုန်းနံပါတ်ကသိဖို့လွယ်သည်။

'ညည်းလေးကို တာဝန်မပေးတော့ဘူး။ ပျော့ညံ့လိုက်တာ ညည်းလေးအမေဘဝကိုတောင် မသနားတော့ဘူးလား'

'မောင့်ကို ဘယ်တော့မှ ထွန်းလေး လက်မထပ်ပါဘူး ပတ်သက်ဆက်ဆံလို့မှ မရတာ။ ထွန်းလေးသိပါတယ်'

'သိရင် ညည်းဘဝအတွက် ကြိုးစား။ မမသိတာတင် မိုး သောကရောက်အောင် ညည်း မျက်နှာပျက်မနေနဲ့၊ နုနုထွန်း။ အလကားပဲ'

'အန်တီမာလာ'

'ဘာလဲ'

'ကိုဖန်နေဝန်းလ်ကိစ္စတွေ ရပ်ပစ်လိုက်ပါ။ လက်စားချေ





ညည်း မကြိုးစားစေချင်တော့ဘူး။ မေမေသိသွားရင်လည်း ပြဿနာ ကြီးထွားသွားနိုင်ပါတယ်'

'အန်တီမာလာ တာဝန်ယူတယ်။ ငါ့အပေါ်ပဲ အပြစ်တွေ ပုံချလိုက်။ ညည်းမှ မလုပ်နိုင်တာ'

မပြောပါနဲ့ပြောလည်း အန်တီမာလာက ပြောမှာပဲ။ မောင်နဲ့ ထွန်း ဝေးပါပြီ။ ဘယ်လိုမှ ပေါင်းစည်းတွေဆုံနိုင်ခြင်းမရှိတဲ့ ချည်းပြိုင်နှစ်ကြောင်း။

ထွန်းကြောက်နေတာက မောင့်ရဲ့ အမုန်းတွေကို ရင်ဆိုင်ရမှာလား။ သူမရင်ထဲမှာ မောင့်ကို မုန်းမေ့ပစ်နိုင်ခြင်းမရှိ။ ထွန်းကိုပဲ မှာနေပြီလား။ ဒါမှမဟုတ် ဒေါ်ထိပ်တင်ရတနာရဲ့ လှည့်ကွက်ထဲ တိုးဝင်ပြီထင်တယ်။

သွက်လက်ဖျတ်လတ်မှုတွေ ကင်းမဲ့နေသည်။ ထွန်း့ သနား နေမိတာက မေမေပဲ။ တရားရုံးမှာ ချောချောအမှုက ရှိနေ သည်။ ထွန်း သွားရောက်အစစ်မခံတော့ဘဲ အမှုပိတ်ဖို့ လုပ်နေရသည်။

'ဒီကိစ္စ အန်တီမာလာပဲလုပ်မယ်။ ထွန်းလေး၊ ငါရုံးတုန်းကို သွားမယ်'

'အန်တီမာလာ၊ ထွန်းတောင်းပန်ပါတယ်။ ဒီကိစ္စကို ထား လိုက်ပါတော့နော်'

'မထားနိုင်ဘူးလို့ ပြောထားပြီးပြီပဲ၊ နုနုထွန်း။ အန်တီမာလာ

www.burmeseclassic.com



ကတော့ ကမ္ဘာမကျေပဲ။ ဒီမိန်းမကြီးကို အဆုံးမရှိလဲပြီကျသွားအောင် တိုက်ခိုက်ပစ်မှာ'

ဒေါ်မာလာတင်ကတော့ ဘယ်လိုမှ မကျေအေးနိုင်ပါဘူး။ ရက်စက်ကြောက်ကျစ်မှုတွေက ယခုအထိ ဒီမိန်းမကြီး အရိုးစွဲနေသည်။

ချောချောကို ချွေးမအဖြစ် လက်ခံမယ်လို့ မျက်လုံးပေး... ကောင်မလေး ရိုးရိုးအအလေး၊ တန်ဆာခံဖြစ်ရသည်။

'ချောချောဆိုတဲ့ အိမ်ဖော်ကောင်မလေးကလည်း အသုံးချ... ခံရတာပဲ။ ထွန်းလေး စဉ်းစားကြည့်စမ်း။ မိန်းမလည်မကြီး၊ ရိုးရိုးအ... အိမ်ဖော်မလေးကို ချွေးမတော်ချင်တယ်လို့ မက်လုံးပေးမှာပဲ'

ချောချောက ထွန်းအား သတ်ပစ်ချင်လောက်အောင် အ... တွေ ရှိလာစေရန် ဒေါ်ထိပ်တင်ရတနာ အကြံအစည်ဆိုတာ ထွန်းလည်း သိပါတယ်။ ချောချော ဘာမှနားမလည်ရှာ။ ထွန်း အမှုရုပ်သိမ်း... ဆုံးဖြတ်ထားသည်။

'အရှုံးမလေး··· အချစ်ဆိုတာ ဖြားယောင်းသွေးဆော... တစ်ခုပါကွယ်။ တစ်ချိန်က ထွန်းအရွယ်ပဲ။ ကိုကို အန်တီမာလာ... အပြစ်မရှိဘဲ စွန့်လွှတ်လိုက်ရတာပါ။ မမက သွေးနုနု၊ အိမ်ထောင်... ပျက်။ ငွေကြေးဥစ္စာလည်းမရှိ။ မမသီတာတင်က လက်မခံတာ... ကိုယ်က အန်တီမာလာကို တောင်းပန်တယ်။ သူလည်း တစ်... တစ်လမ်းကနေ ကူပါရစေတဲ့။ အန်တီမာလာ လက်မခံနိုင်ဘူး...





...တူမလေးအရွယ်ရောက်လာရင်ဆိုတဲ့ အတွေးနဲ့ပဲ။ ချစ်သူကို ဖြင်း... ...စ်လိုက်တယ်'

'တော်ပါတော့ အန်တီမာလာရယ်။ ထွန်းလေး ညှို့ဖျင်းတာ ...ပါ။ ယောကျ်ားလေးတစ်ယောက်လို မာကျောခဲ့တဲ့ ထွန်းနှလုံးသားတွေ ...က အန်တီမာလာလောက် ခံနိုင်ရည်မရှိဘူး ထင်တယ်'

'အန်တီမာလာချစ်သူကလည်း ရုပ်ချောတယ်။ အရည်အချင်း ...ရှိတယ်။ စိတ်သဘောထားပြည့်ဝတယ်။ အခု အရှမ်းချမ်းသာတယ်။ ...လုပ်ငန်းကြီးတွေကို ဦးစီးနေတယ်။ ညည်းလေးအတွက် အနစ်နာခံ ...ခဲ့ရတာ။ အခုလည်း ဒီမိန်းမကြီးကို လက်တုံ့ပြန်တာ ကျုပ်အတွက် ...ဟုတ်ပါဘူး။ မမသီတာတင်နဲ့ တူမလေးအတွက်ပဲ'

အန်တီမာလာတင်ကိုတော့ ထွန်း ဘယ်လိုမှ တားဆီးနိုင်မှာ ...ဟုတ်။ သူ ရန်ကုန်သွားမယ်တဲ့။

ချောချောအမှုကို ပိတ်မှာ၊ ဒေါ်ထိပ်တင်ရတနာရဲ့ ဂုဏ်သိက္ခာ ...တွေ ကျဆင်းအောင် ဖော်ထုတ်ပစ်မှာပါ။ ထွန်း တားဆီးနိုင်စွမ်း ...ရှိတော့ပါဘူး။

မောင့်ကို မေ့ပစ်ရမယ်။ မေမေကလည်း လက်ခံမှာမဟုတ်။ ...ပစ်မယ်၊ မေမေ့အတွက် မောင့်ကို မုန်းပစ်ရမည်ဖြစ်သည်။

'ညည်း၊ မမကို စောင့်ရှောက်ပါ။ အန်တီမာလာ တစ်ဝတ် ...အတွင်း သွားရမယ်။ ဒီတစ်ခါတော့ အပြတ်ပဲ။ တွေ့ကြသေးတာပေါ့ ...ထိပ်တင်ရတနာရယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်တိုင် သွားရောက်ဖိနှိပ်ခေါ်ပြီး အဆုံးသတ် အနိုင် နိုင်ခဲ့တာ နာကျင်ရသည်။

အန့်တီမာလာ့ကိုလည်း တားဆီးနိုင်ခြင်း မရှိတော့။ သူမ ကိုယ်ရေးရာဇဝင်မှာ လိပ်စာက အတူ။ အားလုံးကို မေ့ပစ်ချင်ပါတယ်

မေမေ့လိုပဲ စောကြီးကတည်းက ပြည်ဖုံးကားချခဲ့သင့်သည်

■ ■ ■



## အခန်း (၁၇)

'သား၊ ထွန့်ကို ဘယ်လိုနည်းနဲ့မှ စွန့်ပစ်ဖို့ မဖြစ်နိုင်ဘူး မာမီ။ သားတန်ဖိုးထားပြီး ချစ်မြတ်နိုးရတဲ့ မိန်းကလေးပါ။ ထွန့်ကို ရှာမယ်။ မာမီကြောင့် ထွန့်ထွက်သွားတာပဲဖြစ်မယ်'

'နုနုထွန့်က အကြံနဲ့ပါ သားရယ်။ မယုံပါနဲ့။ ချောချောကို လည်း ဘာတွေလုပ်လည်းမှမသိတာ။ မေ့ပစ်လိုက်ပါတော့'

'မမေ့နိုင်ဘူး မာမီ။ သားရှာမယ်။ ထွန့်မရှိရင် သားအသက် ဆောင် မရှင်နိုင်တော့ဘူး။ မာမီလက်မခံဘူးဆိုရင်လည်း သားလုပ်ငန်း တွေ စွန့်မယ်'

'သား . . သားရယ်။ မာမီတောင်းပန်ပါတယ်နော်။ ဒီမိန်းက လေးကို လက်ထပ်လို့ လုံးဝမဖြစ်ပါဘူး။ မေ့ပစ်လိုက်ပါ။ နုနုထွန့် ကိုယ်တိုင်က မင်းကို စွန့်ခွာသွားတာပါ။ မာမီ ဘယ်လောက်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ကျခံခဲ့လဲ။ ချွေးမကို သမီး…သမီးနဲ့ ဝါးစပ်ဖျားကကို မချစ်တာ
သားကို နုနုထွဋ်က မချစ်တာပါ'

'ချစ်ပါတယ်၊ နုနုထွဋ်က သားကို ချစ်ပါတယ်။ အချ
ချစ်တာပါ။ သားသိတယ်။ မာမီ၊ ထွဋ်ကို ရှာရမယ်'

'MD စိတ်ကိုထိန်းပါ။ နုနုထွဋ်က ဒီကိုရောက်လာတာ
မရိုးသားဘူးထင်ပါတယ်။ ပြီးတော့လည်း နုနုထွဋ်အမေက ကို
ရေပြားရောဂါသည်ဆိုတော့'

'ခွပ်'

'ခွပ်…အား'

'သား…မင်း…မင်း'

'မင်းဆက်ပြောရင် မင်းကို သတ်ပစ်မယ်။ ထွဋ်ဘဝ ဘာ
ဖြစ်နေဖြစ်နေ ငါလက်ထပ်မယ်။ ချစ်တယ်။ ငါဘယ်လောက်ချစ်တယ်
ဆိုတာ သိတယ်မဟုတ်လား၊ ကျိမ်းစ်ဘွန်း'

'ကျွန်တော့်ကို သတ်ပစ်လည်း ကျွန်တော့် တားဆီးရမှာပဲ
MD ဂုဏ်သိက္ခာကို ထိပါးနစ်နာစေမှာ'

'ယောကောင်၊ ခွပ်…ခွပ်'

'အား…ထိုးပါ MD၊ ကျွန်တော့်ကို သတ်ပစ်လိုက်ပါ။
နုနုထွဋ်ကို ဆံရာလက်မထပ်ရဘူး'

'မင်း…မင်း၊ ခွပ်'





'အမလေး…အမလေး၊ တော်ကြပါတော့။ မာမီကို သတ်
လို့လား'

ထွဋ်အမေမှာ ရောဂါရှိတာနဲ့ သူလက်မထပ်ရတော့ဘူးလား။
ထ်တွေ မလိုချင်ဘူး။ ထွဋ်တို့မိသားစု ကံကြမ္မာကြောင့်ဖြစ်ရတာ။
ဘယ်လိုမှသည်းမခံနိုင်ဘဲ ဖြစ်နေသည်။

ကုမ္ပဏီကိုလည်း မသွားနိုင်တော့၊ ထွဋ်ပေးထားတဲ့လိပ်စာက
တာ၊ ထွဋ်ကိုမတွေ့၊ ဘာကြောင့်လဲ။ မင်း မောင့်ဆီရောက်လာပြီး
ဘာကြောင့်ထွက်သွားရတာလဲ။ မင်းအမေကြောင့်လားကွာ၊ ပြောစမ်း
ပါ။

သူ အရက်တွေသောက်သည်။ ချစ်သူကို မေ့ပစ်ချင်လာ
သည်။

'မာမီကြောင့်ပဲ၊ ကျွန်တော်သိတယ်။ ဘာကြောင့် အဲဒီလို
ဖြစ်ရတာလဲ'

'နုနုထွဋ်က မူမမှန်လို့ မင်းကို လိပ်စာအတုကြီး ပေးထားခဲ့
တာမဟုတ်လား သား'

'အကြောင်းတစ်ခုခုရှိပါမယ်။ ထွဋ်က ငွေကြေးကြောင့် စည်း
စိမ်ဥစ္စာတွေကြောင့် မဟုတ်ဘူး။ ထွဋ်မရှိရင် ကျွန်တော်ရှင်သန်နိုင်
တာမဟုတ်တော့ဘူး မာမီ'

'ထွဋ်ကို မင်းလုံးဝလက်မထပ်ရဘူး။ သုံးဝမဖြစ်နိုင်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာ သိထားပါ ဖန်နေဝန်းလ်။ မင်းသေလည်း နုနုထွဋ်နဲ့ လက်မထပ်ရဘူး’

‘မာမီ ဘာကြောင့်တားဆီးရတာလဲ။ ထွဋ်က ရိုးရိုးသားသား သူ့မဘဝအကြောင်း ပြောပြခဲ့တယ်။ ဘာမရိုးသားတာလဲဗျာ။ ကျွန်တော် လိုက်ရှာမယ်။ မိုးအဆုံး၊ မြေအဆုံး လိုက်ရှာမယ်။ ကျွန်တော့်ကို ထားခဲ့တဲ့အကြောင်းရင်းကို ရှာပြီး မေးရမယ်။ ဘာမှ သေသေချာချာ မမေးဘဲနဲ့တော့ မစွန့်လွှတ်နိုင်ဘူး’

နုနုထွဋ်နှင့်ပတ်သက်ပြီး ဒေါ်ထိပ်တင်ရတနာ ဘယ်လိုမှ ရှင်းပြနိုင်စွမ်းမရှိတော့။

သားက အရူးလိုပဲ။ ဘယ်တုန်းကမှ မသောက်ဖူးခဲ့တဲ့ အရက်တွေ သောက်နေသည်။ ကုမ္ပဏီလည်း ပစ်ထား၏။

နုနုထွဋ်၊ ညည်း အနိုင်နဲ့ပိုင်းသွားတာပဲ။ အသည်းမာတဲ့မိန်းမ သားကိုကြည့်ပြီး ဒေါ်ထိပ်တင်ရတနာ စိတ်သောကတွေ ရောက်နေရသည်။ မောလိုက်တာ၊ ဘဝရဲ့ အတိတ်သမိုင်းက လူသိခံဖို့ပင် ခက်ခဲနေ၏။ သားသိသွားရင် သားအဖေကို မိမိ အပြစ်မရှိဘဲ ကွာရှင်းစေသည်။

အမလေး၊ မှားလိုက်တာ။ အမည်းစက်ကြီး ကိုကိုလွင်ရော ကျွန်မ အခုမှ အသက်ကြီးလာမှ ရှက်ရမှန်းသိတော့တယ်။ ရှင့်အချစ်ကိုလည်း ကျွန်မ ဘယ်တော့မှ မရခဲ့ပါဘူး။ ရှင်က တာဝန်ကျေတယ်၊ ကျွန်မ အပေါ် သစ္စာရှိခဲ့တယ်။ သားအဖေလည်း ဘယ်လိုဘဝမျိုးနဲ့ သေဆုံးရလဲ၊ ဆက်မတွေးရဲတော့။ သားသိလို့ မဖြစ်ပါဘူး။

ပြီးတော့ ကုမ္ပဏီ ဝန်ထမ်းတွေ မိမိမာန်မာန ကြီးမားစွာ နေခဲ့တဲ့ အသိုင်းအဝိုင်း၊ မိမိရဲ့ အဆုံးသတ်မလှပတော့ဘူး ထင်တယ်။

သားက အရက်သမားကြီး ဖြစ်နေသည်။ ခေါင်းပင်မဖော်နိုင်။ နုနုထွဋ်၊ ညည်းနိုင်တယ်။ နုနုထွဋ် ပြန်သွားပေမယ့် ဒီကိစ္စ အေးရသေးကြောင်း မိမိသိနေသည်။

‘ထွဋ်တို့မိသားစုဘဝ သနားစရာပါ မာမီရာ။ မိန်းမသားချင်း ကိုယ်ချင်းစာကြည့်စမ်းပါ။ သူတို့မိသားစုဘဝကို ဖျက်ဆီးသွားတာ ထွဋ်မေမေ အရူးတစ်ယောက်လို လျှောက်သွားနေရင် သွေးနုနုနဲ့လေ။ ရောဂါရသွားခဲ့တာပါ’

သားပြောနေတဲ့စကားတွေကို ဒေါ်ထိပ်တင်ရတနာ ကြားနိုင်စွမ်းမရှိပေ။

တစ်နေ့နေ့ သားသိမှာပဲ။ ဘယ်လိုလုပ်ရမလဲ။ ဒေါ်ထိပ်တင်ရတနာ နောင်တကြီးစွာရနေသည်။

သီတာတင်ကို တောင်းပန်ချင်ပေမယ့် ဘယ်မှာနေမှန်းမသိ။ ညည်းသမီးကို ညည်းလွှတ်လိုက်တာ မဟုတ်လား သီတာတင်။ တောင်းပန်လည်း အပိုပဲဆိုတာ သိနေသည်။

သားလည်း တစ်နေ့တစ်နေ့ ထွဋ်ကိုရှာဖွေဖို့ အပြင်ပဲ







www.burmeseclassic.com

www.burmeseclassic.com



ထွက်နေ၏။ မိမိလည်း အိပ်ရာပေါ်မှာ လဲနေသည်။ ချောချောလည်း ထောင်ကျတော့မယ်။

နုနုထွဋ်မရှိရင်တော့ အမှုပိတ်ရမှာပဲ။ ချောချော ပြန်ရောက်လာရင်လည်း ဒုက္ခပဲ။

ဒေါ်ထိပ်တင်ရတနာ အသက်ရှူပြင် မဝအောင် မွန်းကျပ်နေသည်။

'မာမီကြီး ဧည့်ခန်းမှာ ဧည့်သည်ရောက်နေပါတယ်'

'ဘယ်သူတွေလဲဟဲ့'

အိမ်ဖော်အသစ် မြချစ်က လာ၍ပြောသည်။ ချောချော ပြန်ရောက်လာတာလား။ ခပ်ချောချောမိန်းမကြီးတစ်ယောက်တဲ့။ အ... အလုပ်သမားအဟောင်းနဲ့ လာတာတဲ့။

ဘုရားရေ့ ဒေါ်ထိပ်တင်ရတနာ ထလာရသည်။ လှေကား... ထစ်တွေအတိုင်း ဆင်းလာတော့ ဧည့်ခန်းမှာ ထိုင်နေတာက မိန်းမ... တစ်ယောက်၊ ဘယ်သူများလဲ။ မိမိခန္ဓာကိုယ်အား မမြချစ်က တွဲ... ရပြီး ချောချောက လာ၍တွဲသည်။ အမလေး၊ ကျောထဲက စိမ့်သွား... တာပဲ။

ဒင်းဘာဖြစ်လို့ ပြန်ရောက်လာတာလဲ။ ငါ့သားကိုရော... မှန်းနေရသေးတယ်။

ဧည့်ခန်းမှာထိုင်နေသူကို သေသေချာချာကြည့်လိုက်တော့...





...မာလာတင်။ မှတ်မိတာပေါ့။ မိမိ ယိုင်ခွေကျမတတ်၊ ချောချောက တွဲပြီး ဧည့်ခန်းမှာ ထိုင်စေသည်။

'ဒါက မမလေးနုနုထွဋ်အဒေါ်တဲ့ မာမီကြီး။ ချောချောအမှု... ကို လာပိတ်ပေးတယ်။ အမှုကလွတ်လာပြီ။ မာမီကြီးရယ်၊ ချောချော... ကို သနားလို့ပါတဲ့။ မမလေးကလည်း စိတ်မဆိုးဘူးတဲ့။ အခု နယ်... ပြန်သွားပါပြီ'

ချောချောဆိုတဲ့ကောင်မက အလိုက်ကန်းဆိုးမသိဘူး။ မိမိက... သေတော့မယ်။ သားလည်း ပြန်ရောက်ခါနီးပြီမဟုတ်လား။ မာလာ... တင်၊ ညည်း ဘာလာလုပ်တာလဲ။ သိတာတင်က ထပ်လွှတ်လိုက်ပြီ... သား။ နုနုထွဋ်ရော။

ချောချောကို အနောက်ခန်းထဲ သွားခိုင်းလိုက်သည်။

'ချောချော သွားတော့။ ညည်း ရေချိုး၊ ခေါင်းလျှော်၊ အနား... ယူပါ'

'ဟုတ်ကဲ့'

ချောချောထွက်သွားမှ မာလာတင်ကို ကြည့်သည်။

ကြောက်စရာကောင်းလိုက်တဲ့ မျက်ဝန်းတွေ။ ဒေါ်ထိပ်တင်... ရတနာ မတုံ့ပြန်နိုင်။ အသက်ကိုပင် မနည်းဝအောင်ရှူသွင်းနေရသည်။

'ဘယ်လိုလဲ၊ ဒေါ်ထိပ်တင်ရတနာ။ မတွေ့ရတာ ကြာပြီ... နော်'



www.burmeseclassic.com

www.burmeseclassic.com



'ညည်း…ညည်း၊ ဘာလာလုပ်တာလဲ။ ညည်းတူမနဲ့တင် ကျုပ် သေရတော့မယ်။ ပြန်ပါ၊ ညည်း ဘာလိုချင်တာလဲ'

'ကျွန်မအစ်မယောက်ျားရဲ့ ခေါင်ပုံကြီးက ရှင်နဲ့တွဲပြီး အတော်လေး ခန့်ညားနေတာပဲ။ တကယ်တော့ ဖန်နေဝန်းလ်ရဲ့အဖေခေါင်ပုံပဲ ဖြစ်သင့်တာ'

'ညည်း…ညည်း'

'ချောချောကို ရှင်ကြီး အကောက်ကြံပြီး ကျွန်မတူမကို လုပ်ကြံနိုင်းတာ မဟုတ်လား'

'ကျုပ် အရှုံးပေးနေပါပြီ။ နောင်တတွေလည်း ရပါပြီ။ မာလာတင်၊ ကျုပ်မှားခဲ့ပါတယ်။ ကျုပ်သားအထိလိုက်ပြီး လက်တုံ့ပြန်မနေပါနဲ့တော့'

'အဲဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ဒေါ်ထိပ်တင်ရတနာ။ ထိခိုက်နစ်နာရတာ ငါတို့မိသားစုတွေလေ'

'ညည်း ဘာယူမလဲ၊ ငွေလား။ ငါ သိန်းနှစ်ထောင်တောင် ပေးပါတယ်။ ကိုသစ်လွင်နဲ့ လက်ထပ်စဉ်ကလည်း ငါ အိမ်နဲ့ အရင်းအနှီးတွေ ပေးခဲ့ပါတယ်'

'ရှင် မာန်ထောင်ပေးတာပဲ။ မမက လက်မခံဘူးဆိုတာနဲ့ ရှင်ပြန်ယူပြီး ရောင်းစားပစ်ခဲ့တယ်'





'ငါတောင်းပန်ပါတယ်၊ ဒူးထောက်ပြီး တောင်းပန်ပါတယ်၊ မာလာတင်ရယ်။ ကြေအေးလိုက်ပါတော့။ ညည်းတို့ ဘယ်မှာနေလဲ။ မသီတာတင်ကို ငါတောင်းပန်မယ်'

'ကျွန်မတူမကို ရှင်ကြီး ချေးမတော်ရမယ်လေ။ ကျွန်မ အစ်မ သီတာတင်နဲ့တွဲပြီး ပွဲထွက်ရမယ်'

'အဲဒီလို မလုပ်ပါနဲ့။ ငါ့သားဂုဏ်သိက္ခာတွေ အဖတ်ဆယ်လို့မရအောင် ဖြစ်ရလိမ့်မယ်။ ညည်းတို့ငွေပဲ ယူပါအေ။ အတိတ်ကို မေ့ပစ်လိုက်ကြပါတော့'

'မရဘူး'

'မာလာတင်၊ ငါမှားပါတယ်။ နောင်တတွေလည်း ရနေပါပြီ။ ငါ့သားကလည်း နုနုထွဋ်ကို မေ့နေပါပြီ။ တော်ပါတော့၊ ရပ်ပေးပါ'

'ဟင်း…ဟင်း…ဟင်း၊ ကျွန်မတို့ဘက်ကနေ အလွယ်တကူ ရပ်ဖို့ဆိုတာ ခက်ခဲတယ်၊ ဒေါ်ထိပ်တင်ရတနာ။ ငွေမလိုချင်လို့ အစောကြီးကတည်းက လက်မခံတာလေ'

သားပြန်ရောက်လာတော့မယ်။ မာလာတင် မပြန်သေးဘူး။ သားကို ထိုင်စောင့်နေပုံပင်။

မိမိအတိတ်ကကိစ္စတွေ သားသိလို့ မဖြစ်ပါဘူး။ မိမိဆိုစိတ်နာကြည်းသွားပြီး ရှက်မှာ။ အရှက်အကြောက်ကြီးစွဲသွား။



www.burmeseclassic.com

www.burmeseclassic.com



မာလာတင်ကို ခြေသလုံးဖက်ပြီး တောင်းပန်တာပင် မရ။ အသက်ကို ပြင်းပြစွာ ရှူနေရှာသည်။

'ရှင်ကြီးသေတာကို ကျွန်မ ကြည့်နေလို့ မဖြစ်သေးဘူး။ ရှင်ကြီး အသက်ထင်ရှားနဲ့ ရှင့်သားသိစေရမယ်။ မြန်မြန်ရေ၊ လာကြပါဦး။ ဒီမှာ သူ့မွေးမကြီး မောနေလို့'

ဒေါ်မာလာတင် အော်လိုက်၍ အနောက်ခန်းထဲမှ အလုပ်သမားတွေ ထွက်လာကြသည်။ ဆရာဝန်ကို ဖုန်းဆက်ခေါ်ကြ၏။ ဖန်နေဝန်းလ် ရောက်လာသည်။

'အစ်ကိုလေး၊ လုပ်ပါဦး။ ဆေးရုံကား အမြန်ခေါ်ပါ။ မာမီကြီး…မာမီကြီး'

ဒေါ်မာလာတင် ထလိုက်သည်။ ဒေါ်ထိပ်တင်ရတနာရဲ့သား ဖန်နေဝန်းလ်ကလည်း သမီးထွေး ချစ်မယ်ဆိုရင်လည်း အပြစ်မရှိပါဘူး။ တော်တော်လေး ယောက်ျားပီသပြီး ချောတာပဲ။ မြင့်မြင့်မားမား ထောင်ထောင်မောင်းမောင်း၊ သူ့အဖေနဲ့တူသည်။

'အန်တီက ထွေးအဒေါ်လားဟင်။ ကျွန်တော်က ဖန်နေဝန်းလ်ပါ၊ ထွေး့ရော။ ပြောပြပါ၊ ထွေးရှိတဲ့နေရာကို ကျွန်တော့်ကို တွေ့ခွင့်ပေးပါဗျာ'

'မင်းအမေကို အရင်ဆုံး ဆေးရုံပို့ပါဦး။ ထွေးက အရေးကြီးပါဘူး။ အန်တီက မြန်မြန်အမှု လာပိတ်ပေးတာပါ။ ထွေးကို မေ့ပစ်လိုက်ပါတော့။ မင်းကို လက်မထပ်နိုင်ဘူးတဲ့'





'ထွေးမေမေကြောင့်လားဗျာ။ ကျွန်တော် လက်ခံပါတယ်။ အမေတစ်ယောက်လိုပဲ သဘောထားပါ့မယ်။ ထွေးကို အရမ်းချစ်တယ်။

မိသားစုဆရာဝန် ရောက်လာ၍ ဒေါ်ထိပ်တင်ရတနာအား အရေးပေါ်ပြုစုနေကြသည်။

ဆေးခန်းကိုသွားဖို့ လူနာတင်ကားပေါ်တင်တော့ ဒေါ်မာလာတင်အား အသနားခံတဲ့မျက်ဝန်းတွေနှင့် ကြည့်သည်။ သူ့သားကို ပြောမပြပါနဲ့ဆိုတဲ့ အဓိပ္ပာယ်တွေ ပျော်ဝင်နေ၏။

ဒေါ်မာလာတင် နှုတ်ခမ်းသားတွေကို တွန့်ကွေးစွာ ပြုံးပစ်မိသည်။ ရှင့်ရဲ့ဇာတ်သိမ်းခန်းပဲ။ ရှင်မသေခင်မှာ ရှင့်သား သိကို သိသွားစေရမယ်။ ရှင်ကြီးကို လုံးဝခွင့်မလွှတ်နိုင်ပါဘူး။

ဒေါ်မာလာတင် ပြန်ထွက်လာခဲ့သည်။

'အန်တီမာလာရယ်၊ ထွေးတောင်းပန်ပါတယ်နော်။ မောင့်ကို မပြောပြပါနဲ့တော့။ ရပ်ပစ်လိုက်ပါ'

တူမလေးစကားကို ကြားယောင်ပြီး ဒေါ်မာလာတင်ပင် ငိုတွေသွားသည်။ ဖန်နေဝန်းလ်ဆိုတဲ့ကောင်လေးက တူမလေးထွေးကို ရူးမတတ်ချစ်နေပုံပင်။ ကိစ္စတွေအားလုံး ရပ်ပစ်လိုက်တာ အကောင်းဆုံးပဲ။

ဖန်နေဝန်းလ်နဲ့ တူမလေးထွေးတို့ လက်ထပ်လို့ မဖြစ်ဘူး။ မသိတာတင်ကလည်း လက်ခံမှာမဟုတ်။ ဒေါ်မာလာတင် အဆုံးသတ်ပစ်လိုက်ဖို့ပဲ ဆုံးဖြတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အန်တီ'

'ဟင်…မင်း…မင်း'

'ကျွန်တော် ပြန်လာတာပါ။ ထွဋ်ကို တွေ့ပါရစေ။ နေရစ်လိပ်စာအမှန်ပဲ ပြောပါ။ ကျွန်တော် မတွေ့လို့ မဖြစ်ပါဘူး'

အုံ့ဩစရာကောင်းလောက်အောင် မိခင်ကို ဆေးခန်းပို့တာ လိုက်မသွားဘဲ မိမိနောက် လိုက်လာသည်။ မိမိက အဝေးပြေးကားကွင်းမှာ ရွှေမန္တလေးသို့ပြန်ဖို့ ကားပေါ်တက်ဖို့ ပြင်နေသည်။

'မင်းပြန်ပါ၊ အန်တီတို့လည်း လုံးဝလက်မခံနိုင်တာပါ။ တူမလေးလက်ထပ်လို့ မဖြစ်ပါဘူး။ မမသီတာတင်ကလည်း သဘောတူမှာ မဟုတ်ဘူး'

'ကျွန်တော်ဒူးထောက်ပြီး တောင်းပန်မှာပါ။ ကျွန်တော့်ကို ယုံကြည်ပေးပါဗျာ။ ထွဋ်ကို တွေ့ပါရစေ။ ကျွန်တော် အရူးတစ်ယောက်လို ခံစားနေရလို့ပါ'

'မောင်ရင် စိတ်ကိုလျှော့ပစ်လိုက်ပါ။ အန်တီတို့ တူမလေးကို အထိခိုက်မခံနိုင်ပါဘူး။ မင်းနဲ့လည်း သဘောမတူနိုင်ဘူး၊ ပြန်ပါ'

ဒေါ်မာလာတင်ကိုယ်တိုင် ဒေါ်ထိပ်တင်ရတနာရဲ့သား ဖန်ဆန်းလ်အား ပြောပြဖို့ မောင်းတင်ထားခဲ့ပေမယ့် ပြောမထွက်။ အပြစ်မဲ့တဲ့သူတွေ မထိခိုက်၊ မနာကျင်စေလိုတော့။ တူမလေးနှင့်ထွဋ်ကိုယ်တိုင် နာကျင်ကြေကွဲနေရသည်။ စိတ်ဒဏ်ရာတွေ ရသွားပြီ။ မမသီတာတင်





ကိုယ်တိုင်က သူမအတိတ်ဖြစ်ရပ်တွေကို သမီးနှင့်ထွဋ်ကို ထိခိုက်၍ မိမိအား တားဆီးပိတ်ပင်ထား၏။

ဒေါ်မာလာတင် စိတ်လျှော့ကာ ဘာမှပြောမပြနေတော့ဘဲ ပြန်လာခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

'အန်တီမာလာ၊ မောင့်ကိုပြောပြလိုက်ပြီလားဟင်။ မောင် အရမ်းရှက်သွားမှာပဲ'

'အင်း…ပြောလိုက်ပြီ'

ဒေါ်မာလာတင် ခပ်ပြတ်ပြတ်ပဲ ပြောလိုက်သည်။ တွေ ရင်ထဲမှာ ဖန်နေဝန်းလဲ မရှိစေချင်၍ဖြစ်၏။

ထွဋ်မျက်ဝန်းလေးတွေ စိုစွတ်သွားသည်။ ကြေကွဲသွားပုံ

မတတ်နိုင်ဘူး၊ ဖန်နေဝန်းလဲနဲ့မှ မဖြစ်တာ။ မမသီတာ ကလည်း လက်ခံမှာမဟုတ်။ ရပ်သင့်ပြီဖြစ်သည်။

'မောင် အရမ်းဒေါသဖြစ်သွားလားဟင်။ ထွဋ်ကို မုန်း သွားမှာပါ။ ထွဋ်က သူ့အနားကို အကောက်ကြံစည်ဖို့ ဝင်လာ တာပဲ'





'နုနုထွဋ်'

'မောင်က စိတ်သဘောထား ပြည့်ဝသူပါ။ ဝါကယ့်ကို ချစ်ပါတယ်။ မေမေ့ကိုလည်း ရှိသေမယ့်သူပါ'

'အရှုံးမထစမ်းပါနဲ့ ထွဋ်၊ မဖြစ်နိုင်ဘူး။ ညည်းအမေ အဝေး ကိုလွင့်ထွက်သွားအောင်လုပ်ဖို့ မကြိုးစားပါနဲ့။ ရပ်တန်းက ရပ်ပစ်လိုက် ပါ'

'ထွဋ်သိပါတယ်၊ အန်တီရယ်။ ဒါကြောင့်လည်း ထွဋ် ပြန် လာခဲ့တာပါ။ မောင့်ကို မေ့ပစ်မှာပါ'

'ကောင်းတယ်။ အရေးကြီးတာက ထွဋ်လေးဘဝရှေ့ရေး အတွက် လုပ်ဆောင်ဖို့ပဲ။ အန်တီလေးစုဆောင်းထားတဲ့ ပိုက်ဆံတွေ ရှိတယ်။ စီးပွားရေးလုပ်ကြမလား။ ဒါမှမဟုတ် ထွဋ်လေး ကုမ္ပဏီ တစ်ခုခုမှာ ဝင်လုပ်လေ။ သမီးပညာအရည်အချင်းနဲ့ ရာထူးကြီးကြီး ရနိုင်တယ်'

'ထွဋ် ကိုယ်ပိုင်လုပ်ငန်းပဲ လုပ်မယ်။ တခြားကုမ္ပဏီတွေမှာ လည်း ဝင်မလုပ်ချင်တော့ပါဘူး၊ အန်တီမာလာ'

ထွဋ် ဘယ်နည်းနှင့်မှ မောင့်ကို ရင်မဆိုင်လိုတော့ပေ။ မောင့် အကောင်းတွေလည်း မကြားချင်ပါဘူး။

မောင်က မေမေ့ကို လက်ခံရင်တောင် ပတ်ဝန်းကျင်က သိသွားတယ်။ မောင့်ဂုဏ်သိက္ခာတွေ ကျဆင်းရမှာပါ။ အခုတောင်



www.burmeseclassic.com

www.burmeseclassic.com



မောင်အရမ်းရှက်ပြီး ဒေါ်ထိပ်တင်ရတနာကို ပြုံးသနားစွာရှုနေလော ထင်တယ်။

အန့်တီမာလာကတော့ လုံးဝ မဖြစ်နိုင်၍ မေ့ပစ်လိုက် ဟုတ်ပါတယ်၊ မောင့်ကို ထွဋ်မေ့ပစ်ရမှာပါ။ မေ့ပစ်ဖို့ ကြိုးစား ထွဋ်နှလုံးသားတွေ နာကျင်ကြေကွဲရလေ ဖြစ်နေသည်။

'ဖန်နေဝန်းလ်က ထွဋ်လေးကို အရမ်းမုန်းသွားပြီ။ ထပ်လျှ ပတ်သက်မှာမဟုတ်ဘူး။ ဘယ်လိုဖြစ်ရတာလဲ နုနုထွဋ်ရယ်။ ညည်း နှစ်ပေါင်းများစွာ လေ့ကျင့်ထားပေးခဲ့တာပါ။ ဖန်နေဝန်းလ်က ညည်း အမေကို လက်မခံရင်လည်း ညည်းလက်ထပ်မှာမဟုတ်လား'

'မေမေ့ကို လက်မခံတဲ့ယောက်ျား ထွဋ် ဘယ်တော့မှ လ မထပ်ပါဘူး။ ထွဋ်ဘဝမှာ မေမေအဓိကပဲ'

'ဒါဆို ဖန်နေဝန်းလ်ကို ထွဋ်လေးအမေ ဘယ်တော့ သဘောတူလက်ခံမှာ မဟုတ်ဘူး။ ရှေ့ဆက်တိုးဖို့ မစဉ်းစားနဲ့။ လုံး မဖြစ်နိုင်တာပဲ။ ဘယ်လိုနည်းနဲ့မှ ပေါင်းဖက်လို့ မဖြစ်နိုင်တဲ့ မှတ်ထား'

ဒေါ်မာလာတင်လည်း လူတစ်ဖက်သားကို မတရားလျော့ ပါဘူး။

ဒေါ်ထိပ်တင်ရတနာနဲ့ ထိပ်တိုက်တိုးတာတောင် မလျှော့ မောင်ဖန်နေဝန်းလ်က တကယ့်ကို အပြစ်ကင်းသူပါ။





သိရှာတဲ့ သူ့ကို ထိခိုက်နစ်နာမှာ မလိုလားမိ။ တူမလေးထွဋ်နဲ့တော့ လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်။ မိမိလက်စားချေဖို့ စေခိုင်းမိသွားတာ တောင် နောင်တတွေရနေသည်။

ထွဋ်လေး မထင်ဘူး၊ ပျော့မ။ ဖန်နေဝန်းလ်ကို မေ့ပစ်နိုင်ဖို့ ထွဋ်လေးစိတ်ကို ထိန်းချုပ်ပေးရမည် ဖြစ်သည်။

'အန့်တီမာလာဆီမှာ ထွဋ်လေး ငယ်ငယ်လေးကတည်းက အဖော်မှာ နည်းနည်းချင်း စုဆောင်းထားတဲ့ ပိုက်ဆံတွေရှိပါတယ်။ လူ့ဘောင်ထူထောင်လို့တောင် ရပါတယ်။ တူမလေး ကြိုးစားပါ'

'ဟုတ်ကဲ့'

'အန့်တီလေး အရှင်းဆုံးပြောရရင် တူမလေး အိမ်ထောင်ပြုဖို့ ဆိုတာ ထည့်မစဉ်းစားပါနဲ့ဦး။ မမအတွက်ပါ။ အန့်တီမာလာ ရက် တာ မဟုတ်ပါဘူးကွယ်'

ထွဋ်ကတော့ ဘဝရှေ့ရေးအတွက် မောင့်ကို မေ့ပစ်လိုက်တာ သင့်တော်ဆုံးဆိုတာ သိပါတယ်။ ထွဋ်နှလုံးသားတွေထဲမှာ အချစ်ဆို တာ ဘယ်တော့မှ ရှိမလာနိုင်ဘူးဟု ထင်မိတာပါ။

အခုတော့ ရန်သူကိုမှ ချစ်မိသွားသည်။ အန့်တီမာလာရှေ့မှာ ဖြစ်ဖြစ်၊ မေမေ့ရှေ့မှာပဲဖြစ်ဖြစ် ကြေကွဲဝမ်းနည်းပြနေလို့ မဖြစ်ပါဘူး။

အခိုက မေမေခံစားရမှာ။ မောင့်ကိုလည်း နုနုထွဋ် ချစ် ဆိုတာ မဖြစ်နိုင်တာလည်း အသိရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ထွန်း ဘာဖြစ်ချင်လဲ။ ထွန်းမေမေကို မောင်အရမ်းသ... တယ်။ နှစ်သိမ့်အားပေးချင်တယ်။ မောင်တို့ သွားတွေ့ကြရအော... နော်'

အခုလောက်ဆိုရင် မောင်က ထွန်းကို မုန်းနေတော့မှာပဲ... ရိုးသားဖြူစင်တဲ့ မောင့်အနားမှာ မရိုးသားတဲ့ အကြံအစည်တွေနှင့် ... ကပ်ခဲ့သူ။ မောင် ဒေါသတွေ ပေါက်ကွဲနေလောက်ပြီလား။

ထွန်း အာရုံတွေကို လုပ်ငန်းတွေဆီမှာ နှစ်မြှုပ်ထား... ဆုံးဖြတ်လိုက်သည်။ ထွန်း ကြိုးစားနေရ၏။ မေမေ စိတ်ထိခိ... နာကျင်မှာ အကြောက်ဆုံးပါပဲ။

အန်တီမာလာက ထွန်းအတွက် စုထားတဲ့ ဘဏ်စာရင်းစာ... လေးကို အပ်သည်။

'များသားပဲ၊ အန်တီမာလာ။ အမျှော်အမြင်ရှိလိုက်တာ။ ... ကြိုးစားမှာပါ။ တဖြည်းဖြည်း အသက်ကြီးလာတော့မယ့် မေ... အန်တီမာလာတို့ မကြောင့်မကျ အေးအေးချမ်းချမ်းနေနိုင်အောင် ... အစွမ်းကုန်ကြိုးစားမယ်'

'ထွန်းလေးရယ်'

မေမေ့ဆီကိုလည်း ဝင်ပြီး အန်တီမာလာတင် စုဆောင်းထာ... သော ငွေစာရင်းစာအုပ်ကို ပြသည်။

'မာလာက တာဝန်ကျေပါတယ်၊ သမီးထွန်းရယ်။ ...

...မေတို့သားအမိကို စောင့်ရှောက်ခဲ့တာပါ။ အနစ်နာခံပြီး စောင့်ရှောက် ...တာပါ'

'ထွန်းလေးအတွက်ပါ မမရယ်။ အခု ကိုယ်ပိုင်လုပ်ငန်း ...ထောင်နိုင်တော့မယ်'

'အေး...အေး၊ ကောင်းတယ်။ သမီးလေး၊ ထွန်းလေး လိမ္မာ ...ပါတယ်။ မေမေကြောင့် သမီးအနာဂတ် မပျက်စီးစေချင်တာပါ'

'မေမေရယ်၊ သမီးအနာဂတ်က အချိန်တွေ၊ နှစ်တွေ အများ ...ကြီးပါ။ မေမေ့ကိုတော့ မစွန့်လွှတ်နိုင်ပါဘူး'

ဒေါ်သီတာတင်လည်း မိမိငယ်စဉ်က မစဉ်းစား မဆင်ခြင်ဘဲ ...ချင်သလိုနေခဲ့၍ ယခုကဲ့သို့ လူတော်ထဲ မတိုးဝံ့တဲ့ဘဝကို ရောက်ခဲ့ ...သည်။ အရမ်းကြေကွဲရ၏။

သမီးအနားကနေ ထွက်သွားချင်ပေမယ့် သမီးလေး ကြေကွဲ ...ကျင်နေမှာ စိုးရိမ်သည်။

'မေမေရယ်၊ ထွန်းအနားကနေ ထွက်မသွားပါနဲ့။ ရှောင်ပုန်း ...သွားပါနဲ့။ ထွန်းကို မထားခဲ့ပါနဲ့။ မေမေမရှိဘဲ ထွန်း ရပ်တည်လို့ ...လို့ပါ'

'စိတ်ချပါ သမီးလေးရယ်။ သမီးချစ်မြတ်နိုးရတဲ့ ယောကျ်ား ...းတစ်ယောက်က မေမေ့ကို လက်မခံလည်း သမီး လက်ထပ်ပါ။





www.burmeseclassic.com

www.burmeseclassic.com



သမီးထွေ့ဘဝလေး တင့်တယ်အေးချမ်းမယ်၊ ပျော်ရွှင်ရမယ်ဆိုရင် မေမေ သေပျော်ပါပြီကွယ်'

သမီးလေးထွေ့က မိမိအား ဖက်၍ နမ်းရှိုက်ကာ ထွက်သွ သည်။ လှပလွန်းတဲ့သမီးလေး၊ မိမိဘဝက လူတောမတိုးရဲတဲ့ဘ နမျောလိုက်တာ၊ မိမိသေချင်ပါတယ်။

အတိတ်ကအကြောင်းတွေကိုလည်း မေ့ပစ်လိုက်ချင် ကံကြမ္မာပဲ၊ လောကကြီးက တရားမရှိရင် ကြောက်စရာကြီးပဲ။

မိမိသာ ဘဝကို ရပ်တည်နိုင်ခဲ့လျှင် ဒီရောဂါရမှာမဟု သေးနနမှာ အဆင်ခြင်၍ မီးယပ်ကျိုး ကျိုးရတာပါ။ နောင်တ ရနေသည်။

မာလာကပါ ချစ်သူနှင့်အကွဲခံပြီး မိမိတို့ သားအမိ စောင့်ရှောက်လာခဲ့၏။ ယခုလည်း သမီးလေးအတွက် ငွေစုပေး လုပ်ငန်းလုပ်နိုင်ရန် တွဲဝရီးနှစ်ယောက် ငွေထုတ်ရန် ဘဏ်ကို ကြ၏။

မိမိတစ်ယောက်တည်း ရှိနေသည်။

'တီ...တီ'

'တီ'

'ဟင်'

မိမိအိမ်လေးရှေ့မှာ ကားအကောင်းစားကြီးတစ်စီး ရော





၍ သမီးချည်သည်ဖြစ်မည်ထင်ပြီး ဒေါ်သီတာတင် အိမ်ခန်းထဲ ရောက်ဖြူစဉ် ဆင်းလာသူက မိမိ လုံးဝမထင်မှတ်ထားသော တစ်ချိန် ချစ်သူကြီး ဒေါ်ထိပ်တင်ရတနာ ဖြစ်နေသည်။ အလုပ်သမား တ တွဲ၍ ဆင်းလာရ၏။

ဘာကိစ္စရှိနေလို့ ရောက်လာရတာလဲ။ မထွေးတော့၊ မိမိ ရင်ဆိုင်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

'သီတာတင်၊ နင်...နင်...သီတာတင်ပါနော်'

'ဟုတ်တယ်။ ထိပ်တင်ရတနာ၊ နင်ဘာကိစ္စလာရတာလဲ။ ငါနဲ့ တွေ့စရာဘာအကြောင်းတွေ ရှိနေလို့လဲ'

သီတာတင်ကို တွေ့လိုက်တော့ ဒေါ်ထိပ်တင်ရတနာ စိတ် ထိခိုက်ကြေကွဲရသည်။

မိမိကြောင့် ချောမောလှပတဲ့သီတာတင် ကိုယ်ရော သည်ကြီး ဖြစ်နေသည်။

မိမိအပြစ်တွေပါပဲ။ ကိုသစ်လွင်က သီတာတင်အပေါ် ကြီးမှာ ချစ်မြတ်နိုးခဲ့၏။

သီတာတင်ရှေ့မှာ ဒူးထောက်ထိုင်ချမိသည်။

'နင်...နင်၊ ဘာလုပ်တာလဲ ထိပ်တင်'

'နင့်ကို ဒူးထောက်ပြီးတောင်းပန်တာပါ သီတာတင်၊ ငါမှား ပါတယ်။ ငါအရမ်းယုတ်မာကောက်ကျစ်ပါတယ်။ နင်ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့အရုပ်စမ်းပြီး လိုက်လာတာပါ။ တောင်းပန်ပါတယ်။ ငါ့ကို ခွင့်လွှတ်ပေးပါ'

'နင်ဘယ်လောက်ပဲ တောင်းပန်တောင်းပန် ငါခွင့်မလွှတ်ဘူး ထိပ်တင်။ ပြန်ပါ၊ နင်နဲ့ မတွေ့ချင်ဘူး။ နင့်ကိုလည်း ငါမနှောင့်ယှက်ဘူး'

'ဟုတ်ပါတယ်၊ နင့်မှာ အပြစ်မရှိပါဘူး သီတာတင်။ ဒါပေမဲ့ ငါ့သားဖန်နေဝန်းလ်က နင့်သမီးလေးကို အရမ်းချစ်မြတ်နိုးနေပါတယ်'

'ဘာပြောတယ်၊ နင့်သားဖန်နေဝန်းလ် ဟုတ်လား။ အဓိပ္ပာယ်မရှိတာ။ နင့်သားနဲ့ ငါ့သမီး တွေ့ဆုံစရာမှ မရှိတာ။ ဘာတွေလာပြောနေတာလဲ'

နံနံထွန်းကို သီတာတင် လွှတ်လိုက်တာမဟုတ်ကြောင်း သိလိုက်သည်။

'နင့်သမီးနဲ့ ငါ့သား တကယ်ပဲ တွေ့ဆုံခဲ့ကြပါတယ်။ နင့်သမီး အလုပ်လာလုပ်တဲ့ကုမ္ပဏီက ငါ့သားကုမ္ပဏီလေ'

'ဟင်'

ဒါကြောင့်ကိုး၊ သမီးလေး ပြန်လာတော့ မျက်နှာလေး ညှိုးငယ်နေသည်။





ဖြစ်မှဖြစ်ရလေ၊ ထိပ်တင်ရတနာသားနဲ့တော့ မဖြစ်ဘူး။ မိမိရင်ထဲမှာ မုန်းတီးနာကြည်းနေဆဲပင် ခွင့်မလွှတ်နိုင်ပါဘူး။

ရက်စက်ယုတ်မာခဲ့တဲ့ ထိပ်တင်ရတနာကို ဘယ်လိုနည်းနှင့်မှ မကျေအေးနိုင်ဘဲ ဖြစ်နေသည်။

'ငါတောင်းပန်ချင်တာက ငါ့အတိတ်အကြောင်းတွေကို ငါ့သားကို ပြောမပြဖို့ပါပဲ။ ပြည်ဖုံးကာချပစ်လိုက်ပါတော့ သီတာတင်။ တောင်းပန်ပါတယ်။ ငါတို့ချမ်းသာတဲ့ စည်းစိမ်ဥစ္စာတွေကိုလည်း နင့်သမီးလေး ခံစားသင့်ပါတယ်။ လူကြီးတွေ စေ့စပ်ပြီး လက်ထပ်ပေးကြရအောင်ပါ'

'အဖြစ်နိုင်ပါဘူး ထိပ်တင်။ နင်ပြန်၊ နင့်သားနဲ့လည်း လုံးဝသဘောမတူနိုင်ဘူး။ နင့်ရဲ့ မဖြူစင်တဲ့ စည်းစိမ်ဥစ္စာတွေကိုလည်း ငါ့သမီး မခံစားစေရဘူး။ နင့်သား ငါ့ရှေ့မလာစေနဲ့။ ငါကတော့ ပြောပြရမှာပဲ'

'အဲဒီလို မလုပ်ပါနဲ့ သီတာတင်။ ငါက သေလူပါ။ ငါ့နှလုံးက တစ်ခြမ်းပုပ်နေပြီ။ အချိန်သိပ်မရှိတော့တာပါ။ နင့်ကို ရှစ်ခိုးပြီး တောင်းဆိုပါတယ် သီတာတင်ရယ်။ ငါ့ရဲ့ တစ်ချိန်က ယုတ်မာခဲ့မှုတွေ ငါ့သား မသိစေချင်တာ တစ်ခုလေးပါပဲ'

'ဖုံးကွယ်လို့ မဖြစ်ဘူး ထိပ်တင်။ ပြန်ပါ၊ တစ်နေ့နေ့သိရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့သမီးအိမ်ထောင်ရေး ပဋိပက္ခဖြစ်နိုင်တယ်။ နင့်သားကိုလည်း ငါ သမက်မတော်နိုင်ဘူး'

'ငါ့သားက နင့်သမီးကို ချစ်နေတယ်။ အရူးအမူးပဲ။ အခ ပျက်မတတ်လေ။ နင့်အကြောင်းကိုလည်း သိတယ်။ အခု နုနုထွေး ရှိတဲ့နေရာ လိုက်စုံစမ်းနေတယ်။ သူလိုက်လာမှာပဲ။ နင့်ကိုလည်း အမေလို သတ်မှတ်နေပါတယ်'

'မဖြစ်နိုင်ဘူး'

'သိတာတင်'

'ပြန်ပါ၊ ငါက လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး။ ဒီကိစ္စဖုံးထွေ ပြီး နင့်သားနဲ့ ငါ့သမီးကိုလည်း လက်မထပ်ပေးနိုင်ဘူး။ ပြန်···ပြန် နော်။ နင့်မျက်နှာကိုလည်း မကြည့်ချင်ဘူး၊ ပြန်'

ညီမနဲ့ သမီး ရောက်လာတော့မယ်။

ဒေါ်ထိပ်တင်ရတနာကို မောင်းထုတ်ပစ်နေမိသည်။ မိမိက လုံးဝလက်မခံသဖြင့် ဒေါ်ထိပ်တင်ရတနာ မျက်ရည်တွေ ဖြိုင်ဖြိုင် ကျပြီး ပြန်သွား၏။

နင့်ကို ငါလုံးဝ လက်မခံနိုင်ဘူး ထိပ်တင်ရတနာ။ ငါ့အသ ငါ့သမီးလေးဘဝကို နင်ဖျက်ဆီးပစ်လိုက်တာ။ ငါဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး။ ညီမ မာလာတင်နှင့် သမီးနုနုထွေးတို့ ပြန်ရောက် လာသည်။





'မေမေ စောစောက ဘယ်ကကားလဲ။ သမီးသိပါတယ်။ ဒေါ်ထိပ်တင်ရတနာရဲ့ကား မဟုတ်လားဟင်'

'ဟုတ်တယ်'

'မမ'

'မာလာတင်၊ မမ အရှည်အရှည် ဘာမှမပြောချင်တော့ဘူး။ နင်တို့ ဘာလုပ်ခဲ့တာလဲဆိုတာလည်း ငါသိတယ်။ ထားလိုက်ပါတော့၊ အဓိက သမီးထွေး၊ ထိပ်တင်ရတနာ့သားနဲ့ လုံးဝပတ်သက်ဖို့ မကြိုးစား ပါနဲ့။ မေမေ လက်မခံဘူး၊ ကြားလား'

'ဟုတ်ကဲ့ပါ မေမေ၊ နုနုထွေး သိပါတယ်။ လုံးဝမဖြစ်စေရ ပါဘူး။ သမီးကတိပေးပါတယ်နော်'

'ထိပ်တင်ရတနာအကြောင်းလည်း မပြောချင်တော့ဘူး။ ထိပ် တင်သားနဲ့လည်း မဖြစ်နိုင်ဘူး။ ဒါပဲ'

'မေမေ'

'ထပ်မပြောနဲ့တော့၊ လုပ်စရာရှိတာလုပ်။ သမီးထွေးအနာဂတ် အတွက် သမီးဆန္ဒအတိုင်း ဆုံးဖြတ်စီစဉ်ပါ။ မေမေ့အတွက် ထည့် မစဉ်းစားနဲ့။ ဒါပေမဲ့ ထိပ်တင်သားနဲ့တော့ မဖြစ်ဘူး။ မေမေ လုံးဝ လက်မခံဘူး။ ပြောထားပြီးပြီနော်'

မေမေ အခန်းထဲဝင်ပြီး တံခါးကို အတွင်းမှ ပိတ်ပစ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထိပ်တင်ရတနာ လာတောင်းပန်တာတော့ သေချာနေ၏။ မောင်က ထွန်းကို လုံးဝမစွန့်လွှတ်နိုင်ကြောင်း ဒေါ်ထိပ်တင်ရတနာအား ပြောချပ်ပင် ထွန်းကို မောင်စိတ်မဆိုးဘူးလား။

ရင်ထဲမှာ ပျော်ရွှင်ကြည်နူးသွားရပေမယ့် မေမေက ဖြတ်သားစွာ ဆုံးဖြတ်ထားပြီးပြီဖြစ်၍ မောင့်ကို မေ့ပစ်လိုက်ရုံကလွဲ၍ တခြားနည်းလမ်းမရှိကြောင်း နာကျင်စွာ တွေးမိသည်။

■ ■ ■



## အခန်း (၁၉)

"သားဖန်နေဝန်းလေ"

"မာမီ"

"နုနုထွန်းနဲ့ပတ်သက်ပြီး သားအရမ်းခံစားနေရတယ်ဆိုတာ မာမီသိပါတယ်ကွယ်"

"သား၊ ထွန်းကို ဘယ်လိုမှ မေ့ပစ်လို့မရဘူး မာမီ။ ရှာမှာပဲ။ ရေအဆုံး မြေအဆုံး ရှာမယ်။ သားရှာတော့မယ်။ ထွန်းကို ဘယ်လိုမှ မေ့ပစ်လို့မရဘူး။ ထွန်း ဘာဖြစ်လို့ထွက်သွားရလည်းဆိုတာကို သိချင်တယ်။ သားကို ထွန်းမုန်းတယ်ဆိုတာ လုံးဝမဖြစ်နိုင်တာပဲ။ သူ့အမေကြောင့်လား။ မာမီကရော နားလည်ပေးပါ"

"မာမီက နားလည်ပေးပါတယ်။ ဒါပေမဲ့ သားရယ်၊ နုနုထွန်း အမေ ဒေါ်သီတာတင်နဲ့ မာမီတို့မှာ အတိတ်ကဇာတ်လမ်းတွေ ရှိခဲ့ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ...မာမီ၊ ဘာပြောတာလဲ။ ထပ်ပြောပါဦး'

'မာမီလည်း သေလူပါ။ မာမီ့နှလုံးတစ်ခြမ်း ပုပ်နေပြီ။ နောက်ဆုံးအချိန်တွေ စောင့်နေရတာပါ။ မာမီ မလှုပ်ရှားနိုင်တော့အောင် မောနေတယ်'

'မာမီ၊ အဲဒါဘယ်လိုဖြစ်နေတာလဲ။ သားမသိဘူး။ သားတစ်ကိုယ်ကောင်းဆန်သွားပါတယ်။ မာမီ ဘာဖြစ်လို့ သားကိုဖုံးကွယ်ထားရတာလဲ'

မာမီပြောမှ သေသေချာချာကြည့်မိတော့ မာမီ အတော်လေးပိန်ချုံးကျသွားတာပဲ။ ဖန်နေဝန်းလ်က ချစ်သူနုနုထွဋ်အတွက်ပဲ ကြေကြေကွဲကွဲ ခံစားနေရကာ လိုက်လံရှာဖွေရင်း မာမီ့ကိုပင် ဥပက္ခာပြုထားခဲ့မိသည်။

'သားတောင်းပန်ပါတယ် မာမီရယ်။ ထွဋ်ပြန်သွားတာ မာမီကြောင့်လို့ ထင်ပြီး မာမီ့ကို ရှောင်နေမိတာပါ။ မာမီ ဆေးရုံတက်ရမယ်လေ'

'သားကို မာမီဝန်ခံစရာရှိတယ်။ ပထမဆုံးအချက်က နုနုထွဋ်ဒီကိုရောက်လာတာ အတိတ်က မာမီရဲ့ ယုတ်မာကောက်ကျစ်မှုအတွက် လက်တုံ့ပြန် လက်စားချေဖို့ ရောက်လာခဲ့တာပဲ'

ဒေါ်ထိပ်တင်ရတနာ အတိတ်ဖြစ်ရပ်တွေအတွက် ဖုံးကွယ်မသွားလိုတော့။





သီတာတင်ကိုတွေ့ရတော့ ရင်နာလွန်းသည်။ မိမိကြောင့်သာ သားအပြစ်တင် ရှုံ့ချမုန်းတီးမှုကို မိမိခံယူတော့မည်။ ဖြစ်ခဲ့သော အဖြစ်အပျက်တွေအားလုံးကို ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်သည်။

'နုနုထွဋ်ပြောခဲ့တဲ့ သူတို့မိသားစု ဘဝပျက်ခဲ့ရတာ၊ သူ့အမေ ကိုယ်ရေပြားရောဂါသည်ကြီးဖြစ်အောင် လုပ်ခဲ့တဲ့မိန်းမက မာမီပဲ'

'ဗျာ'

'ဟုတ်တယ်။ သားအဖေကိုလည်း အပြစ်မရှိဘဲ ကွာခဲ့တယ်၊ နုနုထွဋ်အဖေကို အရယူခဲ့တယ်'

'ဒါဆို သားရဲ့အဖေအရင်းက ဦးကိုကိုလွင်မဟုတ်ဘူးပေါ့'

'မဟုတ်ပါဘူး၊ သား နှစ်နှစ်သားအရွယ်က ဖြစ်ခဲ့တာလေ။ မမှတ်မိနိုင်တော့ဘူး။ သီတာတင်က ကိုယ်ဝန်အရင့်အမာကြီးနဲ့မို့ သွေးနုနုမှာ စိတ်တွေ ကယောက်ကယက်ဖြစ်ပြီး အနေအထိုင်မဆင်ခြင်လို့ ရောဂါရသွားတာပါ'

'ဘယ်လိုဖြစ်ရတာလဲ မာမီ။ နုနုထွဋ်က မာမီ့ကို ဒုက္ခပေးဖို့ ရောက်လာတာလား။ သူ့အမေက လွှတ်လိုက်တာလား'

'မဟုတ်ပါဘူး။ မာမီနဲ့ သီတာတင် တွေ့ပြီးပါပြီ၊ သူ့အဒေါ် ဇလာတင်က လွှတ်တာပါ။ သူတို့အပြစ်တွေ မဟုတ်ပါဘူး သားရယ်။ မာမီ့အပြစ်တွေပါ။ သီတာတင်ကို ဒီဘဝရောက်စေတာ မာမီပါပဲ။ သားအဖေလည်း စိတ်သောကဝေဒနာတွေ ခံစားရပြီး သေဆုံးခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မာမီ ဝန်ခံပါတယ်။ အခု မာမီလည်း တစ်နေ့မှ မပျော်ရွှင်ခဲ့ရသလို နှလုံးကို အထိခိုက်ဆုံး ဖြစ်ရပါတယ်။ သား၊ မာမီ့ကို မုန်းပစ်လိုက်ပါ'

'တော်ပါပြီ မာမီရယ်။ ဆက်မပြောပါနဲ့တော့၊ သားရူးသွားလိမ့်မယ်။ နုနုထွဋ်က သားကို မချစ်ဘဲ မုန်းတီးနာကြည်းနေခဲ့တာပဲ။ မာယာများပြီး သားနှလုံးသားတွေကို ထိုးနှက်ဒဏ်ရာရစေခဲ့တာပေါ့'

'ဖြစ်ပြီးသားအတိတ်တွေကို မေ့ပစ်လိုက်ပါ။ မာမီတို့လုပ်ရပ်တွေ ဒီလောက်အထိ ကြီးမွားတိုးတက်လာရတာ နုနုထွဋ်ရဲ့အဖေ ကိုသစ်လွင်ရဲ့ ဦးဆောင်မှုကြောင့်ပဲလေ။ နုနုထွဋ်လည်း ခံစားသင့်ပါတယ်။ မင်းလက်ထပ်လိုက်ပါ။ သီတာတင်ကိုလည်း သားစောင့်ရှောက်ပေးပါ'

'နုနုထွဋ်က သားကို လက်ခံမှာမဟုတ်တော့ပါဘူး မာမီ။ အရမ်းမုန်းနေခဲ့တာပဲ'

'သားကို မာမီ့အတိတ်အကြောင်းတွေ ပြောမပြတာဘဲ သူ့စိတ်ထဲမှာ မင်းကို ချစ်နေတယ်ဆိုတာ ပြတာပဲ'

မာမီ့ကိုလည်း ဖန်နေဝန်းလိ စိတ်မဆိုးနိုင်တော့။

လူ့လောကကြီးထဲကနေ မကြာခင် ထွက်ခွာသွားရတော့မယ်ဆိုတာ သိသာနေသည်။





စကားပြောရင်း မောပမ်းနွမ်းဟိုက်နေ၏။ အတိတ်တွေထဲ ဆားလိုက်ပါတော့။

မာမီ့ကို မမုန်းနိုင်။ ဖန်နေဝန်းလိ မာမီ့ကို သိုင်းဖက်မိသည်။

'ဒီအကြောင်းတွေ သိလိုက်ရတော့လည်း မာမီ့ကို သားမမုန်းပါဘူး။ အတိတ်က ပြီးဆုံးသွားတဲ့ကိစ္စပဲ။ မာမီ နေကောင်းအောင်နေပါ။ ဆေးရုံမှာ နားပါ'

'မာမီ အိမ်မှာပဲနေမယ်။ သားကတိပေးပါ။ မာမီ့ရဲ့ အတိတ်က အညစ်အကြေးတွေကို ဆေးကြောဖို့ နုနုထွဋ်ကို လက်ထပ်ပါ။ ခံစားသင့်တဲ့သူတွေ ခံစားကြပါစေ'

သားက လိမ္မာလိုက်တာ။ မိမိကို မမုန်းတဲ့အပြင် ချစ်ခင်ကြင်နာစွာ မိမိအား ပွေ့ဖက်နမ်းနေသည်။

'သားမှားပါတယ် မာမီ။ တကယ်တော့ မာမီ့ကို သားစိတ်ဆိုးနေမိတာပါ။ ချစ်သူနဲ့ ဝေးခဲ့ရတာ မာမီကြောင့်လို့ပဲ ထင်တယ်။ သား ရှောင်နေမိတယ်။ မာမီပျော်ရွှင်အောင် နေပါ။ ဆေးကုသဖို့လည်း သားစီစဉ်မယ်။ နှလုံးကို နိုင်ငံခြားမှာ အစားထိုးလဲမယ်။ မာမီ အသက်ရှင်မယ်ဆိုရင် သား ဘာပဲလုပ်ရလုပ်ရ လုပ်ပါ့မယ်'

'ဝမ်းသာလိုက်တာ သားရယ်။ ဒါပေမဲ့ မာမီက နိုင်ငံခြားကို သွားဖို့အထိတောင် အချိန်မရှိတော့ပါဘူး။ နုနုထွဋ်ကို လက်ထပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သီတာတင်ကို စောင့်ရှောက်ပါ။ အတိတ်တွေကို မာမီကပဲ အဆုံးသတ်[...]
လိုက်ပါရစေ'

သားနှင့် နုနုထွေးတို့ အချစ်ကြီး ချစ်ကြတာ မိမိသိနေသည်။ နုနုထွေးရော၊ မာလာတင်ရော မိမိလောက် မယုတ်မာခဲ့ကြ။ သား[...] ပြောခွင့်ရနေတာတောင် မပြောဘဲ ပြန်သွားခဲ့ကြ၏။

ချောချောကိုလည်း မိမိ အရင်းအနှီးထုတ်ပေးလိုက်ပြီး ရွာ[...] ပြန်စေသည်။

'မာမီ့အမှားတွေပါ။ ဘယ်သူမှ မမှားပါဘူး။ မာမီ နုနု[...] သားတွေလည်း အစားထိုးပြီး အသက်မရှင်ချင်တော့ပါဘူး။ ရှက်[...] ခန္ဓာကိုယ်ကြီးနဲ့လေ'

'မာမီရယ်၊ သားကို ခွင့်လွှတ်ပါ။ အမေက အမေပါ[...] စိတ်ချပါ၊ မာမီ့ဆန္ဒတွေပြည့်ဝအောင် သားကြိုးစားမှာပါ'

ဒေါ်ထိပ်တင်ရတနာ ကျေနပ်စွာ ပြုံးမိသည်။

သားဖန်နေဝန်းလ်က သူ့အဖေနဲ့ တူတယ်။ ခွင့်လွှတ်တာ[...] တယ်။ မိမိက အပြစ်မရှိဘဲ ကွာရှင်းခွင့်တောင်းတော့လည်း ပြဿနာ မရှာခဲ့၊ အေးအေးဆေးဆေးပဲ ကွာရှင်းပေးခဲ့သည်။

သားက မိမိကို ယခင်ကထက်ပင် ဂရုတစိုက် ပြုစုနေ[...] သီတာတင်ရယ်၊ မင်းခွင့်လွှတ်ပေးဖို့ပဲ ငါမျှော်လင့်ပါတယ်။ ခွင့်လွှတ်ပေးပါ။ နုနုထွေးကိုယ်တိုင်က မိမိကို အဆုံးအထိ လက်စားချေ[...] တော့တာ သားအပေါ် ချစ်မြတ်နိုး၍ပါ။





ဘယ်လို အကြောင်းကိစ္စနဲ့ပဲ တွေ့ဆုံကြပါစေ ရှေးဘဝက ရေစက်တွေပဲဖြစ်သည်။

မိမိသိပါတယ်။ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မယ်ဆိုတာပါ။ နောင်တတွေလည်း ရနေ၏။ မိမိလုပ်ရပ်တွေအတွက်သည်း တွေးမိတိုင်း ရှက်ရွံ့ကြောက်လန့်နေခဲ့မိတာပါ။

တစ်နေ့ထက် တစ်နေ့ အသက်ရှူမဝတော့ ရင်ဝတွင် ဆို့လာပြီး မွန်းကျပ်နေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဒေါ်ထိပ်တင်ရတနာ ကွယ်လွန်သွားကြောင်း ကြေးမုံသတင်း စာတွင် တွေ့လိုက်ရ၍ ဒေါ်သီတာတင်ကတော့ မပျော်ပါဘူး။ အသ... တွေလည်း ကြီးလာပြီဆိုတော့ နာကြည်းနေတာတွေ ပျောက်သွား... ထင်ပါတယ်။

ဒါပေမဲ့ ဒေါ်ထိပ်တင်ရတနာကိုတော့ ဘယ်လိုနည်း... ခွင့်မလွှတ်နိုင်ပါဘူး။

သမီးလေးထွဋ်ရင်ထဲမှာ ဘာတွေခံစားနေရလဲဆိုတာ ... သိနေပေမယ့် ဥပက္ခာပြုထားလိုက်၏။

မဖြစ်နိုင်ဘူး။

ဒေါ်ထိပ်တင်ရတနာရဲ့သွေးပဲ။

ဖန်နေဝန်းလ်နဲ့ သမီးထွဋ် ဘယ်လိုမှ မဖြစ်နိုင်ဘူး။





အတိတ်ကို မိမိ သတိမရနေချင်တော့။

ဖန်နေဝန်းလ်ကလည်း သမီးကို ဖြူဖြူစင်စင် စိတ်သန့်သန့်နှင့် ...ချစ်နေနိုင်ပါတော့မလား။

သမီးထွဋ်ရဲ့ အိမ်ထောင်ရေးတစ်လျှောက် အဖုအထစ်တွေ ...နေနိုင်သည်။

ဒေါ်သီတာတင်လည်း သံဝေဂရခဲ့ပေမယ့် သမီးထွဋ်ကိုတော့ ...ဖန်နေဝန်းလ်နှင့် လက်ထပ်ဖို့ သဘောမတူနိုင်ပါဘူး။

သတင်းစာကို ချထားပစ်လိုက်သည်။

'မမသီတာ'

'ငါသိပြီးပြီ။ သူ့လမ်း သူသွားတာပဲ။ တို့နဲ့လည်း ဘာမှ ...ဆိုင်ဘူး။ ထွဋ်လေးရော'

'ထွဋ်လေးလည်း သိပြီးပါပြီ။ ဘာမှတော့ မပြောပါဘူး။ ...စီးပွားရေးလုပ်ငန်းတွေကိုပဲ အာရုံစိုက်ထားပါတယ်'

'ကောင်းတယ်… မာလာ။ တဖြည်းဖြည်း မေ့သွားမှာ ...ထိပ်တင်ရဲ့သွေးကိုတော့ လုံးဝလက်မခံနိုင်ဘူး။ မမဆုံးဖြတ် ...ထားပဲ'

'ဟုတ်ကဲ့ပါ'

ဒေါ်မာလာတင်ကိုယ်တိုင်လည်း တူမလေးကို ကြည့်ပြီး ...နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိအမှားတွေပါ။

ဒေါ်ထိပ်တင်ရတနာကို အခဲမကြေနိုင်ဘဲ လက်စားချေ ထွင့်လေးငယ်စဥ်ကတည်းက ကြံစည်ကာ လှေကျင့်ပေးခဲ့မိနေ

ထွင့်လေး အရမ်းခံစားနေရတယ်။

ကြိတ်မှိတ်ခံစားနေရကြောင်း သိသာလွန်းနေသည်။ သနား လိုက်တာ။

ဖန်နေဝန်းလ်ကလည်း နုနုထွင့်ကို အရမ်းချစ်နေ၏။ ဒါ တွေ့မြင်ခဲ့တာပဲ။

ဒေါ်ထိပ်တင်ရတနာကိုယ်တိုင်ကလည်း မမသီတာတင် ရှေ့မှာ ဒူးထောက်တောင်းပန်ခဲ့သည်။

'ကိုယ့်အလုပ် ကိုယ်လုပ်ကြတော့။ အားလုံးပြီးသွားပြီ။ ရှေ့ ပင်လိုက်'

ဒေါ်သီတာတင် ပြောပြီး ညီမမာလာတင်ကို လုပ်စရာရှိတာ လုပ်ဖို့ပဲ ပြောလိုက်၍ မာလာတင် ထွက်သွားသည်။

မိမိတို့လူကြီးတွေရဲ့ လုပ်ဆောင်ချက်တွေက သမီးလေးထွင့် အထိ ရိုက်ခတ်နေတာတော့ မိမိ စိတ်ထိခိုက်ရသည်။ မဖြစ်သင့် ပါဘူး။

ထိပ်တင်ရတနာလည်း သေရတာပဲ။





ဘာတွေများ သယ်ဆောင်သွားနိုင်လို့လဲ။

အကုသိုလ်တွေပဲ သယ်ဆောင်သွားရတာပါ။

သမီးလေးထွင့်ကလည်း ထိုကိစ္စနှင့်ပတ်သက်ပြီး မိမိရှေ့မှာ ဟန်ဆောင်နေခဲ့၏။

မိမိသိပါတယ်။ သမီးထွင့်လေး ပိန်ချုံးသွားသလိုပဲ။ မတတ် နိုင်ဘူး။

ထိပ်တင်သား ဖန်နေဝန်းလ်ကိုယ်တိုင်ကလည်း သမီးထွင့် အား လာရောက်ဆက်သွယ်မှာ မဟုတ်။

ဒေါ်သီတာတင်စိတ်ကို ဖြေနေသည်။

'မေမေ'

'ဟင်'

'သမီးလုပ်ငန်းတွေ အောင်မြင်တယ်။ သမီးဖွင့်တော်လုပ်တဲ့ ဒီနိုင်းတွေ လူကြိုက်များနေတယ်၊ သိလား'

'ကောင်းတာပေါ့ကွယ်။ မေမေ့သမီးလေးက ထက်မြက်ပြီး သားပါ၊ တော်တယ်'

'မေမေ့ကို ချမ်းချမ်းသာသာ ထားချင်တယ်။ ကားအကောင်း စားကြီးလည်း စီးစေချင်ပါတယ်။ ပြီးတော့လေ တိုက်နဲ့လည်း ထားချင် တယ်'



www.burmeseclassic.com

www.burmeseclassic.com



'မမေ့အတွက် မလိုတော့ပါဘူး။ သမီးထွဋ်ရဲ့အနာဂတ် စိတ်ချရရင် မေမေလေ ရိပ်သာတစ်ခုခုမှာ သွားနေချင်တယ်။ တရားနဲ့ ပဲ နေချင်တယ်။ အတိတ်ဘဝကအကြောင်းတွေ မကောင်းခဲ့ဘူးထင် တယ်။ သမီးထွဋ်ရယ်၊ မေမေ့ဘဝ ဆိုးပါတယ်'

'အဲဒီလိုမပြောပါနဲ့ မေမေရာ။ သမီးကြောင့်လား၊ သမီးထွဋ် ကတော့ ကိုယ့်မေမေက အမိကပဲ။ ဘယ်အရာနဲ့မှ မလဲနိုင်ဘူး'

မောင့်ကို ကြိုးစားပြီး မေ့ပစ်နေသည်။ ဒေါ်ထိပ်တင်ရတနာ လည်း ကွယ်လွန်ခဲ့ပေမယ့် မောင်လည်း ထွဋ်ကို မေ့ပစ်နိုင်အောင် ကြိုးစားနေမှာပါ။

မောင့်မာမီ ဆုံးသွားတာ တစ်လလောက်ရှိနေပြီ ဖြစ်၏။ အရာအားလုံးက ပြီးဆုံးသွားပါပြီ။

ထွဋ်၊ မောင့်ကိုမေ့ပစ်နိုင်ဖို့ဆိုတာ အချိန်တွေအများကြီး နှစ်တွေအများကြီး လိုအပ်နေဦးမှာပါ။

'မေမေ၊ သမီး ကုမ္ပဏီကို သွားတော့မယ်နော်'

'အေး...အေး'

သမီးထွဋ်က မိမိပါးကိုမပြတ်တန်းဖက်နမ်းရင်း ထွက်သွား သည်။

သမီးရင်ထဲက ဝေဒနာကို ကြိတ်မှိတ်ခံစားနေတာပါ။





ဒေါ်သီတာတင် သိနေ၏။

မေမေ စိတ်မကောင်းပါဘူး။

ထိပ်တင်သားကလည်း အခုလောက်ဆိုရင် အတိတ် အကြောင်းတွေ သိပြီး သမီးထွဋ်ကို မုန်းတီး နာကြည်းနေလောက် ပါပြီ။

မိမိလည်း မိမိအတိတ်ကံတွေကို ချေဖျက် မပစ်လိုက်သည်။ သမီးထွဋ် စိတ်အေးရမှပါ။

အိမ်ရှေ့သို့ ကားကြီးတစ်စီး ရပ်လာတော့ ဒေါ်သီတာတင် အထိတ်တလန့်နှင့် ရှောင်ပုန်းဖို့ အိပ်ခန်းထဲ ဝင်လာခဲ့၏။ အခန်း တံခါးကို ပိတ်ဖို့ လုပ်နေစဉ် ကားပေါ်မှ ဆင်းလာသူက မိမိအခန်းဝ ရောက်လာသည်။

'ကျွန်တော် ဖန်နေဝန်းလ်ပါ မေမေ။ ဒေါ်ထိပ်တင်ရတနာရဲ့ သားပါ'

'ဟင်'

သမီးရဲ့ချစ်သူပဲ။ ဒေါ်သီတာတင် မျက်နှာပျက်ပြီး ရင်မဆိုင် ချင်။

ဖန်နေဝန်းလ်ဆိုတဲ့ကောင်လေးက မိမိရှေ့တွင် ဒူးထောက်ထိုင် ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း...မင်း...ဘာလုပ်တာလဲ။ ငါပြတ်ပြတ်သားသားပဲ ပြောမယ်၊ မင်းပြန်ပါ။ ငါ့သမီးလေးကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့။ မင်းနဲ့မဖြစ်ဘူး၊ သဘောလည်း မတူဘူး'

'ကျွန်တော် တောင်းပန်ဖို့ ရောက်လာတာပါ မေမေ။ အတိတ်ကအကြောင်းတွေ မေ့ပစ်ပေးပါ။ မာမီကလည်း သူ့အပြစ်တွေကို ဝန်ခံပြီး မေမေ့ကို တောင်းပန်ပြီး ထွင့်နဲ့လက်ထပ်ပါလို့ အထပ်ထပ် မှာသွားခဲ့ပါတယ်'

'မဖြစ်နိုင်ဘူးလို့ ငါပြောပြီးပြီ။ ငါ့သမီးကိုလည်း မင်းတို့ ကယ်တင်စောင့်ရှောက်စရာ မလိုဘူး။ ငါ့သမီးမှာ အစွမ်းအစတွေ ရှိတယ်။ ကိုမွှေးတောင် ထောင်နိုင်နေတယ်။ မင်းပြန်ပါ၊ ငါလက်မခံ ဘူး။ အပြတ်ပြောတာနော်။ ငါတို့သားအမိကို ရက်ရက်စက်စက် စွန့်ပစ်သွားတဲ့ ယောကျာ်းတစ်ယောက်ရှာထားတဲ့ စည်းစိမ်ဥစ္စာတွေ လည်း ငါတို့ မလိုချင်ဘူး။ မင်းပြန်ပါ'

'ကျွန်တော် မပြန်နိုင်ဘူး။ မေမေ ခွင့်လွှတ်ပေးတဲ့အထိ တောင်းပန်ပါမယ်။ လူကြီးတွေကိစ္စ လူငယ်တွေနဲ့ ဘာမှမဆိုင်ပါဘူး ထွင့်နဲ့ ကျွန်တော့်အနာဂတ်အတွက်ပါ။ ထွင့်ကို အရမ်းချစ်တယ် မြတ်နိုးတယ်။ ကျွန်တော် တန်ဖိုးထားရတဲ့ ချစ်သူပါ။ ဒါကို ကျွန်တော် လာတောင်းတာပါ မေမေ။ လက်ခံပေးပါ'





'နားမလည်ဘူး။ မင်းကိုလည်း လက်မခံနိုင်ဘူး။ ထွက်သွား နော်။ ငါတို့တွေ အေးချမ်းနေပါပြီ။ မင်းကိုလည်း မယုံဘူး။ ငါ စိတ်မချဘူး'

'ကျွန်တော့်ကို ယုံပေးပါ။ ထွင့်ပျော်ရွှင်ချမ်းမြေ့စေရပါ့မယ်။ ကျွန်တော် ဘယ်လောက်ပဲစောင့်နေရပါစေ။ ထွင့်ကို စောင့်မယ်။ ကျွန်တော်တို့ချစ်သူနှစ်ယောက်ကို ခွဲပါနဲ့ဗျာ'

ဒေါ်သီတာတင် ဆုံးဖြတ်ရခက်သွားသည်။

ကောင်လေးက မဆိုးပါဘူး။ သမီးနှစ်သက်ညှို့ ရုပ်ရည် သန့်သန့်လေး။

သူ့အဖေ ကိုနေဝန်းလ်နဲ့ တူနေ၏။

ဒါပေမဲ့ သမီးတို့ချစ်သူနှစ်ယောက်ကြားမှာ အမုန်းအထပ်တွေက ရှိနေသည်။

အနာဂတ်ဖြောင့်ဖြူးနိုင်ပါ့မလား။

မိမိ လက်မခံတာ ကောင်းမယ်ထင်တယ်။ အပြတ်ငြင်းဖို့ပဲ ဆုံးဖြတ်လိုက်သည်။

ထိုအချိန်တွင် ညီမမာလာတင် ရောက်လာသည်။

'မမ၊ လက်ခံပေးလိုက်ပါ။ ထွင့်လေးချစ်တဲ့ ချစ်သူဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ထွဋ်လေးဘဝအတွက် အသင့်တော်ဆုံးယောက်ျားတစ်ယောက် ဖြစ်နေပါတယ်။ အားလုံးကို ခွင့်လွှတ်ပြီး လက်ခံပေးလိုက်ပါ'

'မာလာတင်၊ နင်ဝင်မပါနဲ့၊ ငါဆုံးဖြတ်မယ်'

'မာလာတောင်းပန်ပါတယ်။ ထွဋ်လေး အရမ်းခံစားနေရလို့ပါ။ သနားပါတယ်၊ မမရယ်။ လူကြီးတွေကြောင့် ထွဋ်လေးက နှစ်ပေါင်းများစွာ ဒုက္ခခံခဲ့ရတာပါ။ နော်...မမ၊ လက်ခံပေးပါ'

ဒေါ်သီတာတင် သမီးထွဋ်အတွက် စဉ်းစားပေးဖို့ပဲ လိုအပ်သည်ဟု ထင်သည်။

မိမိလည်း ရိပ်သာတစ်ခုမှာ ကျောင်းဆောက်လှူဒါန်းပြီး အငြိမ်းအနားနေထိုင်လိုနေ၏။

ကိုယ့်အတွက်လည်း ကိုယ် လုပ်ရမယ်။

ကိုယ့်အတိတ်ဘဝက ကံဆိုးလွန်းခဲ့သည်။ ဖန်နေဝန်းလ်က သမီးထွဋ်ချစ်မြတ်နိုးရတဲ့သူ။

မိမိလည်း သမီးကို စိတ်ချစွာအပ်ထားသင့်သည့် ယောက်ျားတစ်ယောက်ဖြစ်နေ၏။

ငြင်းပယ်ဖို့ စိတ်ကိုပြောင်းပြီး လက်ခံလိုက်ဖို့ ဆုံးဖြတ်ရသည်။

'ကောင်းပြီလေ၊ သမီးထွဋ်ကလည်း ချစ်နေတော့ မေမေ လက်ခံမယ်။ မင်းကို ယုံပါရစေ။ သမီးထွဋ် ငယ်ငယ်လေးကတည်း





က မိဘတွေလုပ်ခဲ့တဲ့အကျိုးဆက်ကို ခါးသည်းစွာ ခံခဲ့ရတယ်။ အပြစ်မဲ့တဲ့ကလေးပါ'

'ကျွန်တော်နားလည်ပါတယ် မေမေ။ ယုံပေးပါဗျာ၊ ထွဋ်ကို တွေ့ပါရစေ'

'မောင်ဖန်နေဝန်းလ်၊ မင်းလိုက်သွားပါ။ ထွဋ်လေး ကုမ္ပဏီမှာ ရှိနေတယ်။ သွားတွေ့လိုက်'

'ဟုတ်ကဲ့၊ မေမေနဲ့ အန်တီမာလာကို ကန်တော့ပါတယ်။ ကျေးဇူးလည်း အရမ်းတင်ပါတယ်'

ထွဋ်မေမေနှင့် အန်တီမာလာတင်အား ထိုင်ကန်တော့ပြီး ဖန်နေဝန်းလ် ကားပေါ် အမြန်တက်ကာ အန်တီမာလာတင်ပေးတဲ့လိပ်စာအတိုင်း ထွဋ်ရှိနေသည့် ကုမ္ပဏီကို မောင်းလာခဲ့သည်။

ထွဋ်ရဲ့ ကုမ္ပဏီကိုရောက်တော့ ဖန်နေဝန်းလ်ပင် အံ့သြရ၏။

ထွဋ်အောင်မြင်နေတာပဲ။

သူ ဘာမှမေးမနေတော့ဘဲ ကုမ္ပဏီ MD အခန်းထဲ တန်းဝင်သွားသဖြင့် နောက်မှဝန်ထမ်းတွေက လိုက်တားကြသည်။

'မတားနဲ့၊ ကိုယ်က မင်းတို့ MD ရဲ့ချစ်သူ ဖန်နေဝန်းလ်ပဲ။ သွားပြီနော်၊ အိုကေ'



www.burmeseclassic.com

www.burmeseclassic.com



သူ ရုံးခန်းထဲဝင်လာတော့ ခွင့်မတောင်းဘဲ ဘယ်သူဝင်လာတာလဲဆိုပြီး ထွန်းက ဒေါသတကြီးပြောပြီး မော့ကြည့်သည်။

'ဟင်…မောင်'

'ထွန်း'

'မောင်၊ အဲ…ရှင်…ရှင်၊ ဘယ်လိုရောက်လာတာလဲ။ ကျွန်မ ရှိနေတဲ့လိပ်စာကို ဘယ်လိုသိတာလဲဟင်'

'မေမေနဲ့ အန်တီမာလာတင် ပြောပြလိုက်တာပါ'

'ဘာပြောတယ်'

'မေမေက သဘောတူလက်ခံလိုက်ပြီ။ ထွန်းလေး အရမ်းချစ်နေတဲ့ယောကျ်ား ဖြစ်နေလို့တဲ့'

'အို…မဟုတ်တာ'

မောင့်ကိုတွေ့လိုက်တော့ ထွန်း အလွန်အမင်း ဝမ်းသာသွားရတာ ထွန်းအပြုံးတွေက ဟန်ဆောင်တင်းမာနိုင်ခြင်းပင် မရှိတော့။

မေမေနှင့် ဒေါ်လေးမာလာတင်တို့က လက်ခံလိုက်၍သာ မောင်ရောက်လာခြင်း ဖြစ်သည်။

'ယောက္ခမလောင်းကြီးကို မောင် ဒူးထောက်ပြီး တော်တော်လေး တောင်းပန်ရတယ်ကွာ။ ဒူးတွေတောင် နာနေတယ်။ သူ့သမီးကို လက်ထပ်ပြီးရင်တော့ ကောင်းကောင်းဆေးလိမ်း နှိပ်နယ်နိုင်းရမယ်'



'မောင်က တကယ်နိုင်းမှာလား'

'အလကားစတာပါကွာ။ မောင်လေ ရှုံးတော့မယ်။ ထွန်း ရက်စက်တယ်။ မပြောမဆိုထွက်သွားတာ မောင့်မာမီကလည်း ထွန်းကို လက်ထပ်ဖို့ အထပ်ထပ်မှာသွားပါတယ်။ ခွင့်လွှတ်ပေးဖို့လည်း တောင်းပန်တယ်။ မာမီဆုံးတာ တစ်လပြည့်တာနဲ့ မောင် ထွန်းတို့ အိမ်လေးဆီ အရောက်ပြေးလာခဲ့တာပါ'

'မောင်ရယ်'

မောင်က ထွန်းအနား တိုးကပ်လာပြီး ထွန်းခန္ဓာကိုယ်လေးအား သိမ်းကျုံးပွေ့ဖက်ထားလိုက်သည်။

ထွန်းလည်း သူမလက်လေးတွေနှင့် တုံ့ပြန်ဖက်ထားမိ၏။

မောင့်ကို ထွန်း အရမ်းလွမ်းနေခဲ့တာပါ။

ထွန်းလည်း၊ ရှုံးမတတ်ပါပဲ။

တစ်ယောက်ကိုတစ်ယောက် အသိမဲ့စွာ အချိန်အကြာကြီး ပွေ့ဖက်ထားမိကြသည်။

အပြင်မှ ဝန်ထမ်းတွေကလည်း သူတို့ရဲ့ MD အခန်းထဲ ဝင်ပြီး ဝင်သွားတဲ့သူကို တားဆီးမလို့ဟာ မောင်တွေ့၊ အချစ်တွေနှင့်





www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သွား၍ အဝေးသို့ အပြုံးတွေကိုယ်စီဖြင့် ရှောင်ထွက်သွားကြလေသည်။

သင်မြတ်နိုး



www.burmeseclassic.com